www.burmeseclassic.com

မိတ်ဆွေစာပေ


## အငြင်းပွား အမှတ်ရဖွယ် လူသိနည်း

# မြန်မာ့ဖြစ်စဉ်ရပ်(၁၀၀)



BURMESE CLASSIC

မောင်ကြည်သန့်



GRAPHIC NAY WINN AUNG

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၁၁၁၅၁၀၉၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၄၁၁၁၀၉

အကြိမ် - ပထမအကြိမ်

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၄၀၀ ကျပ်

ကွန်ပျူတာစာစီ - A-7 Group (Asia Plaza)

ထုတ်ဝေသည့်ခုနှစ် - ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ

မျက်နှာဖုံးဒီဇိုင်း - နေဝင်းအောင်

အတွင်းဖလင် - A-7 Group (Asia Plaza)

ထုတ်ဝေသူ - ဦးချစ်ညွှန့်(၀၄၀၀၄)
ဇင်ရတနာစာပေ
၂၀၅၊က/၄လမ်း၊
မြို့သစ်(က+ခရပ်ကွက်)၊ အင်းစိန်။

ပုံနှိပ်သူ - ဦးကြည်စင်(၀၄၆၁၅)
လှဲလှဲမွန်ပုံနှိပ်တိုက်
၁၅၈၊၄၅လမ်း၊ ဗိုလ်တထောင်။
ရန်ကုန်။

၃၄၈

ကြည်သန့်၊ မောင်

အခြင်းပွားအမှတ်လွဲ လူသိနည်းမြန်မာ့ဖြစ်ရပ်(၁၀၀) / မောင်ကြည်သန့်။ - ရန်ကုန်။ ဇင်ရတနာစာပေ၊ ၂၀၀၉။

၈၀-စာ ၊ ၁၂.၅× ၁၇.၅စင်တီ။

(၁) အခြင်းပွားအမှတ်လွဲ လူသိနည်းမြန်မာ့ဖြစ်ရပ်(၁၀၀)

www.burmeseclassic.com

# မာတိကာ


- စကားဦး ၁
၁။ ညောင်ရွှေချိုင့်ဝှမ်းဟာ တစ်ချိန်က အင်းလေးလို ရောမအင်းအိုင်ကျယ်ကြီး ဖြစ်ခဲ့ဖူးသလား ၄
၂။ ကျောက်ချောခေတ် လူတွေဘယ်မှာနေခဲ့သလဲ ၆
၃။ ကျွတ်ဂူကြီးထဲ ဝင်ဖူးသလား ၈
၄။ ''ထမံသီ''ဟာ တကယ်ကြောက်စရာလား ၁၀
၅။ ခရေပဇ်ဖောက်ထိုး ဘာကြောင့်နာမည်ကြီးခဲ့သလဲ ၁၂
၆။ ''ချုံမတွင်းချောက်''ဆိုတာ ဘာလဲ ၁[illegible]
၇။ မြစ်ရေတက်ရင် တွင်းကြီးထဲရေကျ၊ မြစ်ရေကျရင် တွင်းကြီးထဲရေပြည့်တဲ့ တွင်းကြီးတစ်တွင်းကို သိသလား ၁၆


www.burmeseclassic.com

www.burmeseclassic.com


၈။ "ငေါင်း" သတ္တဝါ တကယ်ရှိလား ၁၈

၉။ ရေဆင်ဆိုတာ တကယ်ရှိလား ၂၂

၁၀။ လူမျောက် မောင်ရွှေမောင်အကြောင်း
ကြားဖူးသလား ၂၅

၁၁။ ပုဂံမှာ ဘုရား၊ ပုထိုး၊ စေတီပေါင်း လေးသန်းကျော်
တည်ထားခဲ့တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား ၂၇

၁၂။ ဗိုလ်ချိုမိဘုရားဆိုတာ ဘယ်ဘုရားကိုပြောတာလဲ ၂၉

၁၃။ ရှင်အရဟံထေရ် (ရှင်ဓမ္မဒဿီ)ရဲ့
ဓာတ်တော်ဌာပနာဂူ ဘယ်မှာရှိသလဲ ၃၀

၁၄။ အင်္ဂလိပ်အမည်နဲ့ ပုဂံဘုရားတစ်ဆူကိုသိသလား ၃၂

၁၅။ ပြူဇော့ထီးဟာ နေနတ်သားနဲ့နဂါးမရဲ့သားလား ၃၄

၁၆။ သချပါမြို့ပေါက်တံခါးကြီးရဲ့ မူလပုံစံ
ဘယ်လိုရှိသလဲ ၃၆

၁၇။ ငှက်ကြီး၊ ဝက်ကြီး၊ ကျားကြီး၊ ရှူးပျံဆိုတာ
ယုတ္တိရှိရဲ့လား ၃၈

၁၈။ သီပေါဘုရင်လုံးဝမပါတဲ့ ဓာတ်ပုံကိုသိကြရဲ့လား ၄၀

၁၉။ ပုဂံအာနန္ဒာထဲက မတ်ရပ်တော်ကြီး "အားလုံး"
ဟာ ပုဂံခေတ်လက်ရာတွေ ဟုတ်ရဲ့လား ၄၃

၂၀။ ယုန်လွတ်ကျွန်း ပြည်တော်သာကျွန်းတို့ဟာ
ရေပတ်လည်ဝိုင်းနေတဲ့ ကျွန်းတွေလား


www.burmeseclassic.com

www.burmeseclassic.com


အခုဘယ်မှာရှိသလဲ ၄၅

၂၁။ ကျန်စစ်မင်းကြီးရဲ့ ပြည်သူတွေအပေါ်စေတနာနဲ့ သဘောထားတွေကို ဘယ်ကျောက်စာမှာ ဖော်ပြထားသလဲ ၄၇

၂၂။ ဆရာတော်ဦးကျည်ပွေ့နှင့် သျှင်ဒီသာပါမောက် တစ်ပါးတည်းလား ၅၀

၂၃။ "လောကသာရပျို့"ကို အမှန်တကယ် ဘယ်သူရေးခဲ့သလဲ ၅၂

၂၄။ ဟင်းခွက်သုံးရာပွဲတော်တည်ခဲ့တယ်ဆိုတာ ဘယ်ကျောက်စာကပြောတာလဲ ၅၅

၂၅။ မြစေတီကျောက်စာကို ဘာကြောင့် ဂူပြောက်ကြီး (မြင်းကပါ) ကျောက်စာလို့ ဆိုနေကြတာလဲ ၅၇

၂၆။ "သိုးကလေး"ချီလက်ကာဟာ ပုဂံခေတ်လက်ရာ ဟုတ်ရဲ့လား ၅၈

၂၇။ ဓမ္မရံကြီးအတွင်း ပတ်လမ်းစကြံ ဘာကြောင့်ပိတ်ဆို့နေတာလဲ ၆၀

၂၈။ ပုဂံအာနန္ဒာထဲမှာ စကြံပတ်လမ်းသုံးမြှောင် ဘာကြောင့်တည်ဆောက်ထားတာလဲ ၆၂

၂၉။ ပုဂံမှာ တဝဂူဇာတ်လမ်း တကယ်ဖြစ်ခဲ့သလား ၆၃

၃၀။ "အနော်ရထာလက်ရေး"ဆိုတာ မှန်ရဲ့လား ၆၅

၃၁။ ပုဂံကျွဲရဲ့နားတောင်းပုံစံဆိုတာ မှန်ပါ့မလား ၆၈


www.burmeseclassic.com

www.burmeseclassic.com



၃၂။ ရဲဘော်သုံးကျိပ်ကို "ဗိုလ်အမည်" ပေးဖို့ ဘယ်သူ အကြံရခဲ့တာလဲ ၇၁

၃၃။ ဘုရင့်နောင်နဲ့ ထိုင်းဘုရင်တို့ ဘယ်လို ဆွေမျိုးတော်စပ်ခဲ့သလဲ ၇၃

၃၄။ ဒဂုံက ရှင်စောပုဘုရင်မကြီးနန်းတော်ဟောင်းနဲ့ အရိုးအိုးစေတီ ဘယ်မှာရှိသလဲ ၇၅

၃၅။ နောင်တော်ကြီးကို ရွှေတိဂုံစေတီထက်စောပြီး တည်ခဲ့သလား ၇၇

၃၆။ ရွှေတိဂုံရင်ပြင် ဗောဓိညောင်ပင်နေရာ အုတ်တံတိုင်း ပေါ်ကတက်ကြည့်ရင် ပင်လယ်ကြီးကို မြင်ရသလား ၇၉

၃၇။ ဆံတော်တွင်း အုတ်ပြသာဒ်ကဆင်းသွားရင် ရွှေတိဂုံ ဌာပနာတိုက်ထဲရောက်နိုင်သလား ၈၀

၃၈။ ဒုတိယကမ္ဘာစစ်ကြိုတင်ခေတ် ရန်ကုန်မြို့ကြီး ဗုံးကြဲခံရပုံ တွေ့ သိချင်သလား ၈၂

၃၉။ နှစ်ဆန်းတစ်ရက်နေ့တိုင်း မဟာဝိဇယစေတီတော် အတွင်း ဆင်းတုတော်ကို နေမင်း ဘာကြောင့် ဦးခိုက်တာလဲ ၈၄

၄၀။ ရွှေတိဂုံရင်ပြင် ဘယ်နေရာမှာ အင်္ဂလိပ်သင်္ချိုင်း ရှိခဲ့ဖူးလဲ ၈၇

၄၁။ ကျောင်းမှူးတော်ဘုရားကြီးကို အုတ်ချပ်ရေ ဘယ်လောက်နဲ့ တည်ထားတာလဲ ၈၉

www.burmeseclassic.com




၄၂။ ဖိုးစိန်ကြီးဘုရား ရန်ကုန်မြို့ဘယ်နေရာမှာရှိသလဲ ၉၁
၄၃။ မှန်ပေါက်မှာ ခြသေ့်ရုပ်တွေမှရှိတဲ့ ရန်ကုန်မြို့က ဘုရားတစ်ဆူ ဘယ်မှာတည်ထားသလဲ ၉၂
၄၄။ ရန်ကုန်မြို့က ကျိုက်အသုတ်ဘုရား ဘယ်မှာရှိသလဲ ၉၄
၄၅။ ''ထီ''ဆိုတာ မြန်မာစကားဟုတ်ရဲ့လား ၉၆
၄၆။ မန္တလေးတောင်ပေါ်က ဗျာဒိတ်ပေး ရွှေရုပ်တော်မူဘုရား၏ ထူးခြားချက်က ဘာလဲ ၉၈
၄၇။ မြွေကြီးနှစ်ကောင်ရုပ်တုကို ဘာကြောင့် ပြုလုပ်ထားတာလဲ ၁၀၀
၄၈။ အပြီးသတ်တည်ဆောက်နိုင်ခဲ့ရင် ကမ္ဘာပေါ်မှာ ဉာဏ်တော်အမြင့်ဆုံးနဲ့ အကြီးဆုံးဖြစ်လာမယ့် ပုထိုးတော်ကြီး ဘယ်မှာတည်ထားလဲ ၁၀၂
၄၉။ မင်းကွန်းခြသေ့်ကြီးတွေ ဘယ်လောက် ကြီးမားမြင့်မားသလဲ ၁၀၃
၅၀။ မင်းသားတွေသတ်ဖြတ်ရာမှာ လွတ်မြောက်သွားတဲ့ ''ရာမာဆွာမိ''ဆိုတာ ဘယ်သူလဲ ၁၀၄
၅၁။ နိုင်ငံခြားသားတွေ ဘုရားပေါ်ဖိနပ်စီးမတက်ရေး တိုက်ပွဲ ဘယ်မှာဖြစ်ခဲ့သလဲ ၁၀၈
၅၂။ ဆရာတော်ဦးဝိစာရရဲ့ နောက်ဆုံးဩဝါဒ အပြည့်အစုံကို သိရဲ့လား ၁၁၁
၅၃။ စံဖဲဟာ နယ်ချဲ့ဆန့်ကျင်ရေး တကယ့် သူရဲကောင်းကြီးလား ၁၁၅




www.burmeseclassic.com

www.burmeseclassic.com



၅၄။ စံဖဲရဲ့ ဘဝအမှန်ကိုသိကြရဲ့လား ၁၁၈
၅၅။ ရွှေတိဂုံစေတီက အင်္ဂလိပ်ခံတပ်အကြွင်းအကျန် တွေကို ဘယ်မှာတွေ့နိုင်သေးသလဲ ၁၂၂
၅၆။ မင်းသားမင်းသမီး ပဝါတစ်ကမ်းအစဉ်အလာ ဘယ်သူ့ကြောင့် ပျက်သွားခဲ့ရသလဲ ၁၂၄
၅၇။ မင်းကွန်းခေါင်းလောင်းကြီးကို ဘယ်လိုချိတ်ဆွဲခဲ့သလဲ ၁၂၆
၅၈။ မြစ်ထဲကျသွားတဲ့ စဉ့်ကူးမင်းခေါင်းလောင်းကြီးကို မြန်မာတွေ ဘယ်လိုပြန်ဆယ်ခဲ့သလဲ ၁၂၉
၅၉။ ဓမ္မစေတီခေါင်းလောင်းကြီး ဘယ်လိုအစပျောက်သွားသလဲ ၁၃၂
၆၀။ ဘယ်သူ့ဓားချက်နဲ့ ကနောင်မင်းသားကြီး ကျဆုံးခဲ့ရသလဲ ၁၃၄
၆၁။ သိပ္ပံမောင်ဝကို ဘယ်သူသတ်သလဲ ၁၃၆
၆၂။ အသက်(၆၀)ကျော်အထိ မိုးပေါ်တက်စွန့်စားပြခဲ့တဲ့ မြန်မာသူရဲကောင်းကြီးက ဘယ်သူလဲ ၁၃၉
၆၃။ စတန့်မင်းသားချစ်ရွှေကြီး ဘယ်ဒေသမှာ ကျဆုံးသွားခဲ့သလဲ ၁၄၁
၆၄။ ဗိုလ်အောင်ဒင်ကြီး တကယ်စိတ်နောက်သွားသလား ၁၄၄
၆၅။ နာမည်ရှေ့မှ ''သခင်''တပ်ခေါ်ဖို့ ဘယ်သူက စတင်လှုံ့ဆော်ခဲ့သလဲ ၁၄၇



www.burmeseclassic.com

www.burmeseclassic.com



၆၆။ အလောင်းမင်းတရားကြီးရဲ့ရုပ်သဏ္ဌာန်
ဘယ်လိုရှိသလဲ ၁၄၅
၆၇။ မဟာဗန္ဓုလရဲ့ရုပ်ရည် ဘယ်လိုရှိသလဲ ၁၄၆
၆၈။ စလေဦးပုညရဲ့ရုပ်ရည် ဘယ်လိုရှိသလဲ ၁၄၇
၆၉။ ဦးအိုနဲ့ ဦးသာအို တစ်ဦးတည်းလား ၁၄၈
၇၀။ ရွှေတိဂုံပေါ်ကို တက်ခဲ့တဲ့ကျားကြီး
ဘယ်ကရောက်လာတာလဲ ၁၅၀
၇၁။ "မြိုင်ယံဘွား" မြန်မာတာဇံကားမှာ ပါဝင်ခဲ့တဲ့
ကျောင်းအမ၊ အလှူ့အမရဲ့နာမည်ကဘယ်သူလဲ ၁၅၃
၇၂။ ရန္တပိုရွာကလေး ဘာကြောင့်ကမ္ဘာကျော်ခဲ့တာလဲ ၁၅၅
၇၃။ တောင်သမန်တံတားကြီး
ဘယ်လိုဆောက်ထားသလဲ ၁၅၇
၇၄။ "မြန်မာနိုင်ငံဗဟိုချက်"ဘယ်နေရာမှာရှိသလဲ ၁၅၉
၇၅။ ကောင်းကင်မှ တက်ကြည့်ရင် ကြယ်ကြီးငါးပွင့်ပုံမြင်ရတဲ့
ကျောက်တိုင်ကြီးကို ဘယ်မှာစိုက်ထူထားသလဲ ၁၆၁
၇၆။ နိုင်ငံတော်သီချင်း စာသားတွေကို ဘယ်သူတွေ
စိတ်ကူးရခဲ့သလဲ ၁၆၃
၇၇။ ဗြိတိသျှတို့ ပြည်မြို့ကဖြုတ်ယူသွားခဲ့တဲ့
ပြာသာဒ်တော်ကြီး ဘယ်နိုင်ငံရောက်နေသလဲ ၁၆၆
၇၈။ ရွှေမျက်မှန်ဘုရားကြီး
ဘာကြောင့်လှူဒါန်းထားတာလဲ ၁၆၉



www.burmeseclassic.com

www.burmeseclassic.com




၇၉။ အလောင်းတော် ကဿပဆိုတာ
ဘယ်အရှင်ကဿပလဲ ၁၇၁

၈၀။ အလောင်းဘုရားရဲ့ ရန်ကုန်မြို့
ဘယ်လောက်ကျယ်သလဲ ၁၇၃

၈၁။ အလောင်းဘုရားခေတ်က ရွှေတိဂုံဘုရားကို
ဘယ်လိုသွားခဲ့ရသလဲ ၁၇၅

၈၂။ ရှင်ဘုရင် ဆံပင်ရိတ်တဲ့အခါ ဆတ္တာသည်အပေါ်
ဘာကြောင့် ဓားမိုးထားရသလဲ ၁၇၇

၈၃။ ဗန်းမော်ဆရာတော်ကြီးရဲ့ ထူးခြားတဲ့
စားသောက်ဓလေ့ကို သိသလား ၁၇၉

၈၄။ ဘုရင့်ပွဲတော်စာကို ဓားတွေအောက်မှာ
ဘယ်လိုချက်ပြုပေးခဲ့ရသလဲ ၁၈၀

၈၅။ လက်ဝဲသုန္ဒရကိုမိုခဲ့တဲ့ မဲဇာဆိုတာ
ဘယ်မှာရှိသလဲ ၁၈၃

၈၆။ ဘုရင်မြှောက်စားလို့ မြန်မာအမျိုးသမီးတွေကို
စော်ကားခဲ့တဲ့ ဘာသာကွဲမြို့ဝန် ဘယ်သူလဲ ၁၈၄

၈၇။ မဟာသမိန်ဗရမ်းရဲ့လက်ဝါးကြီး
ဘယ်လောက်ပြင်းထန်သလဲ ၁၈၆

၈၈။ ကုန်းဘောင်မင်းတွေမှာ ,မိဖုရားတွေ
ဘယ်လောက်ရှိသလဲ ၁၈၈

၈၉။ မင်းတုန်းမင်းကြီး တစ်နေ့ ဘယ်နှကြိမ်
ရေချိုးသလဲ ၁၉၁




www.burmeseclassic.com

www.burmeseclassic.com



၉၀။ အိန္ဒိယကို သီပေါဘုရင်နဲ့
ဘယ်သူတွေလိုက်သွားသလဲ ၁၉၂
၉၁။ ကင်းဝန်မင်းကြီး မြန်မာပြည်ကို
တကယ်ရောင်းစားခဲ့သလား ၁၉၆
၉၂။ လူခွန်တော်မပေးနိုင်ရင် ငါးပိချက်ပန်းကန်ကိုပါ
သိမ်းယူခဲ့တဲ့ခေတ်ကို သိသလား ၁၉၉
၉၃။ "အနိုင်မခံ"ဘာသာပြန်ကို အမှန်တကယ်
ဘယ်သူရေးခဲ့သလဲ ၂၀၁
၉၄။ ဗိုလ်မှူးကြီးဗထူးရဲ့ နောက်ဆုံးစကား
သိပါရဲ့လား ၂၀၃
၉၅။ ပြည်ရောက်ရင် ဗေဒါရီလိုဏ်ဂူ ရှာတွေ့ရဲ့လား ၂၀၆
၉၆။ ဟစ်တလာရှေ့မှာ မြန်မာ့အစွမ်းကို ပြခဲ့တာ
ဘယ်သူလဲ ၂၀၉
၉၇။ ကျန်စစ်သားနန်းတော်ရာ ပုဂံဘယ်ဒေသမှာ
ရှိနိုင်မလဲ ၂၁၁
၉၈။ နတ်သျှင်နောင်ဟာ
တကယ်အမျိုးသားသစ္စာဖောက်တစ်ဦးလား ၂၁၄
၉၉။ ဓနုဖြူခံတပ်ထဲက အုတ်ဂူဟာ ဗန္ဒုလမြှုပ်နှံရာလား
အထိမ်းအမှတ်လား ၂၁၉
၁၀၀။ ယပ်တောင်ပေါ်က ညှော်သည့်ကဗျာမှာ
ပိုင်ရှင်ရှိသလား ၂၂၂



www.burmeseclassic.com

www.burmeseclassic.com

## စကားဦး

အစတိတ်အကြောင်းအချက်အများစုသည် ဘိုးဘွားများ၊ အဘိုးအဘွားများ၊ မိခင်ဖခင်များ မမွေးမီကပင် ဖြစ်ပျက်ခဲ့ကြသည်။ သူတို့လည်း တစ်ဆင့်စကား တစ်ဆင့်နားဖြင့် အဆင့်ဆင့်ကြားခဲ့ရသည်။ ကြားခဲ့ရသည့်အတိုင်းလည်း ပြောပြမိတတ်သည်။ ကာလရှည်လျားလာသည်နှင့်အမျှ အချက်အလက်များ ပိုများလာသည်။ မှုန်ဝါးလာသည်။ မတိမကျဖြစ်လာသည်။ ချဲ့ကားပြောဆိုကြသည်။ မိမိထင်မြင်ယူဆချက် ဖြည့်စွက်ပြောလာမိကြသည်

မိမိတို့၏ခေတ်သို့ရောက်သောအခါ အဘိုးအဘွားတို့ပြောခဲ့သောစကားများတဆင့်ကြားဖြင့် မိခင်ဖခင်တို့ပြောခဲ့သော စကားများသည် အိပ်ရာဝင်အပျင်းပြေစကားများပမာ ပြောင်းလဲ လာသည်။ ပွဲထဲတွင် လက်ဝဲသုန္ဒရအမတ်ကြီးကို မဲဇာပို့ရာ၌ လူကြမ်းလုပ်သော ကျောကုန်းကို ဖနောင့်ဖြင့် ဒေါက်သည်။ အမတ်ကြီးငိုသည်။ မြန်မာဘုရင်များခေတ်တွင် လက်ဝဲနန္ဒရအမတ်ကြီးကို ဤသို့ပင်နှိပ်စက်



www.burmeseclassic.com

www.burmeseclassic.com

## စကားဦး

အတိတ်အကြောင်းအချက်အများစုသည် ဘိုးဘွားများ၊ အဘိုးအဘွားများ၊ မိခင်ဖခင်များ မမွေးမီကပင် ဖြစ်ပျက်ခဲ့ကြသည်။ သူတို့လည်း တစ်ဆင့်စကား တစ်ဆင့်နားဖြင့် အဆင့်ဆင့်ကြားခဲ့ရသည်။ ကြားခဲ့ရသည့်အတိုင်းလည်း ပြောပြမိတတ်သည်။ ကာလရှည်လျားလာသည်နှင့်အမျှ အချက်အလက်များ ပိုများလာသည်။ မှုန်မွားလာသည်။ မတိမကျဖြစ်လာသည်။ ချဲ့ကားပြောဆိုကြသည်။ မိမိထင်မြင်ယူဆချက် ဖြည့်စွက်ပြောလာမိကြသည်

မိမိတို့၏ခေတ်သို့ရောက်သောအခါ အဘိုးအဘွားတို့ပြောခဲ့သောစကားများတဆင့်ကြားဖြင့် မိခင်ဖခင်တို့ပြောခဲ့သော စကားများသည် အိပ်ရာဝင်အပျင်းပြေစကားများမှ ပြောင်းလဲ လာသည်။ ပွဲထဲတွင် လက်ဝဲသုန္ဒရအမတ်ကြီးကို မဲဇာပို့ရာ၌ လူကြမ်းလုပ်သူတော်ကျောကုန်းကို ဖနောင့်ဖြင့် ဒေါက်သည်။ အမတ်ကြီးငိုသည်။ မြန်မာဘုရင်များခေတ်တွင် လက်ဝဲသုန္ဒရအမတ်ကြီးကို ဤသို့ပင်နှိပ်စက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လိမ့်မည်ဟု ယူဆလာမိသည်။ ငိုချင်းချနေသော အမတ်ကြီးကိုသနား
သည်။ ဘုရင်ကိုမုန်းသည်။

'မြဂနိုင်' ရုပ်ရှင်ကြည့်သောအခါ စတန့်မင်းသားချစ်ရွှေကြီး
၏ စွန့်စားခန်းများကို လက်ခုပ်ဩဘာပေး ခဲ့သည်။ ဒုတိယကမ္ဘာစစ်
အတွင်း မင်းသားချစ်ရွှေကြီးသည် ရန်သူများ၏ ခံတပ်ထဲသို့ ရုပ်ရှင်
ထဲကအတိုင်း ဝါးလုံးထောက် ခုန်ဖင်ထိုး၍ ဝင်စဉ် ကျဆုံးသွားသည်
ဟုကြားရသည်။ ထိုစဉ် နယ်ချဲ့လက်ပါးစေ များဆိုသည်မှာ ဘယ်သူ့
ကိုဆိုလိုမှန်းမသိ။ ချစ်ရွှေကြီးကိုသနားမိပြီး ရန်သူဆိုသူများကို
မုန်းလိုက်မိသည်။

စစ်ပြေးဘဝဖြင့် ရန်ကုန်မှ အဝေးရောက်နေစဉ် ဗိုလ်အောင်ဒင်
မင်းသားအဆိုတော်ခင်မောင်ရင် စိတ္တဇရောဂါဖြင့် ကွယ်လွန်သွားပြီဟူ
သော သတင်းဆိုး စကားရပ် ဘယ်ကမှန်းမသိရောက်လာသည်။ အသက်
တော်တော်ကြီးလာသည့်အထိ ခင်မောင်ရင် ရှူးပြီးသေသည်ဟုသာ
ယုံကြည်မိခဲ့သေးသည်။

စစ်ပြီးခေတ် ရန်ကုန်ပြန်အရောက် ရွှေတိဂုံစေတီကြီးကို
သွားရောက်ဖူးမြော်သည်။ ပါလာသည့်အဘွားက ဆံတော်တွင်းကို
လိုက်ပြသည်။ ဦးကြီးတစ်ယောက်က "ဒီကဆင်း သွားရင် ရွှေတိဂုံ
ဘုရားကြီးအောက် ဘက်အထိရောက်တယ်" ဟု ပြောသည်။ ယုံလိုက်
မိသည်။ နောက်ပိုင်း ရွှေတိဂုံသို့ရောက်တိုင်း ဆံတော်တွင်းကြီးထဲသို့
ချောင်းကြည့်မိခဲ့သည်။

ပုဂံရောက်စဉ် မြင်းလှည်းဆရာကြီးက "အဲဒါ ပုဂံကျွဲရဲ့နား
တောင်းကြီး" ဟုပြောခဲ့ကြားရသည်။ ကလေးဘဝမို့ ပုဂံကျွဲ၏နား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လိမ့်မည်ဟု ယူဆလာမိသည်။ ငိုချင်းချနေသော အမတ်ကြီးကိုသနားသည်။ ဘုရင်ကိုမုန်းသည်။

'မြဂနိုင်' ရုပ်ရှင်ကြည့်သောအခါ စတာနဲ့မင်းသားချစ်ရွှေကြီး၏ စွန့်စားခန်းများကို လက်ခုပ်သြဘာပေး ခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း မင်းသားချစ်ရွှေကြီးသည် ရန်သူများ၏ ခံတပ်ထဲသို့ ရုပ်ရှင်ထဲကအတိုင်း ဝါးလုံးထောက် ခိုင်ဗင်ထိုး၍ ဝင်စဉ် ကျဆုံးသွားသည်ဟုကြားရသည်။ ထိုစဉ် နယ်ချဲ့လက်ပါးစေ များဆိုသည်မှာ ဘယ်သူ့ကိုဆိုလိုမှန်းမသိ။ ချစ်ရွှေကြီးကိုသနားမိပြီး ရန်သူဆိုသူများကို မုန်းလိုက်မိသည်။

စစ်ပြေးဘဝဖြင့် ရန်ကုန်မှ အဝေးရောက်နေစဉ် ဗိုလ်အောင်ဒင် မင်းသားအဆိုကျော်ခင်မောင်ရင် စိတ္တဇရောဂါဖြင့် ကွယ်လွန်သွားပြီဟူသော သတင်းဆိုး စာရပ် ဘယ်ကမှန်းမသိရောက်လာသည်။ အသက်တော်တော်ကြီးလာသည့်အထိ ခင်မောင်ရင် ရှိပြီးသေသည်ဟုသာ ယုံကြည်မိခဲ့သေးသည်။

စစ်ပြီးခေတ် ရန်ကုန်ပြန်အရောက် ရွှေတိဂုံစေတီကြီးကို သွားရောက်ဖူးမြော်သည်။ ပါလာသည့်အဘွားက ဆံတော်တွင်းကို လိုက်ပြသည်။ ဦးကြီးတစ်ယောက်က ''ဒီကဆင်း သွားရင် ရွှေတိဂုံဘုရားကြီးအောက် ဘက်အထိရောက်တယ်'' ဟု ပြောသည်။ ယုံလိုက်မိသည်။ နောက်ပိုင်း ရွှေတိဂုံသို့ရောက်တိုင်း ဆံတော်တွင်းကြီးထဲသို့ ချောင်းကြည့်မိခဲ့သည်။

ပုဂံရောက်စဉ် မြင်းလှည်းဆရာကြီးက ''အဲဒါ ပုဂံကျွဲရဲ့နှားတောင်းကြီး'' ဟုပြောပြကြားရသည်။ ကလေးဘဝမို့ ပုဂံကျွဲရဲ့နှား





ပေါက်ကြီး တော်တော်ကျယ်မှာပဲ'' ဟု ကြံကြံဖန်ဖန် တွေးမိခဲ့သည်။

လူကြီးများ မဆင်မခြင်ပြောခဲ့မှုကြောင့် မန္တလေးတောင်ပေါ်မှ မြွေကြီး နှစ်ကောင်ကို တွန့်ဆုတ်တွန့်ဆုတ်ဖြင့် အဝေးမှကြည့်ခဲ့ရသည်။

ဦးဝိစာရ ကျောက်တိုင်ပေါ်မှ ကြေးရုပ်ကို ရှင်သီလဝလီဟု ထင်မှတ် မိခဲ့သည်။ ရွှေဘပါဝင်သော ဗိုလ်စံဖဲဇာတ်ကားကြည့်ရသောအခါ ''စံဖဲဆိုတာ အင်္ဂလိပ်ကားထဲက ကျည်ဆန်ခါးပတ်ချွေ စလွယ်သိုင်းထားတဲ့ မက္ကဆီ ကင်တောပုန်းကြီးအတိုင်းပါပဲလား'' ဟု အထင် ရောက်ခဲ့မိသည်။

တာဝန်ဖြင့် မြန်မာနိုင်ငံအနှံ့ ခရီးသွားရင်း သက်ဆိုင်ရာ ဒေသများမှ ရှေ့မီနောက်မီ သက်ကြီးအရွယ်အိုတို့၏ ပြောစကားများ ရှာဖွေဖတ်ရှုမိခဲ့သော အထောက်အထားခိုင်လုံတိကျသော စာအုပ်စာတမ်းများ ထူးခြားဆန်းပြားသော အံ့ဖွယ်နေရာများသို့ ရောက်ရှိစဉ် အတွေ့အကြုံ များ၊ ပုဂံခေတ် စေတီပုထိုးအဆောက်အအုံများ၊ ကျောက်စာအထောက် အထားများ၏ အကူအညီဖြင့် ပြုစုလိုက်သော ဤစာအုပ်သည် မထင်မရှားကာ သိသူနည်းလှသော နေရာဒေသအဖြစ်အပျက်များကို လမ်းညွှန်ရင်း မြန်မာ့ရေးရာများနှင့် ဝင်သက်၍ သတင်းလွဲများ၊ အချက်အလက်မှားများကို ချောင်အရောက်ထိုး လက်ဆင့်ကမ်းမိမည့် အန္တရာယ်မှကြိုတင်တား ဆီး ကွယ်ပေးနိုင်မည်ဟု မျှော်လင့်ယုံကြည်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# (၁)

## ညောင်ရွှေချိုင့်ဝှမ်းဟာ တစ်ချိန်က အင်းလေးလို ရေကာမအင်းအိုင်ကျယ်ကြီး ဖြစ်ခဲ့ဖူးသလား

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေနယ်ရှိ အင်းလေးသည် မြစ်ကြီးနားခရိုင်ရှိ အင်းတော်ကြီးမှလွဲ၍ မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး သဘာဝအင်းအိုင်ကြီးဖြစ်သည်။ ထုံးကျောက်များအရည်ပျော်ရာမှ ဖြစ်ပေါ်လာရသည်။ တောင်နှင့်မြောက်တန်းလျက်ရှိ သောတောင်တန်းကြီးနှစ်ခုအကြား ခွက်ဝင်နေသော ညောင်ရွှေ ချိုင့်ဝှမ်းကြီး၏အလယ်၊ အနက်ရှိုင်းဆုံးအပိုင်း၌ တည်ရှိသည်။ သို့ရာတွင် အင်းလေးသည်ပင်လယ်ရေပြင်မှ ပေ ၂၉၀၀ကျော် မြင့်သည်။ တောင်နှင့်မြောက် ကိုးမိုင်ခန့်ရှည်လျားသည်။ အကျယ်ဆုံး နေရာ၌ အရှေ့နှင့် အနောက်သုံးမိုင်ခွဲခန့်ရှိသည်။ နွေရာသီ မိုးရာသီ ရေပြင်



www.burmeseclassic.com

www.burmeseclassic.com



အကျယ်အဝန်း ပြောင်းလဲတတ်သည်။ ပျမ်းမျှအားဖြင့် လက်ရှိ ရေပြင်အကျယ်အဝန်းသည် ၂၅ဒသမ ၈ စတုရန်းမိုင်ရှိသည်။ ဆောင်းပတ်လည်ညွှန့်တောမြေများပါ ထည့်တွက်လျှင် ၇၅ ဒသမ ၄ စတုရန်းမိုင်ခန့်ရှိသည်။ မြန်မာနိုင်ငံတွင် ပထမအကြီးဆုံး အင်းတော်ကြီးရေပြင်အကျယ်အဝန်းထက်ပင် ပိုမို ကျယ်ဝန်း ၁ည်ဟုဆိုသည်။

ရှေးအခါက အင်းလေးသည် ယခုထက်ပိုမိုကျယ်ဝန်းသည်။ ညောင်ရွှေချိုင့်ဝှမ်းကြီးတစ်ခွင်တစ်ပြင်လုံးသည်ပင် အင်းအိုင်ကြီးဖြစ်ခဲ့ကြောင်း အထောက်အထားများ တွေ့ရသည်။ နုကျောက်ခေတ်လယ်ကာလတွင် ဆုတ်ယုတ်လျော့ပါးသွားခဲ့သည်။ ထိုစဉ် က အင်းအိုင်ကြီး၏ အကျယ်အဝန်းသည် စတုရန်းမိုင် ၁၈၀ခန့် ရှိနိုင်သည်။ ယနေ့ အိုင်သေး အိုင်ငယ်အဖြစ် ကျန်ရစ်ခဲ့သော အင်းလေးသည် မခမ်းခြောက်ဘဲကျန်ရှိခဲ့သော ညောင်ရွှေချိုင့်ဝှမ်း အင်းကြီး၏ အစိတ်အပိုင်းဟု ဆိုနိုင်သည်။ အင်းလေး၏ ထူးခြား ချက်မှာ သဘာဝမန်အားဖြင့်ကြည့်လျှင် သီးသန့်တည်နေဟန် ရှိလိမ့် မည်။ အမှန်အားဖြင့် အင်းလေးသည် သံလွင်မြစ်ကြောင်းနှင့် ဆက်သွယ်မှုရှိကြောင်း တွေ့ရသည်။ အင်းလေးကန်သည် ယခု ညောင်ရွှေမြို့နေရာအထိပင် အင်းရေပြင်ကျယ်ကြီးအဖြစ် တည်ရှိခဲ့ဖူးသည်ဟု ခန့်မှန်းထားသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၂)

## ကျောက်ချောခေတ် လူတွေဘယ်မှာနေခဲ့သလဲ

ပြဒါးလင်းဂူစု တူးဖော်လေ့လာမှုမှ ရှေးဂူနေလူတို့၏ ယဉ်ကျေးမှုကို တွေ့ရသည်။ ပြဒါးလင်းဂူစုသည် တောင်ကြီးခရိုင် ရွာငံမြို့နယ် အတွင်း ညောင်ကြတ်ရွာအရှေ့မြောက်ဘက် လေးမိုင်ကွာ၊ ရေပုတ်ရွာ အနောက်ဘက် တစ်မိုင်ခန့်အကွာတွင် တည်ရှိသည်။ ရှမ်းကုန်းမြေမြင့် အနောက်ခြမ်း တောင်စွယ်အခြေပိုင်းတွင် တည်ရှိနေခြင်းဖြစ်သည်။ ပြဒါးလင်းဂူအမှတ် (၁)နှင့် (၂) ဟူ၍ ခွဲခြားထားသည်။ ဂူများသည် ပေတစ်ထောင်ကျော်မြင့်သော ကုန်းမြင့်ပေါ်၌ တည်ရှိသည်။ တောင်ကမ်းပါးယံတွင် တောင်ဘက်သို့ မျက်နှာပြုထားသည်။ ဂူပေါက်များ သည် ပေ ၅၀ မှ ၇၉ ပေအထိ မြင့်သည်။ ထိုးကျောက်ဂူများသည် အနောက်ဘက် ဂူအမှတ် (၂)မှ ကျောက်စက်



www.burmeseclassic.com

www.burmeseclassic.com



ပန်းဆွဲများ၊ ကျောက်စက်မိုး မျှော်များ တွေ့ရသည်။ ဂူအမှတ်(၂)နှင့် ကိုက် (၂၀၀)ခန့်အကွာ တွင် အရှေ့ဘက်ဂူအမှတ် (၁)ရှိသည်။ အမှတ်(၁)သည် အမှတ်(၂) လောက် မကြီးကျယ်လှချေ။ သို့ရာတွင် ဂူအမှတ်(၁)၌ ကျောက် ခေတ်ပန်းချီကားများ တွေ့ရသည်။

ပြဒါးလင်းဂူအမှတ်(၁)အတွင်း အရှေ့သို့ စွန်းထွက်နေ သော ဂူနံရံပေါ်တွင် နံရံပန်းချီများ၊ စုစုပေါင်း(၁၂)ပုံခန့် တွေ့ ရသည်။ ကိုးပုံကိုသာလျှင် အမျိုးအမည် ခန့်မှန်းသိရှိရသည်။ နေပုံ၊ ငါးပုံ၊ နွားရိုင်းသားအမိပုံ၊ လူလက်ဝါးပုံနှင့် တိရစ္ဆာန်ပုံ များဖြစ်သည်။ မြေပြင်အထက် (၁၀)ပေမှ (၁၂)ပေခန့်အမြင့်တွင် ရေးဆွဲထားသည်။ နီညိုရောင်ဆေးဖြင့် ရေးဆွဲထားခြင်းဖြစ်သည်။ ပန်းချီရေးဆွဲပုံမှာ အသက်ဝင်သည်။ ပုံစံနှင့် ရေးခြယ်ဟန် ထူးခြား သည်။ သုတေသီတို့က ပြဒါးလင်းဂူ ကျောက်ခေတ်လက်ရာပုံ များသည် အနောက်တိုင်း ကျောက်ခေတ်လက်ရာများနှင့် တူညီမှုရှိကြောင်း မှတ်ချက်ချသည်။ ပြဒါးလင်းဂူမှ ကျောက်ခေတ် ယဉ်ကျေးမှုဆိုင်ရာ တွေ့ရှိမှုသည် မြန်မာ့ကျောက်ခေတ်ယဉ်ကျေးမှုကိုသာမက အရှေ့ တောင်အာရှ ကျောက်ခေတ်နှင့်လူ့သမိုင်း၊ ကမ္ဘာ့ကျောက်ခေတ်နှင့် သူ့ယဉ်ကျေးမှု သမိုင်းတို့အတွက်လည်း အထောက်အထားအင်အား ဖြည့်စွက်ပေး လျက်ရှိသည်။

✦ ✦ ✦

မိုးတက်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

## (၃)

## ကျောက်ဂူကြီးထဲ ဝင်ဖူးသလား

ကယားပြည်နယ်တွင် စိတ်ဝင်စားဖွယ်ကောင်းသော နေရာဒေသများစွာရှိသည်။ ထူးဆန်းအံ့သြဖွယ်ကောင်းသော သဘာဝလိုဏ်ဂူကြီးများ၊ လိုဏ်ခေါင်းကြီးများလည်း ရှိသည်။ ထူးဆန်းသောလိုဏ် ခေါင်းကြီးတစ်ခုသည် ကယားပြည်နယ် လွိုင်ကော်မြို့၏ အရှေ့ရှူးရှူး ၁၂မိုင်ခန့်အကွာ တောင်တန်းတွင် တည်ရှိသည်။ လိုဏ်ခေါင်းကြီး၏အလျားသည် အလွန်ရှည်သည်။ မည်သည့်ဘက်တွင် ထွက်ပေါက်ရှိသည့်ကို မည်သူကမှ တပ်အပ်မပြောနိုင်ချေ။လိုဏ်ခေါင်းကြီးအတွင်း မည်းမှောင်လျက်ရှိ သည်။ ကညင်တုတ် များကို မီးရှို့ပြီး မီးတိုင်အဖြစ် အသုံးပြု၍ ဖြစ်စေ၊ အောက်လင်း ဓာတ်မီးကို အသုံးပြု၍ဖြစ်စေ၊ ဓာတ်ခဲရှစ်တောင့်ထိုး လက်နှိပ်ဓာတ်မီး ကိုအသုံးပြု



www.burmeseclassic.com

www.burmeseclassic.com



ရှိဖြစ်စေ စွန့်စားဝင်ရောက်ကြည့်ရှုမှ အတွင်းပိုင်း အခြေအနေကို တွေ့မြင်ရသည်။ သို့ရာတွင် အတွင်းပိုင်းအထိ ဝင်ရောက်နိုင်သူ နည်းပါးနေဆဲဖြစ်သည်။ အတွင်းရောက်ရန် အလွန်ခက်ခဲသည်။ တစ်ဖာလုံခန့်အထိ လောက်သာ ဝင်ရောက်လေ့လာနိုင်သေးသည်။ အတွင်းရောက်ဖူး သူများ၏ အဆိုအရ ကျောက်ကမူများပေါ်တွင် သစ်ကတိုးဖြင့် ပြုလုပ်ထားသော အသုဘခေါင်းပုံသဏ္ဌာန်အရာဝတ္ထု များ တွေ့ရသည်။ ခေါင်းတလား အရှည်ဆုံးမှာ ၁၅ ပေခန့်ရှိသည်။ အတိုဆုံး မှာ ၂ ပေခန့်ရှည်သည်။ ယင်းလိုဏ်ဂူကို ကယားအမျိုးသား များက **ကျွတ်ဂူ**ဟုခေါ်ကြသည်။ ရှေးအခါက လိုဏ်ဂူကြီးအတွင်း ကျွတ်များနေထိုင်ခဲ့ကြသည်။ အသုဘခေါင်းများ ခိုးဝှက်သိုလှောင် ထားသည်ဟု ယုံကြည်ကြသည်။ လွန်ခဲ့သောနှစ်ပေါင်း (၅၀)ခန့် က ကျွတ်ဂူအတွင်း ရောက်ဖူးသူများရှိခဲ့သည်။ ခေါင်းတလား များ အတွင်း အရိုးစုများ တွေ့ခဲ့ရသည်ဟု ပြောကြသည်။ နောက်ပိုင်း ကာလတွင် အရိုးစုများ မတွေ့ရတော့ချေ။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

## (၇)

## "ထမံသီ"ဟာ တကယ်ကြောက်စရာလား

ဟုမ္မလင်းနှင့် ခန္တီးကြားတွင်ရှိသည်။ ရွာကြီးတစ်ရွာဖြစ်သည်။ ဟုမ္မလင်းမှ ၅၇ မိုင်၊ ခန္တီးမှ မိုင် ၇၀ ကွာဝေးသည်။ ယနေ့ခေတ်တွင် မုံရွာ၊ ခန္တီး (၄၅ မိုင် ခရီး)သွား ရေယဉ်များ ထမင်းဝင်စားသောရွာဖြစ်သည်။ အကူရီနာဂတိုင်းရင်းသား အများဆုံးနေထိုင်သည်။ မြစ်ရေပြင်အမြင့်မှ ထမံသီရွာကို ထပ်မံမြှင့်တင်ထားရသည်။ သဘာဝမြေကြီးလှေကားများဖြင့် တက်ရ သည်။ ထမံသီမှ မဝေးလှသောနေရာတွင် စာရာမေတီတောင်တန်းကြီး ရှိသည်။ အိန္ဒိယဘက်သို့ ခြေလျင်ခရီးရှိသည်။ ချင်းတွင်းအထက် ပိုင်းရှိ ရွာကြီးတစ်ရွာအဆင့်တွင်ရှိပြီး အိမ်ခြေ ၄၀၀ ကျော်သည်။ လူဦးရေ ၂၀၀၀ ကျော်သည်။ တောင်ဝန်းရွက်ဖြင့် အိမ်ခေါင်းမိုးတတ်သည်။ ယခုအခါ



www.burmeseclassic.com

www.burmeseclassic.com



ထမံသီထမင်းဟင်း လူကြိုက်များ နာမည်ကြီးလျက်ရှိသည်။ လူသား စင်စစ်မှ ကျားဘဝသို့ ကူးပြောင်းနိုင်သည်ဟူသော ရှေးခေတ်အယူ အဆတစ်ရပ်ကြောင့် ထမံသီသည် ကြောက်စရာဒေသအဖြစ်ထင် ရှားခဲ့ခြင်းသာ ဖြစ်သည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

# (၁)
# ခရေပင်ဗောက်ထိုး ဘာကြောင့်နာမည်ကြီးခဲ့သလဲ

ခရေပင်ဖောက်ထိုးဟု လူသိများခဲ့သော ထူးဆန်းသော ခရေပင်ကြီးတစ်ပင်သည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ ဖျာပုံမြို့တွင် အမှန်တကယ်ရှိခဲ့ဖူးသည်။ နှစ်ပေါင်း ၁၅၀ခန့် ရှင်သန်ခဲ့သည်။ ယခုအခါ ဓာတ်ပုံသာကျန်ရှိတော့သည်။ ဖျာပုံမြို့ ၏မြောက်ပိုင်း ရေးမြန်မာမင်းလက်ထက် ပုံနင်းကြီး ဦးရွှေခပေါ် လှူဒါန်းခဲ့သော မဟာပုညရာမကျောင်းတိုက် ပိတောက်ချောင် တွင် ပေါက်နေခဲ့သည်။ ဘုန်းတော်ကြီးတစ်ပါးက ခရေပင်တစ်ရာ စိုက်ပျိုးခဲ့ပြီး ခရေပင် ဖောက်ထိုးဖြစ်လာမည့် အပင်ကိုသာ ချန်ထားခဲ့သည်။ ကျန်၉၉ပင်ကို ဖယ်ရှားခဲ့သည်။ ကျန်ရှိသော ခရေပင်သည် သာမန်သစ်ပင်များကဲ့သို့ အထက် သို့ထောင်လျက် မတက်ခဲ့ပေ။ အကိုင်းအခက် အလက်



www.burmeseclassic.com

www.burmeseclassic.com



အရွက်များသည် မြေပြင်ရှိရာဘက်သို့သာ ညွတ်ကိုင်းစိုက်ဆင်း ပေါက်ရောက်သည်။ အဆိုပါခရေပင်ဖောက်ထိုး ၏ ခရေအပွင့်များ သည် ကြီးမားသည်။ ခရေသီးများလည်း အလွန်ကြီးမားသည်။ အရွက်ဖားလျားများ အုပ်ဆိုင်းပေါက် ရောက်နေပုံကို ဓာတ်ပုံရိုက်လျှင် ခရေပင်ကြီး တစ်ပင်နှင့်မတူ၊ တောင်ပို့ကြီးတစ်ခုဟုပင် ထင်ရသည်။ ခရေပင် အမြင့်မှာ ၁၀ တောင် ခန့်ရှိသည်။ အရွက်များသည် မြေပြင်နှင့် ထိလုမတတ် ကျနေသည်။ အကိုင်းများ အခက်များကို အောက်မှ ဒေါက်ထောက်ပေးခဲ့ရသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

## (၆)

## ' ' ချုံ့မထွင်းချောက် ' ' ဆိုတာ ဘာလဲ

ပုဂံခေတ်ကပင် ထင်ရှားခဲ့သော ပုပ္ပါးတောင်ကြီးသည် တစ်ချိန်က မီးတောင်ကြီးဖြစ်ခဲ့ဖူးသည်။ နတ်တောင်၊ မီးသေ တောင်ဟု လူသိများသည်။ မြန်မာနိုင်ငံအလယ်ပိုင်း၊ မြင်းခြံခရိုင် အရှေ့တောင်စွန်းတွင် ထီးထီးကြီးတည်ရှိနေသည်။ ပဲခူးရိုးမ တောင်တန်း၏ မြောက်ဘက်အစွန်းမှ သီးခြားထိုးထွက်လျက်ရှိ သည်။ ပုပ္ပါးတောင်ကြီးသည် ပင်လယ်ရေပြင်အထက် ၄၉၈၁ ပေ မြင့်သည်။ တစ်တောင်တည်း မီးတောင်၏ထိပ်ခွက်ခွက်ပုံ စံဖြင့် ထိုးထွက်နေသည်။ ပုပ္ပါးတောင်၏ မီးတောင်ကတော့ဝသည် မြောက်ပိုင်းတွင် အနောက်ဘက်သို့ အနည်းငယ်ယွန်းလျက် နိမ့်သည်။ တောင်ဘက် အနောက်ဘက်နှင့် အရှေ့ဘက်တို့ တွင် မြင့်မားသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးသေတောင်ထိပ်မှမြစ်များ အရပ်လေးမျက်နှာသို့ ဖြာဆင်းသွားသည်။ မြစ်များအကြား တောင်စွယ်များဖြစ်ပေါ်နေသည်။ စပါးပုံတောင်ထိပ်၊ ရေတွင်းတောင်ထိပ်၊ မောင်းတောင် ငုတ်တို တောင်ထိပ်၊ လပို့တောင်ထိပ်၊ မှန်တောင်၊ ဆေးပွင့်တောင်၊ စိန်တောင်၊ မာလာတောင်၊ ကင်ပွန်းတောင်စသည့်ဖြင့် တောင်ထိပ် ပေါင်းများစွာ ဖြစ်ပေါ်နေကြသည်။ မီးတောင်ထိပ်ဝကြီးအလယ်တွင် တစ်မိုင်ခွဲခန့် ကျယ်သည်။ ပေ ၂၀၀၀ ကျော် ၃၀၀၀ခန့် နက်ရှိုင်းသည်။ ပါးမှာက်ကြီးကဲ့သို့ ဖြစ်နေသည်။ ဧရာမချောက်ကြီးဖြစ်နေ သည်။

**ချုံမတွင်းချောက်**ဟုခေါ်သည်။ မီးရှင်တောင်ကြီး အဝပေါက်ကွဲ သွားချိန်တွင် ယင်းချောက်ကြီးထဲမှ မီးခိုးမီးလျှံ၊ ပြာပူ၊ ချော်မြုပ်တို့ ပုပ္ပါးတောင်ကြီး၏ ခပ်လှမ်း လှမ်းအထိပင် အရှိန်ပြင်းပြင်း စီးထွက်ကျ ရောက်ခဲ့သည်။ ချုံမတွင်း ချောက်ခေါ် မီးတောင်ခံတွင်းဝကြီးအတွင်းသို့ ငုံ့ ကြည့်လျှင် အသည်းယားဖွယ်ကောင်းလိမ့်မည်။ ချောက်ကြီးထဲတွင် ရေထွက်ရှိသည်။ တောဝက်များပင် ခိုအောင်းနေထိုင်လျက်ရှိသည်ဟုဆိုသည်။

✦ ✦ ✦

www.burmeseclassic.com

(၄)

## မြစ်ရေတက်ရင် တွင်းကြီးထဲရေကျ၊ မြစ်ရေကျရင် တွင်းကြီးထဲရေပြည့်တဲ့ တွင်းကြီးတစ်တွင်းကို သိသလား

တွင်းတောင်သည် ဘုတလင်မြို့နယ်တွင် တည်ရှိသည် တွင်းတောင်ပတ်လည် အကျယ်အဝန်းမှာ လေးမိုင်ခန့်ရှိသည်။ ရေပတ်လည်အကျယ်အဝန်းမှာ သုံးမိုင်ခန့်ရှိသည်။ တွင်းတောင်ထဲမှ ရေသည် ချင်းတွင်းမြစ်နှင့် ဆက်စပ်လျက်ရှိသည်။ ချင်းတွင်းမြစ်ရေကျလျှင် တွင်းတောင်ကန်ရေတက်သည်။ ချင်းတွင်းမြစ်ရေတက်လျှင် တွင်းတောင်ကန်ရေ ကျသွားတတ်သည်။ ကန်ရေသည် အခြားကန်ရေများနှင့်မတူပေ။ ညိုညစ်သည်။ နီစပ်သည်။ ငရုတ်ချဉ်ရောင်ကဲ့သို့ ဖြစ်နေသည်။ ကြည်လင်ခြင်း မရှိ။ ချွဲပျစ်ပျစ်ဖြစ်သည်။ ရေလည်း

www.burmeseclassic.com

www.burmeseclassic.com



ငန်သည်။ ကန်အတွင်း ရေဆင်းချိုးလျှင် ဆပ်ပြာတိုက်ရန်မလိုဘဲ ဆပ်ပြာတိုက်ပြီးသကဲ့သို့ ဖြစ်နေသည်။ လက်နှီးစုတ်တစ်ခုကို ချကြည့်လျှင် ဆပ်ပြာတိုက်ပြီး လျှော်ပြီးသကဲ့သို့ ဖွေးဖြူနေတတ်သည်ဟု ပြောကြသည်။ တွင်း တောင်ကန်အတွင်း ပိုးလောက်လန်းနှင့်တူသည့် တွင်းပိုးနှင့် ဖြုတ်ကဲ့သို့သော ပိုးကောင်ငယ်ကလေးနှစ်မျိုးသာ တွေ့ရသည်။ ငါး၊ လိပ်၊ ဖား၊ ပုစွန်စသည်တို့ မနေနိုင်ဟု သိရသည်။ တွင်း တောင်တစ်လျှောက် ရေချိုတွင်းများတူးပြီး ကျင်.ဆိုက်သည်။ တွင်းကွမ်း နာမည်ကြီးသည်။ တွင်းကွမ်းနှင့် တွင်းပိုးသည် တွင်းတောင်၏ နာမည်ကြီး ထွက်ကုန်ဖြစ်သည်။ တွင်းပိုးသည် ဥပုသ်နေ့တွင်သာပေါ်သည်။ တစ်နှစ်လျှင် တစ်လသာ ရနိုင်သည်။ မိုးအုံ့နေလျှင် တွင်းပိုးများ ကမ်းစပ်တွင် အလိုအလျောက် ပေါ် လာတတ်သည်။ တွင်းပိုးကို လက်ပိုက်၊ သို့မဟု[illegible] ဆယ်ယူပြီး ရေဆေးဖြော့ရသည်။ အချဉ်က[illegible] အစိုအဖြစ် စားသုံးနိုင်သည်။ နေလှန်းအခြော[illegible] ချက်အဖြစ်ကြော် စားနိုင်သည်။ တွင်းတော[illegible]ဓာတ် ၁၆ မျိုးမျှ ပါဝင်နေသည်ဟု ဟော်လန်နှင့် ဂျ[illegible]န်သုတေသီများကဆိုသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

## (၈)

## "ငေါင်း"သတ္တဝါ တကယ်ရှိလား

ငေါင်းဟူသော သတ္တဝါသည် ယုံတမ်းစကား(ဝါ) နာနာဘာဝတို့၏ ရုပ်ဆောင်ချက်ဖြစ်သည်။ ငုံးလိုကြက်လို သတ္တဝါဖြစ်သည်။ ခြေတစ်ချောင်းပါ လူလိုသတ္တဝါဖြစ်သည်ဟု အမျိုးမျိုးပြောကြသည်။ တောထဲတွင် ငေါင်းကိုတွေ့လျှင် ဖမ်းလိုလျှင် ပိုက်နှင့်မထောင်ရ၊ ကျော့ကွင်းဖြင့် မဖမ်းရ၊ ငှက်ပျောဖက်ခင်းပြီး ထောင်ထားလျှင် ချော်လဲသွားလိမ့်မည်ဟူ၍ ငေါင်းဖမ်းနည်းလည်း ကြားရသည်။ ရှေးမြန်မာတိုင်းရင်းဆေးပညာရှင်များ၏ ထိပ်ကပ်နာ ပျောက်ဆေးတွင် ခေါင်းရိုး၊ ငေါင်းရိုးတို့ပါရှိကြောင်း သိရသည်။ တိမ်သလာပျောက်မျက်စဉ်းတွင်လည်း ငေါင်းရိုး ပါရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟုမ္မလင်းနယ်စပ် နန့်တောရွာ၊ ဆင်လမောင်းရွာ၊ ကိုးထောင်ရွာများအနီး တောကြီးအတွင်း ငေါင်းခြေရာတွေ့ဖူး၍ မုဆိုးများ လိုက်ရှာကြသည်။ ငေါင်းသည် ခြေတစ်ချောင်း ထောက်လျက်သွားတတ်သည်။ ဦးခေါင်းနောက်စေ့ နေရာရှိ အောက်ချင်းငှက်ရှူတ်သီးကဲ့သို့ အချွန် အတက်ကြီးဖြင့်ကသစ်၊ အိုင်ပင်များ၏ လူတစ်ရပ်ကျော်ကျော်အမြင့်၌ ပေါက်ပြီး ကြာကြာရပ်သည်။ ညဘက် အိပ်သည်ဟုဆိုသည်။ ဂနန်း ဘာသာစကားဖြင့် စောက်ကွန်း (ခြေတစ်ချောင်းပါသော အကောင်)ဟုခေါ်သည်။ ဗန်းမောက်နယ် စောင်ချပ်ကြားကြီးထဲမှ ငေါင်းသေ အရိုးများ တွေ့ဖူးကြောင်း အရိုးအလျား အလိုက် ၁၀တောင်ခန့်ရှည် ကြောင်း ပြောကြ သည်။ မြန်မာပြည် မြောက်ပိုင်းအင်းတော်မြို့နယ်အတွင်း စုံစမ်းရာ ဆရာတော်တစ်ပါးက ငေါင်းသတ္တဝါကို မမြင်ဖူးကြောင်း၊ သို့ရာတွင် လူကဲ့သို့ သဏ္ဌာန် ခြေတစ်ချောင်းပါရှိကြောင်း၊ ဒူးဆစ်ကွေး၍ မရကြောင်း၊ သစ်ပင်မှီလျက် မတ်တတ်အိပ်တတ်ကြောင်း၊ ပြေးရာ၌ အလွန်လျင်မြန် သည်ဟု ကြားဖူးကြောင်း မိန့်ကြားသည်။ မြစ်ကြီးနား ခရိုင်၊ ကောက်ကွေ့ချောင်းဖျားသို့ ဆင်ခေါင်းဦးချင်းရစ်ဆင် သွားရှာရာ နောက်စေ့တွင် အချွန်အတက်ကြီးပါပြီး ခြေတစ်ချောင်းဖြင့် ခုန်ပေါက် ထွက်ပြေးသော ငေါင်းသတ္တဝါကို မြင်လိုက်ဖူး ကြောင်း ကြားရသည်။

၁၉၅၅ခုနှစ်ခန့်တွင် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ်၊ ဆယ်လော်ရွာနှင့် ၁၃ မိုင်အကွာ ကဝါးပွန်းရွာမှ ရေ့တည့်ဗည့် တောကြီးအတွင်းရွာမှ နှစ်မိုင်ခွဲခန့်အကွာတွင် ဝဂျစ်ခန်ဆိုသူသည် အိမ်ဆောက်ရန် သစ်ပျဉ်များရှာဖွေသည်။ သစ်သားခုပ် ရိုက်ပြီး

www.burmeseclassic.com



အိမ်ပြန်ခဲ့သည်။ နောက်တစ်နေ့ တောထဲပြန်သွားသည်။ သပ်ကိုခွဲနှုတ်ရာတွင် လက်တစ်ဖက်က သပ်ရိုက်ထားသော ကွဲကြောင်းအတွင်းနှိုက်ထားမိ၍ လက်ညပ်အော်ဟစ်နေသော ငေါင်းတစ်ကောင်ကို တွေ့ရသည်။ ဆယ်လော်ရွာရဲစခန်းမှ ရဲအုပ် စိန်ခါးကန်နှင့် ရဲသားတစ်ဦး၊ ကျောင်းဆရာ လှဖဲအလီဘူတို့ လိုက်သွားပြီး ကြိုးချည်ဖမ်းဆီးခဲ့သည်။

ဆယ်လော်ရွာစခန်းတွင် တစ်ညထားပြီး မြစ်ကြီးနား သစ်တောရုံးသို့ပို့ရန် စီစဉ်သည်။ နံနက်တွင် သေဆုံးသွားသည်။ ထိုငေါင်း၏ ကိုယ်အင်္ဂါသည် ပြားချပ်သည်။ လက်မောင်းထွား ကျိုင်းသည်။ အရပ်ငါးပေတစ်လက်မရှိသည်။ ဒူးဆစ်မရှိ။ ခြေဖဝါးအနောက်လည်နေပြီး ဖနောင့်သည် အရှေ့ဘက်သို့ ရောက်နေသည်။ ခါးတစ်ဆစ်နှင့် ခြေမျက်စိ တစ်ဆစ်သာရှိသည်။ နဖူးသည် ခြောက်လက်မကျော်ကျယ်သည်။ ပြောင်နေသည်။ မေးကောက်သည်။ ခေါင်းနောက်စေ့တွင် ပေါက်ချွန်းကဲ့သို့ အမောက်ပမာ အရိုးကြီးပါရှိသည်။ သစ်ပင်ပေါ်သော တောနက်ကြီးထဲတွင် နေထိုင်တတ်သည်။ တစ်ပင်မှတစ်ပင်သို့ ဘယ်ညာလွဲပြောင်းပြီး ကိုင်တွယ်သွားလာတတ်သည်။ ဤသို့လေ့လာတွေ့ရှိခဲ့ကြောင်း နန့်မွန်ရွာမှ အမတ်ဟောင်းကြီးတစ်ဦး က ထောက်ခံရေးသားခဲ့သည်။ ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ နမ္မတီးအနောက်ဘက်၊ နန္ဒယ်ရွာကလေးမှ ဒေါ်စိန်ပုက လယ်သမားများဆည်ပိတ်ထားသည်ကို လာဖောက်သည့် ငေါင်းတစ်ကောင်အကြောင်း ပြောပြဖူးသည်။ လယ်သမားများချထားသော ငှက်ပျောဖက်ပေါ်ချော်လဲ၍ ဖမ်းမိသည်။ ငေါင်းသည် ငှက်မဟုတ်ပေ။ အတောင်မပါချေ။ အရပ်ငါးပေ ကျော်သည်။ ခါးကျောအဆစ် လုံးဝမရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးငေါင်းနှင့် ပတ်သက်၍ အထူးခိုင်လုံလှသော အထောက်အထားတစ်ခုမှာ ကုန်းဘောင်မင်းများ လက်ထက် ရွှေတိုက်တွင်ထားရှိသည့် ရွှေနန်းစဉ် လက်သုံးပုံတော် ပုရပိုက်မြူဖြစ်သည်။ ခဆိုပါဆေးရေးပုရပိုက်တွင် လူမျောက်ငရွှေမောင်၊ ကိန္နရာအသေခြောက်၊ နဂါးဂဠုန်အသေခြောက်၊ ရေသူမ၊ နဂါး ါးကောင်၊ ကျွန်းဖိကျွန်းမပင်နှင့် လူငေါင်းများပုံ ပါရှိသည်။ ဘိုးတော်ဘုရားလက်ထက်၌တွင် ငေါင်းတစ်ကောင်ကို တောင်ငူမြို့ မြတ်စောညီနောင်ဘုရားမှ ရသည်။ တောင်ငူ မြို့ဝန်က ဆက်သသည်။ လက်နှစ်ဖက်ပါသည်။ ခြေတစ်ချောင်းသာရှိသည်။ လက်နှစ်ဖက်ကို အတောင်သဖွယ် ဘေးတစ်ဖက်တစ်ချက်၌ ဖြန့်ကား၍ထားသည်။ အမျိုးသမီးမျက်နှာနှင့်တူသည်။ ဆံပင်တိုသည်။ အသံမှာ ငှက်သံဖြစ်သည်။ အစာ မစားဟုဆိုသည်။ အချုပ်အားဖြင့် ငေါင်းသတ္တဝါသည် နာနာဘာဝ အဆောင်ဆောင်ပြခြင်း မဟုတ်ပေ။ ငှက်လည်းမဟုတ်ပေ။ လက်နှင့်လူခေါင်းသဏ္ဍာန်ပါသော ထူးဆန်းသည့် သတ္တဝါဆန်းပင် ဖြစ်သည်။ အမျိုးတုံး ရှားပါးသော သတ္တဝါဆန်းပင် ဖြစ်သည်။ အမျိုးတုံး ရှားပါးသောသတ္တဝါတစ်မျိုးပင်ဖြစ်သည်ဟု ဆိုနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

(၉)

## ရေဆင်ဆိုတာ တကယ်ရှိလား

ရေဆင်ရှိမရှိ၊ အငြင်းပွားနေဆဲပင်။ သို့ရာတွင် ဆင်သမားတိုင်းက ရေဆင့်အမှန်တကယ်ရှိသည်ဟု ယုံကြည်ထားသည်။ ရေဆင်သည် ငါးကဲ့သို့ ရေထဲတွင် နေထိုင်နိုင်သည်။ ကုန်းပေါ်တွင်လည်း နာရီအနည်းငယ် အသက်ရှူနိုင်သည်ဟု ဆိုကြသည်။ ယနေ့အထိ ရေဆင်အသေကောင်ခြောက်ကလေးများကို မြင်နေရသေးသည်။ ၁၉၇၀ပြည့်နှစ် ဩဂုတ်လ ၁၃ ရက် လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာအဆိုအရ သံတွဲမြို့နေ တိရစ္ဆာန်ဆေး ကုအင်စပက်တော် ဦးဘမြိုင်ကိုယ်တိုင် ရေဆင်အမတစ်ကောင်၊ အထီးတစ်ကောင်(အသေ)ကို တင်ါသည်များမှတစ်ဆင့် ရရှိခဲ့သည်။

မိုက်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရေဆင်အမကို ၁၉၃၀ပြည့်နှစ်တွင် ရရှိသည်။ စစ်တွေ ခရိုင်၊ ပေါက်တောမြို့နယ်၊ သရွန်ဂါကျွန်းစုအပါအဝင် ဆံတော် ရှင်ကျွန်း တောင်ဘက်ကမ်းမှ ရရှိသည်။ ရေဆင်အထီးကို ၁၉၃၅ ခုနှစ်တွင် ရရှိသည်။ သံတွဲခရိုင်၊ တောင်ကုတ်မြို့နယ်၊ မဒင်ကျွန်း ငဆောက် ကျေးရွာအနောက်ဘက်မှ ရရှိသည်။ ရဲဘော်သုံးကျိပ် ဗိုလ်တာရာ ကိုယ်တိုင်လည်း ပျဉ်းမနား တောင်တွင်းကြီးနယ် ပဲခူးရိုးမအနောက်ဖက် တစ်နေရာ သစ်တောအတွင်း ကျောက် တောင်ရေအိုင်တစ်ခုမှ ရေဆင်အရှင်တစ်ကောင် ဖမ်းမိခဲ့သည် ဟု ရေးခဲ့သည်။ ရေဆင်ကို ဆင်ကြီးများက အမှန်တကယ်ပင် ကြောက်ရကြောင်း အတည်ပြုခဲ့ သည်။ ၁၉၇၄ခုနှစ်ထုတ် ဦးတုတ် ကလေး၏ Burmese Timber Elephant စာအုပ်ရေးသားချက်အရ ရေဆင်သည် ဆင်ကြီးတစ် ကောင်ပုံဏ္ဍာန်နှင့်တူသည်။ နှာမောင်းနှင့် အစွယ်များပါရှိသည်။ ခြေထောက်သည် ခဲတံလုံးလောက်ရှိ သည်။ ခြေသည်းကလေးများပါ ရှိသည်။ အရွယ်အစား လေးလက်မရှည်သည်။ နှစ်လက်မမှ နှစ်လက်မ ခွဲခန့်အထိ ရှည်နိုင်သည်။

တိရစ္ဆာန်ဆေးကုအင်စပက်တော် ဦးဘမြိုင်ရရှိခဲ့သည့် ရေဆင်အမ၏အရောင်သည် မွဲပြာသည်။ ချောမွတ်သည်။ ခြေ နှင့်လက်ပါရှိသည်။ ခြေချောင်းငယ် လေးချောင်းစီပါရှိသည်။ အထက် အောက် အံသွားနှစ်ချောင်းစီတွေ့ရသည်။ ဆင်မတစ်ကောင် ၏အစိတ် အပိုင်းပါရှိသည်။ အသားစားသည့်လက္ခဏာမရှိပေ။ ရေမှော်များသာ စားထားသည်။ ဒုတိယဖမ်းမိသည့် ရေဆင်အထီး(အသေ)သည် မီးခိုး ရောင်သန်းသော အဖြူရောင်ရှိသည်။ ခြေချောင်းလေးချောင်းစီပါ



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ အဖြူရောင်အစွယ်သည် လက်မစီရှည်သည်။ လုံးပတ်သည် မီးခြစ်ဆံချောင်းခန့် ရှိသည်။ အစွယ်သည် အခေါင်းဖြစ်သည်။ အထက်အောက်အံ သွားနှစ်ချောင်း စီပါရှိသည်။ မျိုးပွားအင်္ဂါအပြည့် အစုံတွေ့ရသည်။ ရေညှိရေမှော်သာစားသည်။ ကုန်းဆင်ကဲ့သို့ အရွက်စားသတ္တဝါပင် ဖြစ်နိုင်သည်။

✦ ✦ ✦

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

## လူမျှောက် မောင်ရွှေမောင်အကြောင်း ကြားဖူးသလား

ရတနာပူရနန်းတည် ဘကြီးတော်လက်ထက် မြန်မာသက္ကရာဇ် (၁၁၈၃)ခုနှစ် လူမျှောက်မောင်ရွှေမောင် ရောက်ရှိလာသည်။ ဟံသာဝတီမြို့ဝန်က လာရောက်ဆက်သခြင်းဖြစ်သည်။ နန်းစဉ်ပုရပိုက်ဖြူအဆိုအရ လာရောက်ဆက်သစဉ် လူမျှောက်မောင်ရွှေမောင်သည် အသက်အလွန်ငယ်သေးသည်။ မျက်နှာတစ်ခုလုံးတွင် အမွေးအမှင်များ ဖုံးအုပ်နေသည်။ အမွေးအမှင်များသည် အညိုရောင်အဆင်းရှိသည်။ ပိုးသားကဲ့သို့ နူ သွံ့သည်။ မျက်နှာပေါ်တွင် အရှည်တစ်မိုက်ခန့်အထိရှိသည်။ ထိုမင်းလက် ထက်၊ ၁၁၈၈ခုနှစ်၊ သီတင်းကျွတ်လဆန်း(၉)ရက်တွင် ဂျွန်ကရောဖိုဦးဆောင်သော အင်္ဂလိပ်သံအဖွဲ့သည် အမရပူရမြို့တော် သို့ ရောက်ရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကာပွတိန်ယူးလ်၏ အစီအရင်ခံစာတွင် လူမျောက် မောင်ရွှေမောင်နှင့် တွေ့ဆုံခဲ့ရပုံကို စိတ်ဝင်စားဖွယ် ဖော်ပြထားသည်။

လူမျောက်မောင်ရွှေမောင်သည် ရှေ့သွားအနည်းငယ်သာ ပါရှိသည်။ အံသွားလုံးဝမရှိပေ။ သို့ရာတွင် အလွန်မာကျောသော အစာဝတ္ထုများကို ကောင်းစွာဝါးနိုင်သည်။ စားနိုင်သည်။ အသား လုံးဝမစားပေ။ ဟင်းသီးဟင်းရွက်၊ ပဲနှင့် သစ်သီးသစ်ဖုများသာ စားသည်။ ထူးခြားချက်မှာ မောင်ရွှေမောင်မိဘများသည် သာမန် လူသားများပင်။ မောင်ရွှေမောင်တစ်ဦးတည်းသာ အမွေးအမှင်များ ဖုံးအုပ်နေခြင်းဖြစ်သည်။ မောင်ရွှေမောင်သည် အမျိုးသမီးငယ် တစ်ဦးနှင့် လက်ထပ်ခဲ့သည်။ သမီးတစ်ဦးရရှိသည်။ ဖခင် မောင်ရွှေမောင် ကဲ့သို့ပင် တစ်ကိုယ်လုံး အမွေးအမှင်များ ဖုံးလွှမ်းလျက် ရှိသည်။ မယ်ဖုံးဟုခေါ်သည်။ မယ်ဖုံးသည်သာမန်လူသားတစ်ဦးနှင့် လက်ထပ် သည်။ မောင်ဘိုးဆင်ခေါ် သားတစ်ယောက်ရရှိသည်။ ၁၄သားအရွယ် မောင်ဘိုးဆင်မှာလည်း အဘိုးဖြစ်သူ လူမျောက် မောင်ရွှေမောင်နှင့် မိခင်မယ်ဖုံးနည်းတူပင် တစ်ကိုယ်လုံး အမွေး အမှင်များ ဖုံးအုပ်နေသည် ဟု မှတ်တမ်းများအရ သိရသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

## ပုဂံမှာ ဘုရား၊ ပုထိုး၊ စေတီပေါင်း လေးသန်းကျော် တည်ထားခဲ့တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား

ပုဂံတွင်တည်ထားခဲ့သော ဘုရား၊ ပုထိုး၊ စေတီ အရေအတွက်နှင့် ပတ်သက်၍ ''လှည်းဝင်ရိုးသံ တည်ည်'' သံပေါက်ဖြင့် မှတ်သားခဲ့ကြသည်။ ယင်းအဆိုအရ အဆူပေါင်း ၄,၄၄၆;၇၃၃ ရှိသည်။ မိုင် ၂၀ ပတ်လည်ဒေသအတွင်း ဘုရားအဆူ ဤမျှလောက်များများစားစားတည်ရန် နေရာရှိပါမည်လောဟု စဉ်းစားသင့်သည်။ တစ်ဖန် ''ရွှေလ သာ ဝါဝါဝင်း''ဟူ၍ ပုဂံဘုရားအဆူပေါင်း ၄၄၆,၄၄၄ ဇေယျာဝတီမြစ်ကမ်း ပြိုရာတွင်ပါသွားသည်ဟု မှတ်တမ်းတင်ထားသည်။ ပုဂံတည်ရာသည် ဧရာဝတီမြစ်ကမ်း ပြို ခြင်းမရှိနိုင်သော



www.burmeseclassic.com

www.burmeseclassic.com



ပထဝီအနေအထားအရ ထိုစကားကိုလည်း စဉ်း စားသင့်သည်။ ''လှည်းဝင်ရိုးသံ''လောက်သာယူလျှင်လည်း ၄၄၄၆ ဆူသာရရှိသည်။ အင်းဝမိုးညှင်းမင်းတရားလက်ထက် (လွန်ခဲ့သောနှစ်ပေါင်း ၅၀၀)က ''ဝင်းဝင်းထိန်လျှံ''ဟု သင်္ကေတပြုခဲ့သည်။ အဆူပေါင်း ၄၄၇၄ သာရှိသည်။ ''မြတ်ဘုရားဆူရေ၊ ဖြူရွှေလိုဝင်း'' ကဗျာအရလည်း ၄၄၄၅ ဆူသာရှိသည်။ ကိုလိုနီ ခေတ်ကမွည်းကျောက်စာဌာနမှတ်တမ်းအရ ၂၁၇၁ ဆူသာရှိသည်။ ၁၉၆၈ ခုနှစ်စာရင်းသစ်အရ ၂၂၁၇ ဆူရှိကြောင်း တွေ့ရသည်။ အမှတ်အသား သင်္ကေတအဖြစ် ''ကျောင်းကြီးအုတ်နီ''ဟု မှတ် တမ်းတင်ထားသည်။ ပျောက်ပျက်သွားသည့်ဘုရားအဆူ ထက်ဝက်ခန့်ကိုပါ ထည့်တွက်လျှင် မိုင် ၂၀ ပတ်လည် ဧရိယာအကျယ် အဝန်းအတွင်း ပုဂံဘုရား အဆူပေါင်း ၅၀၀၀ ခန့်သာ အမှန်တကယ် ရှိနိုင်သည်။

✦ ✦ ✦

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

(၁၂)

## ဗိုလ်ချုပ်မိဘုရားဆိုတာ ဘယ်ဘုရားကိုပြောတာလဲ

ပုဂံသီရိပစ္စယာရွာ ကားလမ်းအတိုင်း တောင်ဘက်သို့ဆက်သွားလျှင် ပြုပြင်ထားသော ဂူငယ်တစ်ခုတွေ့လိမ့်မည်။ ထိုမှတစ်ဖန် တောင်ဘက်ကိုဆက်သွားလျှင် အနောက်မပ်လှမ်းလှမ်းတွင် ရှေးဟောင်းအဆောက်အအုံနှစ်ခု တောင်မြောက်ခပ်ကျကျ တည်ရှိသည်၊ မြောက်ဘက်ရှိ ဂူဘုရားသည် သီရိဂူပြောက်ဖြစ်သည်။ အဆိုပါ သီရိဂူပြောက်ကို "ဗိုလ်ချုပ်မိ"ဘုရားဟုလည်း ပြော ဆိုတတ်သည်၊ နယ်ချဲ့တော်လှန်ရေးခေါင်းဆောင် ပုဂံဗိုလ်ချုပ် ပုန်းအောင်းခဲ့ရာနေရာ တစ်နည်းအားဖြင့် ဖမ်းမိသွားသည့်နေရာ ဟု သတ်မှတ်ခေါ်တွင်နေကြခြင်း ဖြစ်သည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

# (၁၃)
# ရှင်အရဟံထေရ် (ရှင်ဓမ္မဒဿီ)ရဲ့ ဓာတ်တော်ဌာပနာဂူ ဘယ်မှာရှိသလဲ

အရှင်အရဟံထေရ်၏ ဓာတ်တော်များကို ဌာပနာဂူတည်ရာမှာ ပုဂံ၌ပင်ဖြစ်သည်။ ပုဂံပြည်တည်စ ၁၉ ရွာအပါအဝင် တောင်ပရွာ၏ အနောက်မြောက် တာငါးရာခန့်ကွာဝေးသောအရပ်၌ ထီးတန်စောင်းဘုရား တည်ရှိသည်။ ထိုထီးတန်ဆောင်းဘုရားသည် တုရွင်းတောင်ထိပ်၌ ရှိသည်။ မြောက်သို့ဂူဝလှည့်ထားသည်။ လိုဏ်ဂူအတွင်း ဘုရားဆင်းတုတော်တစ်ဆူ တည်ထားသည်။ ထိုနေရာမှာ ဌာပနာဂူနေရာပင်ဖြစ်သည်ဟု သိရသည်။ ရှင်အရဟံ သည် သထုံမှ ပုဂံသို့ရောက်တော်မူ၍ အလောင်းစည်သူမင်း နန်းစံနှစ် (ကောဇာသက္ကရာဇ် ၄၄၅)တွင် ပရိနိဗ္ဗာန်စံတော်မူသည်။ အလောင်းတော်ကို



www.burmeseclassic.com

www.burmeseclassic.com



(၇)ရက် အပူဇော်ခံသည်။ အရိုးဓာတ်တော် များကို ရွှေအတိချပြီး ကျောက်စီမြူတာအိုးတွင် ထည့်သည်။ တူရွှင်းတောင်ခြေ မြေသန့်စင်ရာအရပ်၌ ဂူတည်၍ ဌာပနာသည်။ ထီးတန်စောင်း ဘုရားကို ထီးတန်ဆောင်ဘုရားဟုလည်း လူသိများသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

## အင်္ဂလိပ်အမည်နဲ့ ပုဂံဘုရားတစ်ဆူကို သိသလား

ပုဂံတွင် စေတီကို ခွာထုတ်လိုက်သဖြင့် အတွင်းစေတီများပေါ်လာရာ ပေါ်တော်မူများဟု လူသိများသည်။ နဂါးရုံဘုရား၏ အနောက်တောင်ဘက်ရှိ ပေါ်တော်မူ၊ ဥပါလိသိမ် အနောက်မြောက်ဘက်ရှိ ပေါ်တော်မူစေတီနှစ်ဆူ၊ ကိုးလုံးရပ်အကွင်းရှိ ပေါ်တော်မူစေတီနှစ်ဆူတွဲနှင့် စကိုဗယ်ပေါ်တော်မူ စသည့်တို့ဖြစ်ကြသည်။ ဗြိတိသျှလက်ထက်၊ ပခုက္ကူလမ်းလုပ်ငန်းဌာနမှ အမှုဆောင်အင်ဂျင်နီယာ စကိုဗယ်သည် စေတီတစ်ဆူကို ပြင်ဆင်ရာ၌ အပြင်စေတီကို ခွာလိုက်သည်။ အတွင်းမှ စေတီတစ်ဆူထွက်ပေါ်လာသည်။ ယနေ့တိုင်ပင် အဆိုပါ ထွက်ပေါ် လာသည့်စေတီကို "စကိုဗယ်ပေါ်တော်မူ" ဟုခေါ်တွင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ခမ္မရုံကြီးလမ်းခွဲအနီးတွင် တည်ရှိသည်။ စကိုဗယ်ပေါ်တော်မူ၊ စကိုဗယ် ပေါ်တော်မူ အနောက်စေတီ၊ စကိုဗယ် ပေါ်တော်မူ မြောက်ဘက်စေတီ ဟူ၍ နှစ်ထပ်စေတီများအဖြစ် တည်ရှိနေခြင်းဖြစ်သည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

# (၁၅)
# ပြူစောထီးဟာ နေနတ်သားနဲ့နဂါးမရဲ့ သားလား

ပုဂံပြူစောထီးနှင့် ပတ်သက်၍ ဇာတိဇစ်မြစ်အမျိုးမျိုးကွဲပြားနေသည်။ မြေခဲတွင်းရွာနေ ပြူလူမျိုးလင်မယားကမွေးစားထားသော စောထီးဆိုသူဖြစ်သည်ဟုဆိုသူကဆိုသည်။ နေနတ်သားနှင့် နဂါးမသင့်မြတ်၍ ပဋိသန္ဓေစွဲကပ်ကြောင်း၊ နေနတ်သားက ပစ်ပယ်သွား၍ နဂါးမစိတ်နာသွားကြောင်း၊ မွေးဖွားသောဥကို ရေတွင်မျှောလိုက်ကြောင်း ညောင်ဦးထိပ်ကမ်းတွင် ပြူအိုလင် မယားက ဆယ်ယူထားခဲ့ကြောင်း၊ ထိုဥမှပြူစောထီးကို မွေးဖွားကြောင်း ဒဏ္ဍာရီများက ဆိုပြန်သည်။

မြန်မာပညာရှင်ဦးဘော ့က ပြူစောထီး၏ဖခင်အရင်း သည် မုဆိုးဖြစ်သည်။ နေမင်းသည် ယုဂန္ဓိုတောင်ထိပ်၌လှည့် လည် လေ့ရှိသကဲ့သို့ မုဆိုးလည်း တောင်ရိုး၌ လည်လေ့ရှိသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကို နေနတ်သားဟု တင်စားခြင်းဖြစ်နိုင်သည်။ မယ်တော် မှာနဂါးမဟုဆိုလျှင်မှာလည်း ယုတ္တိမတန်။ နဂါးသည် ရေဩနေ ထိုင်လေ့ရှိသည်။ တံငါသည်လည်း ရေဩနေထိုင်လေ့ရှိ သည်။ တံငါကို နဂါးမဟုတင်စားခြင်းဖြစ်နိုင်သည်။ ထို့ကြောင့် ပြူစောထီး၏ မယ်တော်သည် နဂါးမ မဖြစ်နိုင်။ တံငါသည်၏ သမီးသာဖြစ်နိုင် သည်ဟု ရှင်းလင်းတင်ပြခဲ့သည်။

✦ ✦ ✦

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

(၁၆)

## သရုပါမြို့ပေါက်တံခါးကြီးရဲ့ မူလပုံစံ ဘယ်လိုရှိသလဲ

အရှေ့မျက်နှာ အလယ်ဗဟိုတံခါးဖြစ်သည်။ ခရစ်(၉) ၃ရာစုတွင် ပျဉ်ပြားမင်းလက်ထက် တည်ဆောက်သည်။ ပုဂံသရပါ တံခါးပေါက်ကြီးတွင် ပုဂံခေတ်လက်ရာ အနည်းငယ်ကျန်သေး သည်။ ပုဂံတွင် မူလကတံခါး ၁၂ပေါက်ရှိခဲ့သည်။ အရှေ့မျက်နှာတွင် သာရဝတ်တံခါး၊ သာရပါ၊ သာရမေ၊ မြောက်မျက်နှာတွင် သာတန်း တံခါးငါးမြီးခတ်၊ နောင်ဖြူ၊ အနောက်မျက်နှာတွင် သာစည်တံခါးမင်း ဇောကတံဆိပ်၊ မကြည်သာ၊ တောင်မျက်နှာတွင် ဝင်မနားတံခါး၊ မတောင့် တံနှင့် ကပေးတံခါးများဖြစ်သည်။ သရပါ (သဗ္ဗရန်ကာ)တံခါးတွင် မှ[illegible] [illegible]အားနှစ်ဖက် ပေါင်းကူးကြီးတစ်ခုဖြင့် ဆက်၍ အပေါ် အတွင်[illegible]ကထားသော အဆောက်အအုံကြီးဖြစ် ဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုဂံရာဇဝင်ကြီးငယ်တွင် သရပါတံခါး၌ တေပသင်၊ တေပါးသင်နတ်စောင့်သည်ဟု ပါရှိသည်။ ယခုအခါ မဟာဂီရိနတ် မောင်နှမရုပ်ကို နှောင်းလူတို့ ပြုလုပ်ထားသည်။ မည်သည့်ခေတ်က မည်သူတို့ ပြုလုပ်ခဲ့သည်ကို မသိချေ။

✦ ✦ ✦

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

## ငှက်ကြီး၊ ဝက်ကြီး၊ ကျားကြီး၊ ရှူးပျံဆိုတာ ယုတ္တိရှိရဲ့လား

ပုဂံသမုတိရာဇဝင်မင်းလက်ထက်တွင် ငှက်ကြီး၊ ဝက်ကြီး၊ ကျားကြီး၊ ရှူးပျံတို့ မင်းမူခဲ့၍ ပြူစောထီးက "လေး" ဖြင့်ခွင်းခဲ့ရသည်ဟု ဒဏ္ဍာရီများက ဆိုသည်။ သုတေသီများက သမိုင်းရေးဆရာများနှင့် ဇာတ်သဘင်ပညာရှင်များ၏ လုပ်ကြံဖန်တီးမှု တစ်ရပ်ဟု သုံးသပ်ကြသည်။ ပုဂံတည်စတောကြီးမျက်မည်းကြီး အတွင်း ကျား၊ ဝက်၊ ငှက်နှင့် ရှူးပျံတို့ မင်းမူခဲ့ကြသည်မှာ ဘာမျှမဆန်းလှပေ။ သို့ရာတွင် ဝက်ကြီးအား ထမင်းအလုံး ၆၀၊ ဖရုံ ၉လုံး၊ ဖွဲ ၉ လှည်း၊ မှန်မှန်ပေးရသည်ဟူသော စကားသည် ယုတ္တိမတန်လှပေ။ ဝက်ကြီးအတွက် နေ့စဉ် ဖွဲနု ၉-စီးတိုက်၊ ၁၂-နှစ်တိုင်တိုင် ပေးခဲ့ရသည်ဟုဆိုလျှင် လှည်းအစီးပေါင်း လေးသောင်းတိုက်ခန့် ဖွဲနုများ

မိုးဘဲဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



အာဘယ်မှရနိုင်မည်နည်း။ ဆန် ကြိတ်ဆုံပေါင်းမည်မျှ တည်ဆောက်ထားရမည်ကို တွက်ချက်ကြည့် သင့်သည်။ ငှက်ကြီးအတွက်လည်း တစ်နေ့လျှင် သမီးကညာတစ်ယောက်ပေးခဲ့ရသည်ဟုဆိုသည် ၁၂-နှစ်ကြာလျှင် သမီးကညာပေါင်း၄၃၈၀-ကုန်သွားရဖွယ်ရှိသည်။ သမုတိရာဇ် အုပ်ချုပ်ရသော ရွာ ၁၉ရွာတွင် တဖြည်းဖြည်း အမျိုးသမီးဦးရေ လျော့ကျသွားမည်သာဖြစ်သည်။ ဖြစ်နိုင်ပါမည်လား။ တောရိုင်းဒေသကြီးဖြစ်နေ၍ လယ်ယာ ကိုင်းကျွန်းချဲ့တွင်နိုင်ရန် နွယ်ပင်များရှင်းပစ်ရမည်။ ယင်းတို့တွင် အလေ့ကျပေါက်၍ အကြီးမြန်သော ဗူးခါးပင်များလည်းပါရှိမည် ဧကန်ပင်။ ဧရာဝတီမြစ်ကမ်းမှစ၍ နွယ်ပင်များကို ၇-မိုင်ခန့်ဝေးသော ယုန်လွတ်ကျွန်းသစ်တောပ် ရောက်ရှင်းလင်းပစ်ရမည်သာ ဖြစ်သည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

(၁၈)

## သီပေါဘုရင် လုံးဝမပါတဲ့ ဓာတ်ပုံကို သိကြရဲ့လား

ပါတော်မူရစဉ်က ရွှေးတော်မူတံခါးတော်ကို လှည့်ပြီး မြို့တော်တောင်မျက်နှာကျော်မိုးတံခါးက ထွက်တော်မူခဲ့ကြကြောင်း ကုန်းဘောင်ဆက်၊ သုဿောစိတ စသည့် ရာဇဝင်ကြီးများတွင် အခိုင်အမာ အပြည့်အစုံဖော်ပြခဲ့ပြီး ဖြစ်သည်။ သို့ရာတွင် အာဠ္ဍဝီ တံခါးက ထွက်တော်မူခဲ့ရကြောင်း အမှတ်မှားလာခဲ့ကြသည်။ မြတောင်ကျောင်း (ရွှေကျောင်းတော်ကြီး၊ မှန်ကျောင်းတော်၊ မိဖုရာကျောင်း)သည် မန္တလေးမြို့အနောက်ခြမ်း ၃၅လမ်းနှင့် ၈၅လမ်း ထောင့် ရတနာဘူမိရပ်တွင် တည်ရှိသည်။ မြတောင်ကျောင်း၏ ကျောင်းအမသည် သီပေါမင်း၏ မိဖုရားခေါင်ကြီး စုဖုရားလတ် ဖြစ်သည်။ မြတောင်ဆရာတော်ဦးလောက စိတ်ကြိုက်ရွေးချယ်သော အနောက်ပြင်ရတနာဘူမိရပ် အခန်းထိပ်ထား၏ ဥယျာဉ်မြေ



www.burmeseclassic.com

www.burmeseclassic.com



ရာကို မိဖုရားခေါင်ကြီးက ဝယ်လိုက်သည်။ မြန်မာ သက္ကရာဇ် ၁၂၄၃ခုနှစ်တွင် မှူးမတ်များ၏ ကျောင်းရံနှင့်တကွ အလယ်ဗဟိုတွင် ရွှေကျောင်းကြီးကို ဆောက်လုပ်သည်။ ၅သန်း ၄သိန်းကျော်ကုန်ကျသည်။ စံကင်းဆရာ တော်ဘုရားကြီးဂုရုပ္ပတ္တိကထာ စာအုပ်ပြုစုခဲ့ကြသူ ဦးမာန်တနှင့် ဦးနန္ဒမာလတို့က စစ်ဘာရီများနှင့်စုရိုက်ထားသော ဓာတ်ပုံထဲရှိ ကျောင်းကြီးသည် မြတောင်ကျောင်းမဟုတ်နိုင်ကြောင်း အထောက် အထားပြခဲ့သည်။ ပုံချင်းနှိုင်းယှဉ်ကြည့်သောအခါ မြတောင်ရွှေကျောင်းကြီး၏ ဘောဂဆောင် အနောက်ဆောင်မှာရှိသော ခေါင်ထပ်ပုံ နှင့် ဓာတ်ပုံထဲရှိကျောင်းကြီး၏ ဘောဂဆောင်ခေါင်ထပ်ပုံချင်းမတူ ကြောင်း တွေ့ရသည်။ ထို့ပြင် မြတောင်ကျောင်းကြီး၏ ကျောင်းလက် ရန်းသည် ပန်းထွင်းလက်ရန်း ဖြစ်သည်။ ဓာတ်ပုံထဲရှိ ကျောင်းကြီး၏ လက်ရန်းသည် ပွတ်လုံးလက်ရန်းဖြစ်နေသည်။

ဝါတော်မူသည့်နေ့တွင် မြတောင်ရွှေကျောင်းကြီးဆောက်လုပ်ပြီးစီးစအချိန်ဖြစ်သည်။ ထို့ကြောင့် ရွှေကျောင်းကြီးတွင် မှန်ကင်းတပ်ပြီးဖြစ်နေနိုင်သည်။ သို့ရာတွင်ဓာတ်ပုံထဲရှိ ကျောင်းကြီးတွင် မှန်ကင်းတိုင်မဲ့ စိန်တိုင်သာရှိသည်။ ပုံထဲတွင် အများယုံကြည်သော ကြသကဲ့သို့ သီပေါမင်း၊ စုဖုရားလတ်နှင့် ဆင်ဖြူမရှင် မိဖုရားကြီးတို့မပါဝင်ချေ။ မြတောင်ဆရာတော်ကြီးပင် မပါဟုဆိုသည်။ The Illustrated London News (Vo.l xc 25. 19 March 1887)စာစောင်ပါ ဓာတ်ပုံရ မြတောင်ကျောင်း ရှေ့မှာ မနိုတ်ဘဲ၊ သီပေါမင်း၏ငယ်ဆရာတော် တောင်တော်သာသနာ ပိုင်ကျောင်းရှေ့တွင် မြန်မာပြည် အင်္ဂလိပ်တပ်များ၏ စစ်ဦးစီးချုပ် Sir Frederik



www.burmeseclassic.com

www.burmeseclassic.com



Roberts တို့ တွေ့ဆုံစဉ်ရိုက်ကူးထားသော ပုံဖြစ်ကြောင်းအထင်အရှား သိရသည်။ ပုံကိုသက္ကရာဇ် ၁၈၈၇ ခုနှစ်၊ ဖေဖော်ဝါရီလ (ပါတော်မူပြီး နှစ်နှစ်အကြာ)တွင်မှ ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

## ပုဂံအာနန္ဒာထဲက မတ်ရပ်တော်ကြီး "အားလုံး" ဟာ ပုဂံခေတ်လက်ရာတွေ ဟုတ်ရဲ့လား

ပုဂံအာနန္ဒာဂူဘုရားကြီးအတွင်း မတ်ရပ်ကိုယ်တော်ကြီး များ အားလုံးသည် ပုဂံခေတ် မူလလက်ရာများ မဟုတ်ဘော့ချေ။ မျက်မှောက်ကာလ တောင်ဘက်မျက်နှာနှင့် မြောက်ဘက်မျက်နှာ တို့တွင်သာ ပုဂံခေတ် မူလ သစ်သားဆင်းတုတော်ကြီးများ ရှိတော့သည်။ အိန္ဒိယဂုပ္ပတား ခေတ်လက်ရာဟန်များဖြစ်သည်။ အရှေ့ဘက်ရှိ ပုဂံခေတ် မူလသစ်သားမတ်ရပ်တော်ကြီးမှာ မီးခပျက်စီး သွားခဲ့ရသည်။ ၁၈၆၆ခုနှစ်၊ မင်းတုန်းမင်းလက်ထက်တွင် ပုဂံမြို့ ဝန်ဦးဘိုးက မူလနေရာတွင် ဆင်းတုတော်အသစ်ပြုလုပ်ထားရှိခဲ့သည်။၁၉၆၆ ခုနှစ်တွင် ညောင်ဦးအရှေ့ရွာနေ ဦးဝက ထပ်မံပြုပြင်ခဲ့သည်။ အနောက်



www.burmeseclassic.com

www.burmeseclassic.com



ဘက်တွင် မူလက ပဋ္ဌလောဟာ ကြေးမတ်ရုပ်ကိုယ်တော်ကြီး ရှိခဲ့သည်။ အင်းဝနှင့်ဟံသာဝတီတို့ စစ်မက်ဖြစ် ပွားရာတွင် ပျက်စီး သွားခဲ့ရသည်။ လက်ရှိသစ်သားဆင်းတုတော် ကြီးမှာ ၁၈၉၁ ခုနှစ်တွင် အစားထိုးတည်ထားခြင်းဖြစ်သည်။ ပုဂံမြို့နေကုန်သည်ကြီး ဦးခဲညိမ်း ၏ကောင်းမှုဖြစ်သည်ဟု မှတ်တမ်းများတွင် တွေ့ရသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

## ယုန်လွတ်ကျွန်း ပြည်တော်သာကျွန်းတို့ဟာ ရေပတ်လည်ဝိုင်းနေတဲ့ ကျွန်းတွေလား အခုဘယ်မှာရှိသလဲ

"ပုဂံအစ သမုတ်ိရာဇ်မင်းက" ဟုဆိုရိုးစကားရှိသည်။ ပုဂံပြည်ကြီးစတင်ရာဒေသသည် ယုန်လွတ်ကျွန်းဟု သိထားကြသည်။ ပုဂံခေတ်တွင် "ကျွန်း" ယူဆောင်ဝေါဟာရနှင့် တွဲဖက်သုံးနှုန်း ခဲ့သောဒေသနှစ်ရပ်မှ ယုန်လွတ်ကျွန်းသည် ဧရာဝတီမြစ်မှခုနှစ် မိုင်ကျော်ခန့်ကွာဝေးသည်။ တုရင်တောင်တန်းအရှေ့ဘက် အနီးတွင်တည်ရှိသည်။ ပြည်တော်သာကျွန်းမှာ မင်းလှမိကျောင်းရဲ့ အောက်ဘက် ဧရာဝတီမြစ်အတွင်း တည်ရှိသည်။ အလျားတစ်မိုင် ကျော်ခန့်ရှည်လျားသည်။ ပြည်တော်သာကျွန်းတစ်ခုသာ ရေပတ်လည် ဝိုင်းနေသောကျွန်းမြေဖြစ်သည်။ ယုန်လွတ်ကျွန်းမှာ ကျွန်းဟုသာအမည်ခံထားသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ရေပတ် လည်ဝိုင်းမနေပေ။ တောကြီးရာအရပ် ကုန်းမြေခေါင်ခေါင် ဖြစ်သည်။ ရှေးက လယ်ယာ လုပ်ရန် တောထွင်းသည်ကို "ကျွန်းခုတ်သည်" ဟု သုံးနှုန်းတတ် သည်။ ထို့ကြောင့် ယုန်လွတ်ကျွန်း သည် ယုန်လွတ်ခေါ်တောကြီး မြက်မည်းဒေသကြီးတစ်ခုသာဖြစ် ကြောင်းသိထားသင့်သည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

## (၂၁)

## ကျန်စစ်မင်းကြီးရဲ့ ပြည်သူတွေအပေါ်စေတနာနဲ့ သဘောထားတွေကို ဘယ်ကျောက်စာမှာ ဖော်ပြထားသလဲ

သမိုင်းအထောက်အထားအရ အနော်ရထာမင်းကြီး သည် မြန်မာနိုင်ငံသစ်ကို ဦးဆောင်ခဲ့သူ၊ ပျိုးထောင်ခဲ့သူဖြစ်သည်။ ကျန်စစ် သားကား မြန်မာနိုင်ငံအသစ်ကို တည်တံ့ခိုင်မြဲအောင် ဦးဆောင်ခဲ့သူ၊ ကြိုးပမ်းခဲ့သူ အမှန်ပင်ဖြစ်သည်။ ကျန်စစ်သား လက်ထက် ပုဂံပြည် တွင် လူမျိုးမရွေး၊ ဘာသာမရွေး တရားမျှတစွာ ဆောင်ရွက်ပေးခဲ့သည်။ ပြည်တွင်းငြိမ်းချမ်းရေး၊ ပြည်သူတစ်ရပ်လုံး သာယာဝပြောရေး၊ နိုင်ငံစည်းလုံးရေး၊ ယဉ်ကျေးမှုထွန်းကားရေးအတွက် အဖက်ဖက်မှ ထောင့်စုံကြိုး ပမ်းဆောင်ရွက်ခဲ့သည်။ ကျန်စစ်သားမင်းဖြစ်လာချိန်၌



www.burmeseclassic.com

www.burmeseclassic.com



ဧရမန်ကာန်းသူပုန်အရေး ပြေငြိမ်းစရှိသေးသည်။ ပျူ၊ မွန်၊ သက်၊ မြန်မာစသည့် ပုဂံပြည်သူပြည်သားများသည် အတိဒုက္ခအမျိုးမျိုးနှင့် ရင်ဆိုင်ကြရသည်။ သားတကွဲ၊ မယားတကွဲ ဖြစ်ကြသူဖြစ်နေရ သည်။ အဖမ်းအဆီးခံနေရသည်။ အောက်ပြည်အောက်ရွာသို့ အဓမ္မခေါ် ဆောင်သွားခြင်းခံနေရသည်။ အိုးမဲ့အိမ်မဲ့ ဖြစ်နေရ သည်။ အလုပ် အကိုင်မဲ့ဖြစ်နေရသည်။ ထို့ကြောင့် ကျန်စစ်မင်းကြီး၏ စေတနာနှင့် သဘောထားကို ပြည်သူအများသိနားလည်၊ ငြိမ်းချမ်းစေခြင်းငှာ ကျောက်စာရေးထိုး အသိပေးခဲ့သည်။ ရွှေ စည်းခုံမွန် ကျောက်စာဟု ထင်ရှားသည်။ ထိုကျောက်စာကို ပုဂံ ရွှေစည်းခုံဘုရားရှိ ကျောက်တိုင် နှစ်တိုင်တွင် ရေးထိုးထားသည်။ မွန်ဘာသာဖြင့် ရေးထိုးထားခြင်းဖြစ် သည်။ ပြည်သူအားလုံး ဖတ်မိသိရှိစေရန် ရွှေစည်းခုံဘုရားရှိ ကျောက် တိုင်၌သာမက ပုဂံသရပါတံခါးရှိ ကျောက်တိုင်နှစ်တိုင်တွင်လည်း ရေးထိုးခဲ့သည်။

ရွှေစည်းခုံမွန်ကျောက်စာကို မြန်မာပြန်ကြည့်လျှင်-

"အရိမဒ္ဒနပူရ်မြို့၌နေကုန်သော၊ ရေစုန်တွင် အဖမ်း ခံရကုန်သော အခြားဒေသသို့သွားကုန်သော အမျိုးလေးပါးတို့ သည် ဣြကြိဘုဝနာဒိတျဓမ္မရာဇမင်း၏ တန်ခိုးခွန်အားဝီရိယဖြင့် အလျှင် အမြန်ရေဆန်ပြန်တက်ကြလတ္တံ့။ သူတို့သည် အရိမဒ္ဒနပူရ်မြို့၌ ပျော် မွေ့ကြကုန်လတ္တံ့။ ချစ်သူအပေါင်းမှ ကွဲကွာကုန်သော သူတို့၏ မျက်ရည်ကို အကျိုးစီးပွားထွက်မြောက် ခြင်းဖြင့် လက်နှင့်တူသော မေတ္တာစိတ်ဖြင့် ဣြကြိဘုဝနာဒိတျရာဇဓမ္မမင်းသည် သုတ်ပစ် လတ္တံ့။ စိတ်နှလုံးပူဆွေးသူတို့၏နှပ်ရည်ကို အကျိုးစီးပွားထွက်မြောက် ခြင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရေနှင့်တူသောကရုဏာဖြင့် ဆေးကြောပစ်လတ္တံ့။ နတ်မင်း ဂြိုတြိ ဘုဝနာ ဒိယျမမ္မရာဇမင်းသည် လက်ျာလက်ဖြင့် ပြည်သူအပေါင်းအား ထမင်းမုန့်ပေးလတ္တံ့။ လက်ဝဲလက်ဖြင့် လူအပေါင်းအား ပစ္စည်း ဥစ္စာ အဝတ်ပုဆိုးပေး လတ္တံ့။ × × × × ဂြိုတြိဘုဝနာဒိယျ မမ္မရာဇာမင်းသည် အကျိုးစီးပွားဖြင့် စောင့်ထိန်းလတ္တံ့...။" ဟူ၍ တွေ့မြင် ဖတ်ရှုနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

# (၂၂)

# ဆရာတော်ဦးကျည်ပွေ့နှင့် သျှင်ဒိသာပါမောက်တစ်ပါးတည်းလား

ဆရာတော်ဦးကျည်ပွေ့သည် ဖ၁၇ခုနှစ်၊ ပုဂံ နရသီဟပတေ့ မင်းလက်ထက်တွင် သက်တော် ဖ၀ပင် ရှိနေပြီ တစ်နေ့သော် တံပူပစ်ချရာတွင်း၌ တံပူများပြည့်နေသည်ကို မြင်ရ၏။ ငါလည်း တစ်နေ့လျှင် စာတစ်ကြောင်းမျှ သင်အံလေ့ကျက်လျှင် ကျမ်းတတ်ပုဂ္ဂိုလ်ဖြစ်နိုင်သည်ဟု ယုံကြည် မိ၏။ ထို့ကြောင့် အသက် ဖ၀ ကျော်မှ စာသင်သည်။ ဘုရင့်ထံဝင်၍ ကန့်ကူဆံ အလှူခံသည်။ နောင်တွင် အမှန်တကယ်ပင် အသက် ဖ၀ ကျော်မှ ကျမ်းတတ် ပုဂ္ဂိုလ်ဖြစ်လာသည်။ နရသီဟပတေ့က ဒိသာ ပါမောက္ခ ဘွဲ့တံဆိပ် ဆက်ကပ်သည်။ သုင်ပုန်းကြီးဋီကာပါဠိနှင့် သဒ္ဒါကျမ်း နက်ပါဠိတို့ကို ပြုစုခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်ဒိသာပါမောက္ခသည် (မြန်မာကျောက်စာအထုတ်၃ ဓာတ်ပုံ ၂၅၁) ပုဂံကျောက်စာ၊ ကျောက်စာနံပါတ် ၃၃ အရ တရုပ်ပြေးမင်းဆည်းကပ်သော မင်းဆရာတစ်ပါးဖြစ်သည်။ သက္ကရာဇ် ၆၃၈-၄၀(အေဒီ ၁၂၇၆-၇၈)တွင် မင်းဘူး စသည့် တို့၌ မြေအလှူ ခံရရှိခဲ့သည်။ သက္ကရာဇ် ၆၄၅ (အေဒီ ၁၂၈၃) တွင် မန်ဂိုတို့သည် ငန်းမော်တောင်ဘက်အနီး ကောင်းစင်ကို သိမ်းယူသည်။ တကောင်းကို ဆက်လက်သိမ်းသည်။ မွန်ဂိုတို့က သံစေလွှတ်၍ သံများကိုကွပ်မျက်သည်။ နှစ်နှစ်အကြာတွင် မြန်မာမင်းကိုယ်တိုင် အညွှံခံရန်ဆုံးဖြတ်မိ၏။ ဆားတွင်းဝန် အနန္တပစ္စည်းအမတ်နှင့် မဟာဗိုလ်အမတ်တို့ကို မွန်ဂိုတို့နှင့် ဆက်သွယ်ရန် မိန့်ကြားသည်။ အမတ်များက ရှင်ဒိသာပါမောက္ခကို ယင်းတို့အဖွဲ့နှင့်ထည့်ပေးရန် ပန်ကြားသည်။ နောင်တွင် ဆရာတော်တစ်ပါးတည်း ပေကျင်းမြို့တော်ရှိ မွန်ဂိုမင်းထံ ခရီးဆက်သည်။ ဆရာတော်သည် ဥပါယ်တံမျဉ်ဖြင့် ကူဗလိုင်ခန်အား ဖျောင်းဖျသည်။ ၆၄၈ ခုနှစ်တွင် ဆရာတော် မြန်မာပြည်သို့ ပြန်ကြွလာသည်။ တရုတ်ပြေးမင်းက ချီးမြှောက်သည်။ ထိုနှစ် အကုန်တွင် ပြည်အနောက်ဘက် လှည်းကျမှ ပုဂံသို့ မင်းကြီးဆန်[illegible] သားတော်ပြည်စားက လုပ်ကြံလိုက်သည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

## (၂၃)

## "လောကသာရပျို့"ကို အမှန်တကယ်ဘယ်သူရေးခဲ့သလဲ

လောကသာရပျို့ကို ကန်တော်မင်းကျောင်းဆရာတော် ရေးသားသည် ဟူ၍လည်းကောင်း၊ ရတနာပူရအဝမြို့ မင်းခေါင်ကြီး ဆရာ၊ ရှင်မဟာကုဏ္ဍဂုဏ္ဍဘွဲ့ခံ ရခိုင်ဆရာတော်တစ်ပါးရေးသည် ဟူ၍လည်းကောင်း၊ အင်းဝဘုရင်မင်းကြီးစွာစော်ကဲ၏ ငယ်ဆရာ ဖြစ်သော ရခိုင်ဆရာတော် အသျှင်အဂ္ဂသာရက ရေးသားသည်ဟူ ၍လည်းကောင်း ဝိဝါဒအမျိုးမျိုးကွဲနေခဲ့သည်။

အချို့သော လောကသာရပျို့မူများတွင် ကန်တော်မင်း ကျောင်းဆရာတော်ရေးကြောင်း ပြဆိုသည့် နိဂုံးပင်ပါရှိသည်။ သို့ရာတွင် အဆိုပါနိဂုံးကို လေ့လာကြည့်သောအခါ စာသား၊ လင်္ကာ၊ စကားအသွားအလာတွင် အခြေအနေကွာခြားချက်ရှိနေ၍ ကျမ်းပြု ဆရာ၏မူလ နိဂုံးမဖြစ်နိုင်ကြောင်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရခိုင်ဆရာတော်သည် 'လောကသာရပျို့' မျှသာ မဟုတ်ဘဲ 'ဓမ္မသာရပျို့'တွင် ကုသိုလ်ကောင်းမှုတရား အဆီ အနှစ်များကိုသာ ပြသည်။ 'လောကသာရပျို့'မှာ အဓိကအားဖြင့် တရားတော်နှင့် မဆိုင်လှသည့် လောကအကြောင်း အဆီအနှစ်များကိုသာပြသည်။ လောကသာရပျို့ အပိုဒ်အမှတ် ၁မှ ၁၁အ ထိသာ ကုသိုလ်တရား အဆီအနှစ်ဖြစ်ပွားရန်ကို သာပြသည်။ အပိုဒ် ၁၂မှစ၍ လယ်လုပ်ကုန် သွယ်ခြင်းစသည့် ကျွဲနွားဆိတ်ဝက် ဝမ်းဘဲ ငှက်နှင့် ကြက်ကမကြွင်း သိမ်းမွေးခြင်းစသည့် လောကီ သက်သက်အကျိုးဩဝါဒတို့ကို ပြထားသည်။ ယင်းအချက်တို့ကို ထောက်၍ လောကသာရပျို့ကို ရခိုင်ဆရာတော်ရေးသားသည်ဟူသော အမှတ်အသားသာ မှန်ကန် ကြောင်း ဆုံးဖြတ်ရခက်သည်။

အခြားအမှတ်အသားတစ်မျိုးတွင် "အင်းဝဘုရင်မင်း ကြီးစွာစော်ကဲ၏ ငယ်ဆရာဖြစ်သော ရခိုင်ဆရာတော် အချင် အဂ္ဂသာရက လောသာရပျို့ကိုရေးပြီး၊ မင်းကြီးစွာစော်ကဲထံ ဆက် သလိုက်သည်။ ထို့နောက် ရခိုင်မင်းသမီးတစ်ပါး သည်တောင်တွင်း ကြီးမြို့မှာ လာရောက်နေထိုင်ပြီး အချင်အဂ္ဂသာရကို ပင့်ဖိတ်၍ ကိုးကွယ်ခဲ့သည်။ တောင်တွင်းကြီးမြို့ရှိ ကန်တော် ၏ အနီးရခိုင် မင်းသမီးဆောက်လုပ်လှူဒါန်းသော ကျောင်းတွင် သီတင်းသုံး၍ ကန်တော်မင်းကျောင်းဆရာတော်အဖြစ် ထင်ရှားလာသည်။ မျက်မှောက် ကာလအထိ တောင်တွင်းကြီးမြို့တွင် ကန်တော်နှင့်တကွ မင်းကျောင်း တည်ရာဌာနများ အထင်ရှား ရှိနေသေးသည်။ ထို့ကြောင့် ရခိုင်ဆရာ တော်နှင့် ကန်တော်မင်း ကျောင်းဆရာတော်တို့သည် အမည်ကွဲပြား

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း တစ်ပါးတည်းဖြစ်နိုင်သည်''ဟူ၍ တွေ့ရပြန်သည်။

အဆိုပါ အမှတ်အသားကို အတည်ပြုလိုက်လျှင်ကန်တော်မင်းကျောင်းဆရာတော်နှစ်ပါးဖြစ်နေဦးမည်မှာ ထင်ရှားသည်။ အသျှင်အဂ္ဂသာရ (ရခိုင်ဆရာတော်သည် ၇၂၆ ခုနှစ် နန်းတက်သော မင်းကြီးစွာစော်ကဲ)လက်ထက် ဆရာတော်ဖြစ်သည်။

''အရှီးတော်ဆရာ၊ မဟာထေရ်ကျောင်း၊ ကန်တော်မင်းကျောင်း၊ မေတ္တာလောင်းသော၊ ရွှေဂူဒါယကာဟာ ဓမ္မရာဇ်တရားမင်းမြတ်''အစချီသော မေတ္တာစာအရေး သားဆက်သွင်းသည့် ကန်တော်မင်းကျောင်းဆရာတော်မှာ ၈၆၃ ခုနှစ် နန်းတက်သော ဘုရင်ရွှေနန်းကြော့ရှင် လက်ထက်ဆရာတော်ဖြစ်သည်။ စစ်ကိုင်း၊ စီရင်စု၊ မြင်းမူမြို့မှ နှစ်မိုင်ခန့်အကွာရှိ ထီးဆောင်းရွာ၏ မြောက် ဘက် ကန်တော်မင်းကျောင်းဆရာတော်ဖြစ်သည်။ ရခိုင်ဆရာ တော် အသျှင်အဂ္ဂသာရနှင့် ကန်တော်မင်းကျောင်းဆရာတော် တို့သည် နှစ်ပေါင်း ၁၃၇နှစ် ကွာခြားနေ၍ တစ်ပါးတည်းမဖြစ်နိုင် ကြောင်းထင်ရှားနေပြန်သည်။

မည်သည့်ဆရာတော်ပင်ရေးသားသည်ဖြစ်စေ လောသာရပျို့သည် အဂ္ဂမဟာပဏ္ဍိတဆရာကြီး ဦးလင်းဖွင့်ဆိုချက် အတိုင်း သခါရလောက ဓမ္မကြောင်းဆိုင်ရာ အနှစ်သာရနှင့် လောကအကြောင်း အဆိုအနှစ်တို့ကို ဖော်ပြထားသောကျမ်း'' တစ်စောင်ပင် ဖြစ်ပေသည်။

✦ ✦ ✦

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

# (၂၄)

## ဟင်းခွက်သုံးရာ ပွဲတော်တည်ခဲ့တယ်ဆိုတာ ဘယ်ကျောက်စာကပြောတာလဲ

ပုဂံမြို့တောင်ဘက် သုံးဖော်လုံအကွာတွင် မင်္ဂလာစေတီတည်ရှိသည်။ နရသီဟပတေ့ခေါ် တရုတ်ပြေးမင်း၏ ကောင်းမှုတော်ဖြစ်သည်။ မင်္ဂလာစေတီတော်ကျောက်စာဟု နှောင်းခေတ်ထိုးကျောက်စာတွင် . . .သီရိတြိဘဝနာဒိတျပဝရ (ဓမ္မ)ရာဇာ မည်သောနရသီဟပတိဓမ္မရာဇ်မင်းကြီးသည် ၃ ကုဋေ ၉ သန်း သွော်စစ်သည်ကိုလည်း လက်နက်မှုထသော၊ <u>တစ်နေ့တစ်နေ့ စားသောဟင်းခွက်သုံးရာတာမှုလည်း သောက်ထသော</u>. . . ဟူ၍ ပါရှိသည်။ ဤအထောက်အထားကို အကြောင်းပြု၍ မင်းခွေးချေး ခေါ်နရသီဟပတေ့ခေါ် တရုပ်ပြေးမင်းသည် တစ်နေ့လျှင် ဟင်းခွက်သုံးရာပြည့်မှ စားသုံးသည်ဟူသောစကား ပေါ်လာခြင်း ဖြစ်သည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

## (၂၅)
## မြစေတီကျောက်စာကို ဘာကြောင့် ဂူပြောက်ကြီး (မြင်းကပါ) ကျောက်စာလို့ ဆိုနေကြတာလဲ

မြစေတီကျောက်စာကို ၁၈၉၆-၉၇ ခုနှစ်တွင် စတင်တွေ့ရှိခဲ့သည်။ အင်္ဂလိပ်အစိုးရရှေးဟောင်းသုတေသနအရာရှိ ရန်ကုန်ကောလိပ်၊ ပါဠိဘာသာပါမောက္ခ ဒေါက်တာ အီး၊ ဖောချမ်းမားက ဦးဆောင်တူးဖော်တွေ့ရှိခဲ့သည်။ ပုဂံမြို့ဟောင်း မြင်းကပါရွာ မြစေတီဘုရား၏ မြောက်ဘက်တွင်ကပ်နေသော ဗုဒ္ဓရုပ်ပွားတော်အဟောင်းတစ်ဆူရှိရာ လေးထောင့်အုတ်တိုက်ငယ်အရှေ့ဘက်မှာ မှတူးဖော်ရရှိသည်။ အနီးစပ်ဆုံး မြစေတီဘုရား၌တွေ့ရသော ကြောင့် မြစေတီကျောက်စာဟုခေါ်တွင်ခဲ့သည်။ ယနေ့အထိ အကောင်းပကတိရှိသေးသည်။ ပုဂံပြတိုက်တွင် ပြသထားသည်။ မြစေတီ



www.burmeseclassic.com

www.burmeseclassic.com



ကျောက် စာကို တွေ့ရှိပြီးနောက် ပါမောက္ခ ဖောချမ်းမားကပင် နောက်ထပ် ကျောက်စာတိုင်တစ်တိုင် တူးဖော် တွေ့ရှိသည်။ နောက်တွေ့ကျောက် စာတိုင်မှာ အကောင်းပကတိမ ရှိတော့ပြီ။ လေးပိုင်းပိုင်းပြီး ကျိုးပဲ့ နေသည်။ ကျောက်စာအပေါ်ပိုင်း အပိုင်းအစနှစ်ခုကို မြစေတီ ဘုရား၏နောက်ဘက် ရာဇကုမ္မာရ်၏ ကောင်းမှု ဂူပြောက်ကြီး ဘုရားတံတိုင်းအတွင်း၌ တွေ့ခဲ့ရသည်။ တတိယအပိုင်းအစကို မူ ၁၉၀၄ခုနှစ်ကျမှ တွေ့ရသည်။ မြစေတီရင်ပြင်တံတိုင်း အတွင်း၌ တူးဖော်တွေ့ရှိရခြင်းဖြစ်သည်။ မြစေတီအရှေ့ဘက် ကပ်လျက်ရှိ အုတ်တိုက်ငယ်အနီးတွင် တွေ့ရသည်။ နောက်တွေ့ မြစေတီကျောက် စာတိုင်ကို မြစေတီရင်ပြင် ဝင်ပေါက်လက်ယာဘက်တွင် ထားရှိ သည်။ မြစေတီကျောက်စာကို သက္ကရာဇ် ၄၇၄ခန့် (ခရစ်နှစ် ၁၁၁၂-၁၁၁၃)တွင် ရေးထိုး သည်ဟု သတ်မှတ်ထားသည်။ သက္ကရဇ်အမှတ် အသားဖြင့် တွေ့ရသော ပုဂံကျောက်စာများအနက် အစောဆုံးကျောက်စာ ဖြစ်သည်။ ယနေ့ထိ မြစေတီကျောက်စာကို နှစ်တိုင်သာတွေ့ရသေး သည်။ မှတ်တမ်းများအရ ဂူပြောက်ကြီးဘုရား ၏ ထောင့်လေးထောင့် တွင် တစ်တိုင်ကျစီ လေးတိုင်တိတိ စိုက် ထူခဲ့ကြောင်း သိရသည်။ မြတ်စွာဘုရား၏ သစ္စာလေးပါးတရားတော်ကို ကြည်ညိုပူဇော် သောအားဖြင့် ရာဇကုမ္မာရ်သည် ယခုကဲ့သို့ ကျောက်စာတိုင် လေးတိုင် စိုက်ထူခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၂၆)

## "သီးကလေ"ချိုလင်္ကာဟာ ပုဂံခေတ်လက်ရာ ဟုတ်ရဲ့လား

"သိုးကလေ
ပုပ္ပါးနတ်တောင်
အခေါင်မြင့်ဖျား
စုံတော့ပြားဌ္ဌ
နံ့ရှားကြိုင်လှိုင့်
ခါတန်ပွင့်သည်
ရွှေနှင့်ယှိုးမှား ပန်းစကား"

ဟုအစချီ ပုပ္ပားနတ်တောင်ဘွဲ့လင်္ကာ (၄)ပိုဒ်ကို ကဗျာဗန္ဓ သာရကျမ်းတွင် စတင်တွေ့ရှိရသည်။ ပုဂံခေတ်ရေးလင်္ကာအဖြစ် ကဗျာဗန္ဓသာရကျမ်း နောက်ဆက်တွဲတွင် အစောဆုံးတွေ့ရသည်။ မေပေါ်တင့်တာယ်မောင်နှမတို့၏ဇာတ်ကြောင်းဟု ယူဆခဲ့ကြသည်။ သို့ရာတွင်

www.burmeseclassic.com



သုတေသီများက ပုပ္ပားတောင်အဖွဲ့သည် အနန္တသူရိယ အမတ်ကြီး၏ "သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ" ချီ လင်္ကာနှင့်စပ်ဆိုပုံချင်းမတူ၊ အစချီပုံ၊ အဆုံးချုပ်ပုံ၊ ဖွဲ့နွဲ့ပုံ အကြောင်းအရာတို့သည် ရတုသဘောသို့ များစွာသက်ဝင်နေသည်။ ရတုဖြစ်ပေါ်လာသော ခေတ်တွင် ပေါ်ပေါက်သည့် ရတုဖြစ်တန် ရာသည်ဟု သုံးသပ်ခဲ့သည်။ ရေးဖွဲ့ပုံနှင့် အသုံးအနှုန်းအရ ပုဂံခေတ် ဟန်နှင့် များစွာကွာခြားသော ကဗျာတစ်ပုဒ်အဖြစ် သတ်မှတ်ခဲ့ကြသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

## (၂၇)

## ဓမ္မရံကြီးအတွင်း ပတ်လမ်းစင်္ကြံ ဘာကြောင့်ပိတ်ဆို့နေတာလဲ

ဓမ္မရံကြီး (လိုဏ်ဂူတော်ကြီး)သည် ပုဂံတစ်ဝိုက်တွင် ထုထည်အကြီးဆုံးဖြစ်သည်။ ၁၂ ရာစုအလယ်ခန့်က လက်ရာ ဖြစ်သည်။ အပ်ထိုးမရလောက်အောင် အုတ်အဆက်များ စေ့နေ သည်။ အုတ်တံတိုင်းနှစ်ထပ်ရှိသည်။ နရသူ (ကုလားကျမင်း) တည်ထားကိုးကွယ်ခဲ့သည်။ မွန်မြန်မာ ယဉ်ကျေးမှု ပေါင်းစပ် လက်ရာဖြစ်သည်။ အုတ်ခင်းထားသည်။ ဤဘုရားကြီး၏ အနောက်ဘက်အနီးတွင် ပုဂံခေတ်အခါက ''ဓမ္မရံသီ''အရှင်သူမြတ် သီတင်းသုံးခဲ့သည်။ ဓမ္မရံသီကိုအစွဲပြု၍ ဓမ္မရံကြီးဟု ခေါ်ဝေါ်ခဲ့ကြဟန်တူသည်။ အခြေခံပန္နက်ပုံစံသည် အာနန္ဒာလိုဏ် ဂူဘုရားကြီးနှင့် ဆင်တူသည်။ ကြောင်လိမ်လှေကားကျဉ်းသည်။ တက်ရခက်သည်။ ဓမ္မရံကြီးတွင် အပြင်လိုဏ်ပတ်လမ်းများတွင်သာ ဝင်ရောက်လျှောက်သွားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အတွင်းလိုဏ်ပတ်လမ်း ဝင်ပေါက်များကို ပိတ်ဆို့ထားသည်။ အတွင်း၌ တစ်စုံတစ်ခုထားခဲ့ပြီး ပြန်ပိတ်ထားခြင်းဖြစ်သည်ဟု အမျိုးမျိုးတွေး ကြသည်။ အမျိုးမျိုးပြောကြသည်။

သုတေသီများက ဘုရားကြီးပိုမိုခိုင်ခံ့စေရန် မူလတည်စကပင် အတွင်းစင်္ကြံပတ်လမ်းကို အုတ်များဖြင့်စီပိတ်ခဲ့သည်ဟု ယူဆသည်။ စင်္ကြံပတ်လမ်းအပြည့်၊ ဖြတ်လမ်းများအပြည့်၊ မုခ်ပေါက်များနှင့် ရောင်လင်းပေါက်များ အပြည့် "မူလကတည်းက" အုတ်များစီပိတ်ခဲ့ခြင်းဖြစ်သည်။ ပြန်ပိတ်ထားသော အုတ်နှင့် မူလတည်စဉ်ကအုတ် အရွယ်အစားချင်းတူသည်။ ၁၇"×၃"×၂" အရွယ်ချင်းတူသည်။ အပေါ်ယံလိမ်းကျံထားသော အင်္ဂတေတစ် မျိုးတည်းဖြစ်နေသည်။ တစ်ဆက်တစ်စပ်တည်းရှိသည်။ ထို့ကြောင့် အာနန္ဒာလိုဏ်ဘုရားနှင့် မတူဘဲ အတွင်းစင်္ကြံပတ်လမ်းကို မူလတည်စဉ်ကပင် ,အုတ်များ ဖြင့်ပိတ်ဆို့ထားခဲ့ကြောင်း ထင်ရှားသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

## (၂၈)
## ပုဂံအာနန္ဒာထဲမှာ စကြံပတ်လမ်းသုံးမြောင်း ဘာကြောင့်တည်ဆောက်ထားတာလဲ

အာနန္ဒာဘုရားတွင် စေတီရံပေါင်းတစ်သောင်းရှိသည်။ မှန်ကပ်ချိုင့်များ၊ ပြတင်းမှန်များ၊ တိုးလျှိုပေါက်များအပါအဝင် မှန်ပေါင်းတစ်ထောင်ရှိသည်။ စကြံပတ်လမ်းသုံးမြောင့်လည်း ရှိသည်။ အတွင်းဆုံးစကြံပတ်လမ်းတွင် ရဟန်းသံဃာများ၊ အပြင် စကြံပတ်လမ်းမှာ မင်းမှစ၍ နန်းတွင်းအမှုထမ်းများ၊ အာရုံခံအတွင်းနှင့် ဘုရားအပြင်တစ်ပတ်ကို အများပြည်သူဘုရားဖူးများအတွက် သတ်မှတ်ထားခဲ့သည်ဟုသိရသည်။ မျက်မောက်ကာလ ရေတွက်ကြည့် သောအခါ စေတီရံပေါင်း ၁၀၃၂ဆူရှိသည်။ မှန်ပေါင်းမှာလည်း ၁၆၇၄ မှန်သာရှိသည်။


www.burmeseclassic.com

www.burmeseclassic.com

## (၂၉)

## ပုဂံမှာ တဝဂ္ဂုဇာတ်လမ်း တကယ်ဖြစ်ခဲ့သလား

ပုဂံရောက်လျှင် မြင်းလှည်းဆရာတို့ ၉၀ ရာခိုင်နှုန်း အမေးခံခဲ့ရသည့် မေးခွန်းမှာ 'တဝဂ္ဂုဘယ်မှာရှိသလဲ' ဟူ၍ပင်။ မေးမြန်းပြီး လိုက်ပို့ခိုင်းတတ်သူအများစုသည် စောင်းအိုရှင်လုလင်နှင့် သမီးတော်ထိပ်ထားတို့ နှစ်ဦး၏ ရင်နင့်ဖွယ်အလွမ်းဇာတ် လမ်းဘစ်ပုဒ် ပုဂံမြို့ တစ်နေရာတွင် အမှန်တကယ်ရှိနေသည်ဟု ယုံကြည်ထားကြသည်။ အကင်းပါးသော မြင်းလှည်းဆရာလူငယ်အချို့က မေးလာသူ ပုဂံ ငြည့်သည်စိတ်ကျေနပ်ပါစေတော့ သဘောမျိုးဖြင့် ဘုရားပျက် တစ်ဆူကို လိုက်ပြတတ်သည်။ ထိပ်ထားသခင်မကလေး၏ ဖခမည်းတော်သည် အမျက်မာန်ကြီးမားလွန်း၍ သမီးတော်နှင့် စောင်းအိုလုလင်ကို လူချင်းခွဲပြီး ဂူအတွင်း အုတ်စီပိတ်ဆို့ပြီးသတ်ဖြတ်စေခဲ့သည်ဟု



www.burmeseclassic.com

www.burmeseclassic.com



သီချင်းတွင်ပါ ရှိသည်။ ထို့ကြောင့် ညွှန့်သည်အချို့မှာ အုတ်တိုက်ပျက်လေး ထောင့်စပ်စပ်မြင်တိုင်း "တဝဂ္ဂဆိုတာထင်ပါရဲ့" ဟု တွေးမိတတ်ကြသည်။ လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော် သုံးဆယ်လောက်က ရန်ကုန်တွင် အိန္ဒိယရုပ်ရှင်ကားတစ်ကား ပြသဖူးခဲ့သည်။ အနာကလီ (ANAKALI) ဖြစ်သည်။ ထိုကားတွင် မင်းသမီးကလေးအား ဖခင်ဘုရင်က တဖြည်းဖြည်းချင်း အုတ်ရိုးပတ်လည်စီကာ အသေသတ်ခဲ့သည်။ အုတ်ရိုးစီနေစဉ် မင်းသမီးသည် မိမိတို့၏အဖြစ် သနစ်ကို သီချင်းလုပ်၍ဆိုနေသည်။ အောက်ဆုံး အုတ်ခဲမှ အပေါ်ဆုံး အမိုးပိတ်အုတ်ခဲအထိ အချိန်ကြာမြင့်စွာ သီချင်း ရှည်ကြီးတစ်ပုဒ်ကို သီဆိုသွားသည်။ နောက်ဆုံးအုတ်တစ်လုံးစီပြီး ပိတ်ဆို့လိုက်ချိန်ရောက်မှ မင်းသမီးကလေး၏သီချင်းသံ ရပ်ဆိုင်း သွားသည်။ မင်းသမီးကလေး သေရှာပြီဟု ရုပ်ရှင်ကြည့်ပရိသတ် မျက်ရည်ကျကြသည်။ စောင်းအိုလုလင်သီချင်းသည် ယင်းအိန္ဒိယဇာတ်ကားမှ မြစ်ဖျားခံလာခြင်းသာ ဖြစ်သည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

## (၃၀)
## "အနော်ရထာလက်ရေး"ဆိုတာ မှန်ရဲ့လား

အနော်ရထာ(အနိရုဒ္ဓဒေဝ)လက်ထက် စာပေအထောက်အထားအများစုမှာ အုတ်ခွက်ဘုရားများဖြစ်သည်။ ပုဂံအထက် တွင် တကောင်းအနီး နွားတလည်ရွာအထိ၊ ပုဂံအောက်တွင် တွံတေးအနီး စမ်းရွာအထိ အုတ်ခွက်ဘုရားများစွာ တွေ့ရသည်။ အနော်ရထာမင်းလက်ထက် အုတ်ခွက်များတွင် မြတ်စွာဘုရား ကို သာဝကများရံနေပုံနှင့် ဗောဓိသတ်ခေါ် ဘုရားများကရံနေပုံ နှစ်မျိုးနှစ်စားတွေ့ရသည်။ အုတ်ခွက်ဆင်းတုများသည် ပြည်တွင်း ဖြစ်များမဟုတ်ကြပေ။ နာလန္ဒာ၊ ဗုဒ္ဓဂါယာ စသော အိန္ဒိယဒေသ အသီးသီးမှ ပုံသွန်းရောက်ရှိလာခြင်း ဖြစ်သည်။ အုတ်ခွက်သွန်းပုံ စံ(mould) များကို အိန္ဒိယမှသယ်လာပြီး မြန်မာနိုင်ငံအတွင်းရောက်မှ ကုသိုလ်ရှင်က ကိုယ်တိုင်သွန်းလုပ်ပူဇော်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သည်။ ပုံစံများသည် ကြေးမှ ကျောက် စသည့်တို့နှင့်ဖြစ်စေ၊ ရွှံ့မြေကိုမီးဖုတ်လျက်ဖြစ်စေ လုပ်ထားသည်။ အနော်ရထာမင်း ကိုယ်တိုင် ရေးသားသွန်း လုပ်ခဲ့သည်ဆိုသော အုတ်ခွက်များတွင် 'ဧဝပ္ပါဒီဂြိ အနုရုဒ္ဓဒေဝ' ဟုဖြစ်စေ၊ အလားတူအဓိပ္ပာယ်ဖြင့်ပင် စာလုံးပေါင်းအနည်းငယ် ကွဲပြားလျက်ဖြစ်စေ ရေးထားတတ်သည်။ အနော်ရထာမင်း၏ အုတ်ခွက်စာသားတစ်ခုတွင်

၁။ ဧသော လောကနာထောမဟာရာ

၂။ ဇသိရီအနုရုဒ္ဓဒေဝနကာတော

၃။ ဝိမုတ္တံ့သဟတ္တေနေဝါတိ (ဤလောကနာထ၏ ဆင်းထုတော်ကို သိရီအနိရုဒ္ဓဒေဝ အမည်ရှိသောမင်းကြီးသည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ပါရခြင်းအကျိုးငှာ မိမိလက်တော်ဖြင့် သွန်းလု... ...ပ်မူသည်'' ဟု အဓိပ္ပာယ်ရသည်။

၁၉၇၅ခုနှစ် ပုဂံငလျင်ကြီးလှုပ်စဉ် တန့်ကြည်တောင် ပေါ်ရှိ တန့်ကြည်တောင်စေတီ ကြီးမားစွာ ကွဲအက်ပျက်စီးသွားသည်။ ကွဲသွားသောဘုရားအတွင်း စေတီတစ်ဆူပေါ်လာသည်။ ယင်းစေတီအတွင်းမှ အနော်ရထာမင်းကုသိုလ် အုတ်ခွက်မြောက် များစွာတွေ့ရသည်။ နော်ရထာမင်းတည်သည်ဟု အထောက်အထားပြနေသော အုတ်ခွက်များ၏ နောက်ကျောတွင် ပါဠိအက္ခရာ များဖြင့်-

''ဧသော ဘဂဝါ မဟာရာဇသိရီ အနိရုဒ္ဓဒေဝေန ကာ တော ဝိမုတ္တတ္တာယ သဟတ္တေ နေဝါတိ (ဤဘုရားပုံများကို ကြီးမြတ်သော၊ ကျက်သရေရှိသော၊ နတ်နှင့်တူသော အနော်ရထာ မင်းကြီးသည်



www.burmeseclassic.com

www.burmeseclassic.com



သံသရာမှ ထွက်မြောက်ပါရခြင်းအကျိုးငှာ ကိုယ်တော်တိုင် လက်တော်ဖြင့် သွန်းလုပ်ပူဇော်အပ်ပြီ''ဟု အဓိပ္ပာယ်ရသည်။ သို့ဖြစ်၍ ငုံ့တည်ထားသော တန့်ကြည့်တောင်စေတီ၏ အတွင်းစေတီသည် အနော်ရထာမင်းတည်ထားခဲ့ကြောင်း သိနိုင်သည်။ ထို့ကြောင့် ''ကိုယ်တိုင်တော် လက်တော်ဖြင့်''ဟူသော အသုံးအနှုန်းပါ အုတ်ခွက်များ ပေါ်မှ လက်ရေးသည် ကုသိုလ်ရှင် အနော်ရထာမင်းကြီး၏ လက်ရေး အစစ်အမှန်ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

## (၃၁)

## ပုဂံကျွဲရဲ့နားတောင်းပုံစံဆိုတာ မှန်ပါ့မလား

ပုဂံသို့ရောက်ဖူးသူတိုင်း သဗ္ဗညုတ်ကြားဘုရားကြီး၏ အနောက်တောင်ဘက်အနီးတွင် ကျွဲနားတောင်းဘုရားကို ဖူးမြော် နိုင်ကြသည်။ အဆောက်အအုံပုံစံမှာ ရောမနားတောင်းကြီးတစ်ခု ကို ထောင်ထားဟန်တူသည်။ ရှေ့ဒက္ခိဏာရီပါ ကိုယ်အင်္ဂါကြီးမားလှသော မှိုင်းသားငကျွဲကြီး၏ နားတောင်းပုံသာ ရယ်စရာပြောစကားတို့မှ သင်းသက် လစ်သောအမည်ဖြင့် ကျော်ကြားလျက်ရှိသည်။ သရေခေတ္တရာရှိ ဘောဘောကြီး၊ ဘုရားကြီး၊ ဘုရားမာထုပါများနှင့် တူညီသည်။ ကျွဲနားတောင်းသည် နတ်လှောင်ကျောင်းမှ အနောက် မြောက်ယွန်း ဖွန်းတွင်ရှိသည်။ ခပ်စိမ်းသုတ်အုတ်ချပ်များစီထားသည်။ ဉာဏ် တော် ၄၃ တောင်ရှိသည်။ ပုဂံခေတ်စဦးသုတ် ထုပ်ငန်း၏



www.burmeseclassic.com

www.burmeseclassic.com



ပြောင်မြောက် မှုကို သက်သေခံနေသည့် ၂ ရာစုခန့်က တည်ဆောက်ခဲ့ပုံရသည်။ လွန်ခဲ့သောနှစ်ပေါင်း ၈၀၀ ပဟ်ဝန်းကျင်ကပင် ပုဂံခေသဒ္ဒ စဉ်သုတ် လုပ်ငန်းအဆင့်အတန်းအလွန် မြင့်နေပြီဖြစ်သည်။ ယခုအခါ အောက်ဖက်ပစ္စယာအဆင့်များနှင့် ယင်းအထက် သပိတ်မှောက်ခပ်ရှည်ရှည် ၏အပေါ်ထိပ်အထိသာ ကျန်ရှိတော့သည်။ အပေါ်ပိုင်းလုံးဝမရှိတော့ပေ။

✦ ✦ ✦

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

## (၃၂)

## ရဲဘော်သုံးကျိပ်ကို "ဗိုလ်အမည်" ပေးဖို့ဘယ်သူ့အကြံရခဲ့တာလဲ

ဂျပန်နိုင်ငံ ဟာကိုနီပန်းချယ်ရီမြေသည် မြန်မာပြည်မှ ရေလမ်းခရီးဖြင့် လျှို့ဝှက်ရောက်ရှိလာခဲ့သော ရဲဘော် ၂၇ ဦးအတွက် ခေတ္တတည်းခိုစခန်းသဘောမျိုးဖြစ်သည်။ တိုကျိုမြို့မှ ၃၉ မိုင်ခန့်ကွာဝေးသည်။ နောင်တွင် ရာသီဥတုအားဖြင့် မြန်မာပြည် နှင့် အနီးကပ်ဆုံးတူညီသော ဟိုင်နန်ကျွန်း စန်းငမြို့ ဆင်ခြေဖုံး စစ်သင်တန်းသို့ ပို့ပေးလိုက်သည်။ ထို့နောက် စန်းငမှ ဖော်မိုဆာကျွန်း တာမာဆာတိုမြို့ ဗိုလ်သင်တန်းသို့ ပြောင်းရွှေ့ရသည်။ စန်းငတွင် စစ်သင်တန်းတက်ရစဉ် ရဲဘော်သုံးကျိပ်အား ဂျပန်အမည်များဖြင့် ခေါ်ဝေါ်ခဲ့သည်။ သို့နှင့် သခင်အောင်ဆန်း(အိုမိုတာမွန်ရှို)၊ သခင်ရှုမောင် (တာကာစုကီး-စုစုမို)၊ သခင်လှမောင် (ခါကာတာတာရှို) စသည့်ဖြင့်သုံးနှုန်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ တွင် သခင်လှမောင်(ခါကာတာတာချီ)က စိတ် ကူးတစ်ခု တင်ပြခဲ့ သည်။ ဂျပန်တွင် ဂျပန်အမည်ဖြင့် စစ်သင်တန်းတက် နေစဉ် မြန်မာ ပြည်တွင် ကျန်ရစ်ခဲ့သော မိသားစုများ၊ ဆွေမျိုးများ ဒုက္ခရောက်စရာ မရှိကြောင်း၊ မြန်မာပြည်သို့ချီတတ်သည့်အခါ ဂျပန်နာမည် များမသုံး ချင်တော့၍ မြန်မာနာမည်ရင်းများဖြင့်ခေါ်ခဲ့လျှင် မိသားစုများ ဒုက္ခတွေ့ နိုင်ကြောင်း၊ ထို့ကြောင့် မြန်မာပြည်သို့ဝင်သည့်အခါ ရှေးခေတ်က ဘုရင့်နောင်၊ ဗန္ဓုလစသည့်ဖြင့် အမည်မျိုးများ မှည့်ခေါ်သုံးစွဲသင့် ကြောင်း အကြံပေးသည်။ ဤနည်းဖြင့် သခင်အောင်ဆန်း (ဗိုလ် တေဇ)၊ သခင်ရှုမောင် (ဗိုလ်နေဝင်း)၊ သခင်လှမောင် (ဗိုလ်ဇေယျ) စသည့်ဖြင့် သခင်အမည်ပျောက်ပြီး ''ဗိုလ်''အမည်များ ဖြင့် ပြောင်းလဲ ရောက်ရှိ လာခဲ့သည်။ ရဲဘော်သုံးကျိပ်အမည်များကို ဘန်ကောက်မြို့ တန္တမ်းစပ်ထုံလမ်းရှိ ဘော်နီယိုကုမ္ပဏီဝင်းအတွင်း စတင်ပေးအပ် ခဲ့သည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

## (၃၃)
## ဘုရင့်နောင်နဲ့ ထိုင်းဘုရင်တို့ ဘယ်လိုဆွေးမျိုးတော်စပ်ခဲ့သလဲ

ယိုးဒယား (ထိုင်း)ဘုရင် ဗြနရာဇ် (ခရစ် ၁၅၅၅-၁၆၀၅) ၏အမည်ကို ဗြနရေဆုအစ် (နရေဝန)ဟု သမိုင်းများတွင် တွေ့ရသည်။ ဟံသာဝတီ ဆင်ဖြူများရှင် (ဘုရင့်နောင်)လက်အောက် ယိုးဒယားနိုင်ငံကို ဘုရင့်နောင်၏သားတော် ငါးဆူဒါယကာ နန္ဒဘုရင်လက်ထက်တွင် လွတ်မြောက်စေခဲ့သူဖြစ်သည်။ ဗြနရာဇ် သည် ဘုရင့်နောင်နှင့် ဆွေမျိုးတော်စပ်သည်၊ ဗြနရာဇ်(နရေဆုအစ်) ၏အစ်မတော် "အမျိုးရုံ့မင်းသမီး" သည် ဘုရင့်နောင်၏မိဖုရား ဖြစ်သည်။ ထို့ကြောင့် ဘုရင့်နောင့်၏ ယောက်ဖတော်စပ်သည်။ ဘုရင့်နောင်နှင့် အမျိုးရုံ့မင်းသမီးတို့မှ သမီးတော် "မင်းအထွေး" ကိုရရှိသည်၊ ထို့ကြောင့် မင်းအထွေးသည် နရေဆုအစ်၏ တူမတော်စပ်သည်။ ဘုရင့်နောင်၏တူ မင်းတုလောင်းသည် နရေဆုအစ်၏ သမီးတော် အကြီးနှင့် ထိမ်းမြားဆက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့ကြောင့် နရေဆုအစ်၏သမီးတော်အကြီး သည် ဘုရင့်နောင်၏တူမတော်စပ်သည်။ထို့အပြင် မြေးလည်းတော်စပ်သည်။ ဘုရင့်နောင်၏တူမ (တူတော်မင်းတုလောင်း၏ အစ်မ)သည် လည်း နရေဆုအစ်နှင့် လက်ဆက်ခဲ့သည်။ ထို့ကြောင့် ဘုရင့်နောင်သည် နရေဆုအစ်ဘုရင်၏ ဦးလေးလည်းတော်စပ်သည်။ ဗြနရ ၏ မြန်မာ မိဖုရားနှင့်ပတ်သက်၍ တောင်ငူခေတ်စာဆိုကျော် နဝဒေး ကြီးက "ယိုးဒယားမိဖုရားချင်း" ကို ရေးဖွဲ့ခဲ့သည်။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

(၃၄)

## ဒဂုံက ရှင်စောပုဘုရင်မကြီးနန်းတော်ဟောင်းနဲ့ အရိုးအိုးစေတီ ဘယ်မှာရှိသလဲ

— ဘုရင်မကြီးသည် မိမိနေထိုင်ရာ ဘုရားအနောက်ဘက် သစ်မြို့နန်းမှနေ၍ ရွှေတိဂုံစေတီရင်ပြင်ပေါ်သို့ အနောက်ဘက်စောင်တန်းမှ တက်ရောက်ဝတ်ပြုခဲ့သည်။ အသက် ၇၈ နှစ်အရွယ်တွင် ရွှေတိဂုံစေတီတော်ကြီးကို အာရုံပြုရင်း အနိစ္စရောက်သွားသည်။ ဘုရင်မကြီးစိုးစံခဲ့သော သစ်မြို့နန်းနေရာသည် ရွှေတိဂုံစေတီတော်ကြီး၏အနောက်ဘက် ဦးဝိစာရကြေးရုပ်နှင့် တော်လှန်ရေးပန်းခြံပတ်ဝန်းကျင်ဖြစ်နိုင်သည်ဟု ယူဆထားသည်။ တော်လှန်ရေးပန်းခြံနေရာတွင် ရှင်စောပုကုန်းဟူ၍ ရှိခဲ့ဖူးသည်။ အရိုးအိုးစေတီငယ်သည့် ပြည်သူလွှတ်တော်အဆောက် အအုံကြီးအနီး မွေစေတီလမ်း (ယခင် ဝင်ဆာလမ်း)တစ်ဘက်ရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ရှိခဲ့ဖူးသည်ဟု သတင်းစာဆရာ ဦးသိမ်းမောင် က ရန်ကုန်ရာဇဝင်သမိုင်းတွင် ဖော်ပြခဲ့သည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

# (၃၅)
# နောင်တော်ကြီးကို ရွှေတိဂုံစေတီထက်စောပြီး တည်ခဲ့သလား

နောင်တော်ကြီးစေတီတော်နှင့် ပတ်သက်၍ သမိုင်းအထောက်အထားအမျိုးမျိုးကွဲလွဲလျက်ရှိသည်။ နောင်တော်ကြီးစေတီကို အလောင်းမင်းတရား၏ သားတော် နောင်တော်ကြီးမင်းတရား (၁၇၆၀-၆၃)တည်ထားသည်ဟုဆိုသည်။ အချို့က သာယာဝတီမင်း (ကုန်းဘောင်မင်း၊ ရွှေဘိုမင်း)၏ နောင်တော် ဘကြီးတော် မှန်နန်းရှင် (၁၁၈၁)တည်သွားသည်ဟုမှတ်တမ်းတင်သည်။ ဘိုးတော်ဘုရားခေါ် ဗဒုံမင်းတရား (၁၇၈၂-၁၈၁၉)လက်ထက် ရန်ကုန်မြို့သို့ရောက်လာသူ အင်္ဂလိပ်စစ်တပ်ဆရာဝန် ဝီလီယံဟန်းတား ၁၅၈၃ နိုဝင်ဘာလ ၃ရက်တွင် ရန်ကုန်ရောက်လာသူ အီတလီနိုင်ငံသား ဗင်းနစ်မြို့သား ကျောက်ကုန်သည် ဂတ်စ်ပရိုဘယ်လ်ဘီ(Gasparo Balbi)တို့၏ မှတ်တမ်းအရ ၁၆ရာစုနှောင်းကာလမှ ၁၈ရာစုနှောင်းကာလအထိ နောင်တော်ကြီးစေတီနှင့် ပတ်သက်၍ အထောက်အထားများတွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေးလူကြီးများအဆို အရ ရွှေတိဂုံစေတီမတည်မီပုံစံယူသည့် စေတီဖြစ်သည်။ နောင်တော်ကြီးစေတီတော်မြတ်ကို မူလတည်ထားစဉ် ဉာဏ်တော်မည်မျှမြင့်ကြောင်း မသိရပေ။ သို့ရာတွင်စစ်ကဲဦးထော်လေး (၁၇၇၆-၁၈၆၉)သည် ဉာဏ်တော်အတောင် ၈၀(ပေ ၁၂၀)ရှိနောင်တော်ကြီးစေတီတော်မြတ်အား ပြုပြင်ခဲ့ကြောင်း ကျောက်စာအထောက်အထားများတွေ့ရ၍ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ကျော်ခန့်ကပင် လက်ရှိအသွင်ပြင်အတိုင်း တည်ရှိနေခဲ့ပြီ ဟုဆိုနိုင်သည်။ အချုပ်အားဖြင့် နောင်တော်ကြီးစေတီကို ဥက္ကလာပမင်းကြီး တဖုဿဘလ္လိကနှင့် မြန်မာတိုင်းရင်းသားတို့ မြတ်ဗုဒ္ဓ၏ဆံတော်မြတ်ပင့်ဆောင်စဉ် အထိမ်းအမှတ်စေတီငယ်ကို တည်ထားခဲ့ရာ နောင်တွင် ထိုစေတီငယ်ကို ငုံ၍ အဆင့်ဆင့် ပြုပြင်မွမ်းမံခဲ့၍ လက်ရှိနောင်တော်ကြီးစေတီဖြစ်လာသည်ဟုဆိုနိုင်သည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

## (၃၆)
## ရွှေတိဂုံရင်ပြင် ဗောဓိညောင်ပင်နေရာ
## အုတ်တံတိုင်းပေါ်ကတက်ကြည့်ရင် ပင်လယ်ကြီးကို မြင်ရသလား

ရွှေတိဂုံစေတီ အရှေ့တောင်ထောင့်ရင်ပြင် အင်္ဂါထောင့်တွင် ဗောဓိ ညောင်ပင်ကြီးတစ်ပင်ရှိသည်။ ညောင်ပင်ကြီးအနီး တံတိုင်းပေါ်မှ တက်ကြည့်လျှင် မြင်နေရသောရေပြင်တစ်ပိုင်းတစ်စက် ပင်လယ် ကြီးဟု လူကြီးများက အစဉ်တစိုက်ပြောလာခဲ့ကြသည်။ အမှန်စင်စစ် ထိုတံတိုင်းပေါ်မှ မြင်နေရသောရေပြင်သည် ရန်ကုန်မြစ်ပြင်သာ ဖြစ် သည်။ ရန်ကုန်မြစ်ကို ကျော်ကြည့်လိုက်လျှင် ရာသီဥတုကြည်လင်ပါက သန်လျင်မြို့ရေနံလုပ်ငန်း အဆောက်အအုံများကို မြင်နိုင်သည်။ ကျိုက်ခေါက်စေတီကိုပင် ကောင်းစွာမြင်နိုင်သည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com



## (၃၇)
## စာပေလောကထဲက ပထမဆုံး မြန်မာစတန့်မင်းသားသိရဲ့လား

မြန်မာ့ရုပ်ရှင်သမိုင်းမှတ်တမ်းအရ ထိုးခန်းကြိတ်ခန်းများပါရှိသော စတန့်ခေါ်ဇာတ်ကြမ်းကားများကို ဗြိတိသျှဘားမားဏ် "ရွှေသဇင်" ဇာတ်ကားမှစတင်သည်ဟု သိရသည်။ ၁၉၂၃ခုနှစ်ခန့်မှစ၍ ရုပ်ရှင်ကုမ္ပဏီမား သူ့ထက်ငါဦးအောင်ထူးအောင် စီစဉ်ရိုက်ကူးကြသည် ကုန်ဈေးတန်းဦးစိန်ဟုတ်သည် သီတာဖလင်တည်ထောင်သည်။ "နဖူးစာရွာလည်" ဇာတ်ကားရိုက်သည်။ ဒါရိုက်တာဦးဘသန်းဖြစ်သည်။ စာရေးဆရာပီမိနင်းဇာတ်ညွှန်းရေးသည်။ အထိုးအသတ် အခုန်အပျံ အကြမ်းအရမ်းဇာတ်ကားဖြစ်သည်။ ဦးစိန်ဟုတ်၏ သူငယ်ချင်း (ကာလဗလ)ကိုရှိန်နှင့် ညီဖြစ်သူ ကိုစိန်(နောင်တွင် တိုးတက်ရေး ဦးစိန်ခေါ် စာရေးဆရာဦးပဂျိုငို)တို့ ဦးဆောင်ပါဝင်သည်။ ကိုစိန်က

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



မင်းသား၊ ကိုရှိန်ကလူကြမ်းနေရာမှ သရုပ်ဆောင်ခဲ့သည်။ ထိုဇာတ်ကားတွင် မင်းသားကိုစိန်က လူဆိုးများစီးလာသည့် ဖို့ဒ်မော်တော်ကားရပ်သွားစေရန် လမ်းမှဆီးကြိုလှဲအိပ်လိုက်ရာ မော်တော်ကားက မင်းသားရင်ပတ်ပေါ်မှ ဖြတ်ကြိတ်သွားခန်းပါရှိသည်။ ယနေ့ကံပွဲဆရာအတက်သင်ကျောင်းနေရာရှိ နှစ်ထပ်တိုက်ပေါ်မှ မန်ကျည်းပင်ပေါ်သို့ မင်းသားဒိုင်ဗင်ထိုးချခန်း၊ တူးဖော်နေဆဲ ကုက္ကိုင်းရေလှောင်ကန်ကြီး၏ဘောင်ပေါ်တွင် မင်းသားနှင့် လူဆိုးများ ထိုးကြ၊ ကြိတ်ကြသည့်အခန်းများပါဝင်သည်။

စာရေးဆရာဦးပကျိုင်စတန့်မင်းသားအဖြစ် ပါဝင်ရိုက်ကူးခဲ့သည့် “နဖူးစာရွာလည်” စတန့်ဇာတ်ကြမ်းကို ၁၉၂၃ခုနှစ်၊ မေလအတွင်း (ယခုဗိုလ်ချုပ်အောင်ဆန်းဈေး နေရာရှိ) စီနီမာဒီပဲရစ် ရုပ်ရှင်ရုံ၌ ပြသခဲ့သည်။ “တောမြိုင်စွန်းက လွမ်းအောင်ဖန်” ရုပ်ရှင်ကားပြအပြီးတွင် တင်ဆက်ခဲ့သည်။ စာရေးဆရာဦးပကျိုင်သည် (စာ-နယ်-ဇင်း)ဟူသော ဝေါဟာရကိုလည်း စတင်တီထွင်အသုံးပြုခဲ့သူအဖြစ် ထင်ရှားသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

## (၃၈)

## ဒုတိယကမ္ဘာစစ်ကြီးခေတ် ရန်ကုန်မြို့ကြီး ဗုံးကြဲခံရပုံတွေ သိချင်သလား

၁၉၄၁ခုနှစ် ဒီဇင်ဘာလ ၈ရက်နေ့တွင် ဗြိတိသျှနှင့် အမေရိကန် နိုင်ငံများက ဂျပန်နိုင်ငံအပေါ် စစ်ကြေညာသည်။ အင်္ဂလိပ်လက်အောက် ရန်ကုန်မြို့ပေါ်သို့ ၁၉၄၁ခုနှစ် ဒီဇင်ဘာလ ၂၃ရက်၊ နံနက် ၁၀နာရီ အချိန်၌ ဂျပန်လေတပ်လာရောက်ဗုံးကြဲသည်။ ဂျပန်လေယာဉ် ၆၀နှင့် တိုက်လေယာဉ် ၃၀ ပါရှိသည်။ ရန်ကုန်မြို့သူ မြို့သားများသည် ဗုံးကြဲပုံ မမြင်ဖူး၍ လူစု၊ လူဝေးကြီးဖြင့် လမ်းမအလယ်များတွင် ရပ်လျက်ကောင်းကင်ပေါ်သို့ မော့ကြည့်ကြသည်။ ရန်ကုန်ကမ်းနား ပင်လယ်ကူးသင်္ဘောကြီးအလုပ်သမား ဂေါ်ရင်ဂျီများပေါ်သို့ ဂျပန်လေယာဉ်များက ဗုံးများဖြုတ်ချပြီး

www.burmeseclassic.com

www.burmeseclassic.com



နိမ့်နိမ့်ဆင်းကာ စက်သေနတ် များဖြင့် ပစ်ခတ်သည်။ ပထမ အကြိမ်ရန်ကုန်မြို့ ဗုံးကြဲခံရစဉ် လူပေါင်း ၂၀၀၀ခန့် သေဆုံးသည်။ ၂၅၀၀ကျော်ဒဏ်ရာရသည်။ အင်္ဂလိပ်တို့က ဂျပန်လေယာဉ် ၁၁စင်းကိုပစ်ချနိုင်ခဲ့သည်။

၁၉၄၁ခုနှစ် ဒီဇင်ဘာလ ၂၅ရက်နေ့တွင်လည်း ဂျပန်တပ်က ရန်ကုန်မြို့ပေါ် ဒုတိယအကြိမ်ဗုံးကြဲသည်။ ဂျပန်ဗုံးကြဲလေယာဉ် ၈၀နှင့်တိုက်လေယာဉ် ၂၀ပါရှိသည်။အရပ်သား ၇၅၀ခန့်သေဆုံးသည်။ ၁၇၀၀ခန့်ဒဏ်ရာရသည်။ မီးလောင်ဗုံးများကြောင့် အလုံ ရပ်ကွက်မီးလောင်သည်။

၁၉၄၂ခုနှစ် ဖေဖော်ဝါရီလ ၂၅ရက်တွင် ဂျပန်လေယာဉ်များ ထပ်မံဗုံးကြဲသည်။ ထိုနေ့အထိ ဂျပန်လေယာဉ် ၂၉စင်း ပစ်ချခံခဲ့ရ သည်။

၁၉၄၂ခုနှစ် မတ်လ ၇ရက်တွင် ဆုတ်ခွာတော့မည့် အင်္ဂလိပ် စစ်တပ်က ရန်ကုန်မြို့ကို မီးရှို့ဖျက်ဆီးသည်။ ရပ်ကွက်များ မီးဟုန်းဟုန်း တောက်လျက်ရှိသည်။ ရန်ကုန်မြို့ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ဆိပ် ကမ်းမှ ဝန်ချီစက်ကြီးများနှင့် သိမ်ကြီးဈေးတို့ ပျက်စီးသွားသည်။ သန်လျင်မြို့ရှိ ရေနံချက်စက်ရုံကြီးကိုလည်း အင်္ဂလိပ်တို့ ဖောက်ခွဲ ဖျက်ဆီးပစ်သည်။ ကောင်းကင်ပေါ်သို့ မီးခိုးလုံးကြီးများ တက်နေ၍ ရန်ကုန်တစ်ဝိုက်၊မြေပြင်တစ်ခုလုံး နေရောင်မမြင်ရလောက်အောင် အုံ့ မှိုင်းမဲမှောင်လျက်ရှိခဲ့သည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com



## (၃၉)

## နှစ်ဆန်းတစ်ရက်နေ့တိုင်း မဟာဝိဇယစေတီတော်အတွင်း ဆင်းတုတော်ကို နေမင်းဘာကြောင့် ဦးခိုက်တာလဲ

မြန်မာနှစ်ဆန်းတစ်ရက်နေ့(ဧပြီလ ၁၇ ရက်)တွင် ဗုဒ္ဓဘာသာဝင်များ ကုသိုလ်ကောင်းမှုအမျိုးမျိုး ပြုတတ်ကြသည်။ ရွှေတိဂုံစေတီသို့သွားလျှင် စေတီတော်ကြီးအနီး မဟာဝိဇယစေတီတော်ကြီးသို့လည်း ရောက်ရှိဖူးမြော်ကြသည်။ဂန္ဓကုဋီတိုက်၏ ဗဟိုတည့်တည့်တွင် နာဂစီဝရပဋ္ဌပဋ္ဌိမာ ဆင်းတုတော် မြတ်ကိန်းဝပ်စံပယ်လျက်ရှိသည်။ နီပေါဘုရင်၏လက်ဆောင်ဖြစ်သည်။ ပဉ္စလောဟာဖြင့်သွန်းလုပ်ထားသည်။ နှစ်စဉ် ဧပြီလ ၁၇ ရက်သို့ ရောက်လျှင် မဟာဝိဇယစေတီတော်တွင် ဘုရားဖူးပရိသတ် ပိုများသည်။ ဘာကြောင့်ဆို နေမင်းကြီးက နာဂစီဝရဗုဒ္ဓဆင်းတုတော်အား တစ်နေ့ တည်းနှစ်ကြိမ်

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရှိန်းဦးခိုက်ပူဇော်မှုကို လေ့လာကြည့်ရှုရန်ဖြစ်သည်။ ထိုနေ့တွင် နံနက် ၈ နာရီ ၃၅ မိနစ်တွင်တစ်ကြိမ်၊ ညနေ ၃ နာရီ ၃၅ မိနစ်တွင် တစ်ကြိမ်၊ စုစုပေါင်းနှစ်ကြိမ် ဦးခိုက်ပူဇော်တတ်သည်။

မဟာဝိဇယစေတီတော်၏ ဂန္ဓကုဋိတိုက်အတွင်း အရှေ့အရပ်မျက်နှာ၌ ဂေါတမမြတ်စွာဘုရား စံပယ်သည်။ သီဟာသနပလ္လင်ပေါ်တွင် ဘူမိဖဿမုဒြာဖြင့် စံပယ်နေသည်။ လက်ျာရစ်လျက်သွားလျှင် ဒီပင်္ကရာ၊ ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ အစရှိသော မြတ်ဘုရားရှစ်ဆူကို ပလ္လင်အသီးသီးပေါ်တွင် ဖူးမြော်နိုင်သည်။ မြတ်ဘုရားရှစ်ဆူ အထက်ဆင့်တွင် နာဂစိုဝရပန္နပဋိမာဆင်းတုတော်လေးဆူ စံပယ်နေသည်။ အရပ်လေးမျက်နှာသို့ မျက်နှာတော်များ လှည့်လျက် အပူဇော်ခံနေသည်။ (အရှေ့အရပ်ရှိဆင်းတု တော်သည် နီပေါဘုရင်လက်ဆောင် မူလဆင်းတုတော်အစစ်ဖြစ်သည်။)ကျန်ဆင်းတုတော်သုံးဆူသည် ပုံစံတူသွန်းလုပ်ထားခြင်းဖြစ်သည်။ အထက်တွင်ဆိုအပ်ခဲ့သည့်အတိုင်း မြန်မာ့နှစ်ဆန်းတစ်ရက်နေ့ (ဧပြီလ ၁၇ ရက်နေ့တိုင်း) နေမင်းသည် ပဉ္စလောဟာ နာဂစိုဝရပန္နပဋိမာ ဆင်းတုတော်မြတ်ကို နံနက်တစ်ကြိမ် ညနေတစ်ကြိမ် ဦးခိုက်ပူဇော်တတ်သည်။ ယင်းသို့ နှစ်စဉ် ဘူးခြားစွာ နေမင်းကြီးက ပူဇော်ရောက်စေရန် စီစဉ်တွက်ချက် ဖန်တီးပေးခဲ့သူမှာ **ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဆရာတော်ကြီး** ဖြစ်သည်ဟု သိရသည်။ ဆရာတော်ကြီးသည် နှစ်ဆန်းတစ်ရက်နေ့တိုင်း ကျရောက်တတ်သည့် နေသွားလမ်းကြောင်းနှင့် နေရောင်ကျရောက်မှုထောင့်ဒီဂရီကို တွက်ချက်ပေးခဲ့သည်. ဆရာတော်ကြီး တွက်ချက်မှုအတိုင်း နေမင်းရောင်ခြည်



www.burmeseclassic.com

www.burmeseclassic.com



များ နှစ်ကြိမ်တိတိ ဝင်ရောက်ဖူးမြော်နိုင်စေရန် မဟာဝိဇယစေတီတော်၏ အရှေ့မုခ်နှင့် အနောက်မုခ်တို့တွင် စီစဉ်ပြုလုပ်ခဲ့ကြသည်။ ယခုတစ်ကြိမ် မဟာဝိဇယစေတီတော်သို့ ဖူးမြော်ရောက်ရှိလျှင် အရှေ့မုခ်နှင့် အနောက်မုခ်ကို လေ့လာကြည့်ပါ။ ယင်းမုခ်တို့၏ အထက် (၁၅)ပေခန့် အမြင့်တွင် နေရောင်ခြည်ဝင်ပေါက်နှစ်ပေါက် ဖောက်လုပ်ပေးထားသည်ကို တွေ့ရပါလိမ့်မည်။ နေဝင်ပေါက် တစ်ပေါက်စီသည် တစ်ပေခွဲခန့်ပတ်လည် ကျယ်ဝန်းသည်။

✦ ✦ ✦

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

(၄၈)

## ရွှေတိဂုံရင်ပြင် ဘယ်နေရာမှာ အင်္ဂလိပ်သင်္ချိုင်း ရှိခဲ့ဖူးသလဲ

အင်္ဂလိပ်တို့သည် မြန်မာတပ်များနှင့်တွေ့ဆုံတိုက်ခိုက်ရာတွင် ကျဆုံးသူများအလောင်းကို ရွှေတိဂုံစေတီရင်ပြင်ပေါ်မှာပင် မြှုပ်နှံခဲ့ကြသည်။ ရင်ပြင်တော်အရှေ့မြောက်ထောင့် (တနင်္ဂနွေထောင့်)တွင် ဖြစ်သည်။ အမှတ် ၁၈၊ ဘုရင့်အိုင်းရစ်တပ်မှ လက်ဖတင်နင်အာရ်ဒိုရန် (Lt. R Doran) အမှတ် ၉၊ မဒရပ်ခြေမြန်တပ်မှ ဂျေ၊ အမ်တေလာ (J,M Taylor) နှင့် ဝင်ချက်စတာသအော်မှ တာပွတိန် စီ၊ ဂျီ၊ လော့ (C.G. Locke)တို့၏ ရုပ်အလောင်းများဖြစ်သည်။ မြန်မာတို့သည် ၁၉၁၉ ခုနှစ်မှစတင်၍ အင်္ဂလိပ်စစ်တပ်များ ဘုရားကုန်းမတော်မှပြောင်းရွှေ့ပေးရန် အရေးဆိုခဲ့ကြသည်။ ၁၉၂၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့၊ နံနက် ၇ နာရီခန့်တွင် ကုန်းတော်ပေါ်မှ အင်္ဂလိပ်သင်္ချိုင်းများကို ကန်တော်မင်စစ်သင်္ချိုင်း (ဦးဉတ္တမပန်းခြံ)သို့ စစ်အခမ်းအနားဖြင့် ပြောင်းရွှေ့ဖယ်ရှားပေးသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

## (၄၁)
## ကောင်းမှုတော်ဘုရားကြီးကို အုတ်ချပ်ရေဘယ်လောက်နဲ့ တည်ထားတာလဲ

ကောင်းမှုတော်ဘုရားသည် ပုံစံတော်ထူးခြားသည်။ ဘုရားပုံစံတော်နှင့်ပတ်သက်၍ အမျိုးမျိုးပြောလာကြသည်။ အချို့ကလည်း လက်လွတ်စပယ် ပြောလာခဲ့သည်ကို ယုံကြည်နေကြဆဲပင်။ ကောင်းမှုတော်ဘုရားတွင် ပစ္စယံသုံးဆင့်ခံထားသည်။ သပိတ်မှောက်ထားသည့်အလား တည်ထားသည်။ အဆိုပါ စပါးပုံသဏ္ဍာန် ဓာတ်တော်ကြုတ်အုပ်ထားသည့်သဏ္ဍာန် စေတီတော်အမျိုးကို သီရိလင်္ကာနိုင်ငံ၌ အများဆုံးဖူးတွေ့ရသည်။ စစ်ကိုင်းကောင်းမှုတော်ဟူ၍သာ လူသိများနေသော ရာဇမဏိစူဠာစေတီကြီးသည် စစ်ကိုင်းမြို့မြောက်ဘက် ၆ မိုင်အကွာ၌ တည်ရှိသည်။ မြန်မာသက္ကရာဇ် ၉၉၈ (ခရစ် ၁၆၃၆) ကော်သလှင်းလဆန်း ၁၀ ရက် တနင်္လာနေ့တွင် အင်းဝဘုရင်


www.burmeseclassic.com

www.burmeseclassic.com



သာလွန်မင်းတရားကြီးတည်ခဲ့သည်။ ဉာဏ်တော်သည် အတောင် ၁၀၁၊ လုံးပတ် ၅၀၂ တောင် ၂ မိုက် ၄ သစ်ရှိသည်။ စေတီကြီးကို ကျောက်ဆီမီးတိုင် ၈၀၂တိုင် ဝိုင်းရံထားသည်။ ၁၂နှစ်ကြာမျှ တည် ဆောက်ခဲ့ရသည်။ မြန်မာ၊ မွန်၊ ယွန်း(ရှမ်း)အက္ခရာတို့ဖြင့် နိပါတ်ခင်း ရုပ်စုံ၊ ဗုဒ္ဓဝင်နှင့်ဥဒါန်းတို့ကို နံရံပန်းချီခြယ်ထားသည်။ မုခ်ဝလေးမျက် နှာ၌ အုတ်ပြသာဒ်များ ဆောက်လုပ်ထားသည်။ ကျောက်စာအရ ဓွယ်တော်၊ ဆံတော်တို့အပြင် အရပ်ရပ်မှ ပင့်ဆောင်လာသော ဓာတ်တော်မွေတော်နှင့် ပတ္တမြား၊ ရွှေ၊ ငွေ၊ ပယင်း၊ မိုးကြိုးစေတီများ ဌာပနာထားသည်။ စေတီကြီးတည်ရာတွင် အုတ်ချပ်ပေါင်း ၁၀,၁၂၆,၅၅၂ အသုံးပြုခဲ့သည်။

ဗိုက်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

## (၄၂)
## ဖိုးစိန်ကြီးဘုရား ရန်ကုန်မြို့ဘယ်နေရာမှာရှိသလဲ

ရန်ကုန်မြို့၊ ကန်တော်ကြီးစောင်း၊ ဂျာမနီသံရုံးအနီး ဖိုးစိန်လမ်းတွင် ဆုတူးပန်စာသင်တိုက် တည်ထောင်ထားသည်။ ဖိုးစိန်ကြီးသည် ဇာတ်ကသေးစဉ်အခါ ဦးရစ်တွင် ဇာတ်တော်များကို ထည့်သွင်းပူဇော်ကလေ့ရှိသည်။ နောင် ဇာတ်မကတော့သည့်အခါ ဖိုးစိန်လမ်းရှိ ဖိုးစိန်ကြီး၏ ခြံဝင်းတစ်နေရာတွင် အဆိုပါဇာတ်တော်များကိုဌာပနာပြီး စေတီတစ်ဆူ တည်ထားကိုးကွယ်ခဲ့သည်။ ဖိုးစိန်ကြီး၏ခြံကို ရောင်းလိုက်သောအခါ ဝယ်ယူသူ အိန္ဒိယသားတစ်ဦးက ဘုရားတည်ထားရာနယ်မြေတစ်ဝိုက်ကို ဝယ်ယူရန် ငြင်းဆန်ခဲ့သည်။ ထိုနေရာကို ဆုတူးပန်ရုပ်ရှင်ရုံပိုင်ရှင်က ဝယ်ယူလိုက်သည်။ ဘဒ္ဒန္တပဏ္ဍိတအရှင်မြတ်သို့ လှူဒါန်းခဲ့သည်။ ဆုတူးပန်စာသင်တိုက်ကြီးအဖြစ် ထင်ရှားလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

(၇၃)

## မုခ်ပေါက်မှာ ခြင်္သေ့ရုပ်တွေမရှိတဲ့ ရန်ကုန်မြို့ကဘုရားတစ်ဆူ ဘယ်မှာတည်ထားသလဲ

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ ကိုးထပ်ကြီးရပ်ပွားတော် (ဝါ) ကိုးထပ်ကြီးဆုတောင်းပြည့်ဘုရားဖြစ်သည်။ ဘွဲ့တော်အပြည့်အစုံမှာ အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရားဖြစ်သည်။ ဘုရား၏ရင်ဘတ်တော်၌ ဌာပနာကိုးဆင့် တည်ထားခဲ့သောကြောင့် ကိုးထပ်ကြီးဘုရားဟု အမည်တွင်ခဲ့သည်။ ဆင်းတုတော်ကြီးသည် မြေဖြတ်အရပ်သို့ မျက်နှာမူသည်။ ဘူမိဖဿမုဒြာဖြစ်သည်။ အဝတ်အထည် အဆောင်အယောင်နှင့် ရာထူးစည်းစိမ်တိုးပွားရေးအတွက် ဆုတောင်းပြည့်သည်ဟု ယူဆကြသည်။ ဘောဂဝင်ယာလုပ်ကိုင်သူ ဦးကြိုင်(ဇနီး ဒေါ်ငွေဇင်)သည် အိမ်မက်အရ ၁၉၁၀ ပြည့်နှစ်၊ ဩဂုတ်လ (၉)ရက်



www.burmeseclassic.com

www.burmeseclassic.com



နေ့တွင် အမြင့်ဉာဏ်တော် (၇၂)ပေရှိ လုံးတော်ပြည့်ရုပ်ပွားတော်ကြီးကို တည်ထားကိုးကွယ်ခဲ့သည်။ ဘုရားကြီးအဝင်တွင် မြွေနှင့်ဖားရုပ်တို့ကို ကြေးပြုလုပ်ထားသည်။ ရန်ပြေမာန်ပြေသင်္ကေတ ဖြစ်သည်။ ဘုရားကြီးမုခ်ပေါက်တွင် ရက္ခစိုး၊ ဘိုးတော်ရုပ်ကြီးက ဆီးကြိုလျက်ရှိသည်။ ဘုရားကုန်းတော်သို့ လာရောက်သူအားလုံး ပျော်ရွှင်ချမ်းမြေ့စေရန် အတိုက်ဆောင်ထားသည့် သဘောဖြစ်သည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

# (၄၄)
# ရန်ကုန်မြို့က ကျိုက်အသုတ်ဘုရား ဘယ်မှာရှိသလဲ

ကျိုက်အသုတ်ဘုရားသည် ရန်ကုန်မြို့လယ်တွင် တည်ရှိသည်။ ရွှေတိဂုံစေတီ၏ အရှေ့တောင်ဘက် ၈၂၇၅ ပေအကွာ၌ တည်ထားသည်။ သာသနာနှစ် ၂၃၅တွင် တည်ခဲ့သည်ဟု မှတ်တမ်းများအရ သိရသည်။ သီရိလင်္ကာကျွန်းမှ သျှင်ယသ၊ သျှင်သောဏ၊ သျှင်သုခိ အမှူးပြုသော ရဟန္တာရှစ်ပါးသည် ဆံတော်နှင့်ဓာတ်တော်များ ပင့်လာသည်။ သန်လျင်မင်း ဘောဂသေနလက်သို့အပ်ပြီး စေတီတည်ကြသည်။ သိင်္ဂုတ္တရကုန်း၏ အရှေ့မြောက်ယွန်းတွင် ဓာတ်တော်အချို့ဖြင့် ကျိုက္ကဆံစေတီတည်သည်။ ထို့နောက် ဆူးလေးစေတီတည်ရန် အသုတ်အမည်ရှိ အမတ်ကြီးသို့ တာဝန်ပေးအပ်သည်။ ကျိုက်အသုတ်ဘုရားဟုဘွဲ့တွင်သည်။ နှစ်ပေါင်းများစွာကြာသော် ကျိုက်အသုတ် ဘုရားသည် ဆူးလေပင်များဖုံးအုပ်ခံနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆူလေးစေတီဟု အချို့ကခေါ်သည်။ အချို့က အသုတ်သည် မွန်စကား ဖြစ်သည်။ ဆံတော်ဟုဆိုလိုသည်။ ဆံတော်ကို ပါဠိဘာသာဖြင့် စူဠဟုခေါ်သည်။ ထို့ကြောင့် စူဠစေတီမှ ဆူးလေစေတီဟုဖြစ်လာနိုင် သည်။ ဆူးလေစေတီတော်၏ ဉာဏ်တော်သည် ၁၄၄ ပေ၊ ၄၁/၂လက်မဖြစ် သည်။ စေတီပုံတော် ထူးခြားသည်။ အောက်ခြေမှစ၍ ချယားသီး၊ ပိန္နဲတိုင်တို့အထိ ရှစ်မြှောင့် ထောင့်ချိုးများသာ ဖြစ်သည်။ ရှေးအခါက ပန်းတင်ခုံ၏အောက်ခြေသည် ရှစ်မြှောင့်ပင် ရှိခဲ့ဟန် တူသည်။ ယခုအခါ အဝိုင်း သဏ္ဍာန်ဖြစ်နေသည်။ ပန်းတင်ခုံတစ် မြှောင့်စီသည် ၂၄ ပေခန့်စီ ရှည်သည်။ မှန်လေးမှန်တည်ဆောက်ထား သည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

## (၄၅)

## “ထီ”ဆိုတာ မြန်မာစကားဟုတ်ရဲ့လား

“ထီ”ဟူသောစကားရပ်မှာ မြန်မာ့စကားသက်သက်ဖြစ်သည်ဟု မယူဆနိုင်ပေ။ အင်္ဂလိပ်စကားမှ အရင်းခံသည်ဟု ယူဆကြသည်။ တရုပ်စကားအရင်းအမြစ်ဟုပင် ယူဆသူရှိသည်။ အနီးဆုံးဝေါဟာရမှာ အင်္ဂလိပ်ဝေါဟာရ LOTTERY ဖြစ်သည်။ လော်ထရီမှ လော်ထီ၊ ထိုမှတစ်ဆင့် ထီဟူ၍ ရွေ့လျောဖြစ်လာဟန်တူသည်။ ဘိုးတော်ဘုရားလက်ထက်တွင် နိုင်ငံခြားနှင့်ကူးသန်းရောင်းဝယ်ခဲ့ရာ ထိုစဉ်က မြန်မာတို့သည် အင်္ဂလိပ်လူမျိုးတို့၏ထီကို တွေ့မြင်နားလည်ခဲ့ကြသည်။ အင်္ဂလိပ်အစိုးရပိုင် အောက်မြန်မာနိုင်ငံတွင် ထီဖွင့်မှု ခေတ်စားခဲ့သည်။ ထို့ကြောင့် သီပေါမင်းလက်ထက် ၁၂၄၄ ပြည့်၊ တပေါင်းလတွင် အထက်မြန်မာပြည် မန္တလေးနေပြည်တော်၌လည်း တရုပ်အမျိုးသားများသည် ၃၆ ကောင်ထီများ ဖွင့်ခဲ့သည်။ သီပေါမင်း

www.burmeseclassic.com

www.burmeseclassic.com



သည် ထီရုံပေါင်းဆယ်ရုံ ဖွင့်စေခဲ့သည်။ စီပွားပျက်ပြီး ရာဇဝတ်မှု များပေါ်များလာသောကြောင့် ၁၂၄၃ ခုနှစ်၊ ပြာသိုလတွင် သီပေါမင်း၏ မန္တလေးထီရုံများ ပိတ်ပစ်လိုက်ရသည်။ ထိုစဉ် ထီရုံဆယ်ရုံ ဆယ်ကြိမ်ကျစီဖြင့် အကြိမ်၁၀၀ဖွင့်ခဲ့သည်။ တစ်လလျှင် တစ်ကြိမ်လျှင် ငွေ ၁၂၀၀ နှင့် နိုင်ငံတော်ငွေတော်အတွက် ၁၂၀၀၀၀လစဉ်ဆက်ရသည်။ ဘုရင့်ငွေတိုက်တော်တွင် လစဉ် ဘဏ္ဍာတော် တစ်သိန်းနှစ်သောင်း မှန်မှန်ဝင်နေသလောက် တိုင်းသူပြည်သားတို့မှာမူ ထီကြောင့် ကြွေး တင်ကျွန်ဖြစ်ဘဝသို့ ရောက်ခဲ့ရသည်။ ဈေးချိုတော် ကိုးခန်းအုတ်တိုက် တွင် ထီစတင်ဖွင့်လှစ်ခဲ့သည်။ ထီကြီးနှင့် ထီလေးဟူ၍ ခွဲခြားဖွင့်ခဲ့ သည်။ ထီလေးမှာ နေ့စဉ်ဖွင့်သည်။ ထီတစ်စောင်လျှင် တစ်ပဲသာ ပေးရ၍ ဆင်းရဲသားတို့ အထိုးများခဲ့သည်။ ထီကြီးမှာမူ တစ်စောင်လျှင် ၅ကျပ်တန်သည်။ တစ်လလျှင် တစ်ကြိမ်ဖွင့်သည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

# (၄၆)

## မန္တလေးတောင်ပေါ်က ဗျာဒိတ်ပေး ရွှေရုပ်တော်မူဘုရား၏ ထူးခြားချက်က ဘာလဲ

မင်းတုန်းမင်းကြီးသည် သက္ကရာဇ် ၁၂၂၁ ခုနှစ်၊ နှောင်းတန်းခူးလတွင် တည်ခဲ့သည်။ မြဲတောင်မြို့စား သေနတ်ဝန်ကြီးဦးစီးစေပြီး ကြီးကြပ်လျက် သစ္စေးရိုး သရိုးတိုင် ထုလုပ်ကိုးကွယ်ခဲ့သည်။ ဗျာဒိတ်ပေးရွှေရုပ်တော်မူဘုရားကြီး၏ ထူးခြားချက်မှာ မြတ်စွာဘုရားအရပ်တော်ပမာဏအတိုင်း(မတ်ရပ်အရပ်တော် ၁၈တောင်) တည်ထားခြင်းဖြစ်သည်။ မင်းတုန်းမင်းတရားကြီး၏ ကုသိုလ်တော်ရင်းဖြစ်သော ပထမဗျာဒိတ်ပေးရုပ်ပွားတော်မြတ်သည် ၁၂၅၅ ခုနှစ်၊ ဝါဆိုလဆန်း (၁)ရက်နေ့တွင် မီးသင့်လောင်သည်။ ရဟန်းတော် ဦးနန္ဒိသူရိယမဟာသူက ၁၂၆၃ ခုနှစ်တွင် အသစ်ထုလုပ်ပူဇော်ခဲ့သည်။ ဗျာဒိတ်တော်



www.burmeseclassic.com

www.burmeseclassic.com



ထားဟန်တွင် လက်ညှိုးတော်အစွန်းနှင့် ရတနာမှာပုံနေပြည်တော်ကြီး၏ အရှေ့ဘက်မြို့ရိုးအစွန်းသည် မျဉ်းမတ်အဖြစ် ဖြောင့်ဖြောင့်တန်းတန်း ကြီးကျရောက်နေသည်ကို တွေ့ရသည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

## (၄၇)

## မြွေကြီးနှစ်ကောင်ရုပ်တုကို ဘာကြောင့်ပြုလုပ်ထားတာလဲ

သက္ကရာဇ် ၁၂၄၅ခုနှစ်တွင် မန္တလေးတောင်ပေါ်တွင် မီးလောင်သည်။ ဗျာဒိတ်ပေး ရုပ်တော်မူရုပ်ပွားတော်ကြီးလည်း မီးထဲပါသွားသည်။ ခရစ်နှစ် ၁၉၀၅ ခုနှစ် အင်္ဂလိပ်လက်ထက်တွင် ဘုန်းတော်ကြီး ဦးနန္ဒိယသည် ဗျာဒိတ်ပေးရုပ်ပွားတော်ကြီး ပြန်လည်ထုလုပ်ရေးအတွက် မဏ္ဍပ်ထိုး အလှူခံခဲ့သည်။ ထိုအချိန်ကာလတွင် မြောက်ပြင်အရပ်၌ ထူးဆန်းသောမြွေကြီးနှစ်ကောင်သည် ပန်းပဲဆရာ၊ ဆေးဆရာကြီး ဦးစောအိမ်ဝင်းထဲသို့ ရောက်လာသည်။ မြွေဆရာဦးလုံးက မြွေ ကြီးနှစ်ကောင်ကိုဖမ်းပြီး မြို့ပေါ်တွင် လိုက်လံပြသ အလှူခံသည်။ ဘုန်းတော်ကြီးဦးနန္ဒိယလည်း မြွေကြီးနှစ်ကောင်ကို မန္တလေးတောင်ပေါ်၌ တစ်နှစ်လုံးလုံး ပြသအလှူခံခဲ့သည်။ ဗျာဒိတ်ပေးဘုရားထုလုပ်ပြီးနောက် မြွေကြီးနှစ်ကောင်ကို ရန်ကင်းတောင်သို့ ဘေးမဲ့ လွှတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ၁၉၀၇ခုနှစ်တွင် ရသေ့ကြီးဦးခန္တီသည် မန္တလေးတောင်ပေါ်တွင် တည်ဆောက်ပြုပြင်သည်။ "မန္တလေးတောင်၊ မြွေနှစ်ကောင်၊ သွားလို့ကြည့်ရအောင်" ဟူသောစကားကို အမှတ်ရစေရန် မြွေကြီးနှစ်ကောင်၏ပုံကို သွန်းလုပ်ထားရှိခဲ့သည်။

✦ ✦ ✦

မိုးဟိန်းသွေးစာပေ

www.burmeseclassic.com

www.burmeseclassic.com

## (၄၈)

## အပြီးသတ်တည်ဆောက်နိုင်ခဲ့ရင် ကမ္ဘာပေါ်မှာ ဉာဏ်တော်အမြင့်ဆုံးနဲ့ အကြီးဆုံးဖြစ်လာမယ့် ပုထိုးတော်ကြီး ဘယ်မှာတည်ထားလဲ

မပြီးပြတ်ခဲ့သော မင်းကွန်းပုထိုးတော်ကြီးကို ၁၁၅၂ ခုနှစ်၊ တပို့တွဲလဆန်း (၅)ရက်နေ့တွင် ဘိုးတော်မင်းတရား တည်ခဲ့သည်။ အမြင့်ပေ ၅၀၀အထိတည်ထားရန် ရည်ရွယ်ခဲ့သည်။ ပထမပစ္စယံမျှသာ ပြီးစီးသည်။ ပတ်လည်အကျယ်ပေပေါင်း (၄၅၀)ရှိသည်။ မြေပြင်မှ အထက် (၁၆၅)ပေမြင့်သည်။ မျက်နှာလေးဘက်တွင် မုခ်ပေါက်ငယ် တစ်ခုစီရှိသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

## (၄၉)
## မင်းကွန်းခြသေ့်ကြီးတွေ ဘယ်လောက် ကြီးမားမြင့်မားသလဲ

ဘိုးတော်မင်းတရားသည် မင်းကွန်းပုထိုးတော်ကြီး၊ ခေါင်းလောင်းကြီးနှင့်အတူ ခြသေ့်ရုပ်ကြီးနှစ်ရုပ်ကိုလည်း တည်ဆောက်ခဲ့သည်။ ခြသေ့်နောက်ပိုင်းမှ ဦးခေါင်းစွန်းအထိ အဓောင်ခြောက်ဆယ်ရှိသည်။ မြန်မာပြည်တွင် အကြီးဆုံးခြသေ့်ရုပ်ကြီးဖြစ်သည်။ အမြင့် ၉၅ပေရှိသည်။ ၁၁၅၅ ခုနှစ်တွင် ဧရာဝတီမြစ်ကမ်း အရှေ့မုခ်စောင်းတန်းထိပ်၌ တည်ဆောက်ခဲ့သည်။ သက္ကရာဇ် ၁၂၀၀ပြည့်နှစ် မြေငလျင်ကြီးကြောင့် မင်းကွန်းပုထိုးတော်ကြီးနှင့် ခြသေ့်ကြီးတို့ ကွဲအက်ပျက်စီးခဲ့ရသည်။ မျက်လုံးအဝန်း (၉)ပေ၊ ခြေသည်းလက်သည်းတစ်ချောင်းစီ၏လုံးပတ်သည် ၄ ပေခွဲ၊ ခြေသည်းလက်သည်းတစ်ချောင်းစီ၏အလျားမှာ ၅ပေခွဲစီရှိသည်။ မျက်လုံးများကို စကျင်ကျောက်ဖြင့် တည်ဆောက်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၅၁)

## မင်းသားတွေသတ်ဖြတ်ရာမှာ လွတ်မြောက်သွားတဲ့ "ရာမာဆွာမိ"ဆိုတာ ဘယ်သူလဲ

၁၂၄၀ပြည့်နှစ် (ခရစ်နှစ် ၁၈၇၈)ဝါခေါင်လတွင် မင်းတုန်းမင်း၏ ရောဂါ ပိုမိုဆိုးရွားလာသည်။ မှန်နန်းဘုရားဆောင်ရှေ့တွင် မှူးကြီးမတ်ရာအချို့ လှို့ဝှက်တိုင်ပင်ကြသည်။ နန်းဆက်ခံနိုင်ရန် အလားအလာရှိသော မင်းညီမင်းသားများစာရင်း ပြုစုကြသည်။ ညှိနှိုင်းကြသည်။ နောက်ဆုံးတွင် လောင်းရှည်မိဖုရား၏သားတော် သီပေါကို နန်းလျာအဖြစ် ရွေးကြသည်။ ထို့နောက် မင်းတုန်းမင်းကြီး၏အမိန့်ကို သုံးပြီး မင်းညီမင်းသားများကို ကြေးတိုက်တွင်ချုပ်သည်။ မင်းတုန်းမင်း သိသွား၍ မင်းသားများ ပြန်လွှတ်ပေးသည်။ သုံးဆယ်မင်းသား၊ မကုဋ မင်းသား၊ ညောင်ရမ်းမင်းသားတို့ကို ဘုရင်ခံခန့်ပြီး ရပ်ဝေးသို့ရှောင်

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားနိုင်ရန် စီစဉ်သည်။ သို့ရာတွင် ၁၈၇၈ ခု၊ အောက်တိုဘာ ၁ရက်တွင် မင်းတုန်းမင်း နတ်ရွာစံပြီးနောက် မင်းသားများ၊ မင်းသမီးများ၊ သားသမီးများ၊ မှူးပေါင်းမတ်ပေါင်းများကို သတ်ဖြတ်သည်။ ညောင်ရမ်းမင်းသား (ငယ်မည်-မျိုးပို)နှင့် ညောင်အုပ်မင်းသား (ငယ်မည်-မျိုးယုံ)တို့က အခြေအနေကို ကြိုတင်သိရှိသည်။ ဘုန်းတော်ကြီး Dr. Marks နေရာဆက်ခံသူ ဘုန်းတော်ကြီး Reverend James A. Colbeck အိမ်သို့ တိမ်းရှောင်သွားသည်။ အဆိုပါ ခရစ်ယာန်ဘုန်းတော်ကြီး၏အကူအညီဖြင့် အင်္ဂလိပ်ကိုယ်စားလှယ်အိမ်သို့ ရောက်ရှိသွားသည်။ "ရာမာဆွာမိ"ဟူသောအမည်ဖြင့် အိန္ဒိယလူမျိုးတစ်ဦးကဲ့သို့ ဝတ်စား ရုပ်ဖျက်ပြီး အင်္ဂလိပ်သာသနာပြုတစ်ယောက်နှင့် လိုက်ပါသွားခဲ့ ရသည်။ ထို့အတူပင်ညောင်ရမ်းမင်းသား၏ သားငယ်သမီး ငယ်တို့ကိုလည်း ရုပ်ဖျက်ပြီး အင်္ဂလိပ်ကိုယ်စား လှယ်အိမ်သို့ ခေါ်ဆောင်သွားခဲ့ရသည်။ ဤအချက်ကို E.C.V. Foucar ရေးသားသည့်Mandalay the Golden စာအုပ်တွင် ဖတ်ရှုနိုင်သည်။

စာအုပ်အချို့တွင် James A.ColbeckကိုDr. Marks နေရာဆက်ခံသူဟု မပြပေ။ မန္တလေးနေပြည်တော် ဗြိတိသျှသံရုံးဝန်ထောက်အဖြစ် ဖော်ပြထားသည်။ ညောင်ရမ်းမင်းသား အောက်မြန်မာပြည် ရန်ကုန်မြို့သို့ အမှန်တကယ် ကယ်တင်ရောက်ရှိသွားကြောင်း ထင်ရှားသည်။ လန်ဒန်မြို့ ဗြိတိသျှပြတိုက် အရှေ့တိုင်းဆိုင်ရာစာပေပြနခန်းရှိ ဗြိတိသျှသံအမတ် ဂျိမ်းကိုလဗက်၏မှတ်တမ်း၌-

"ဤစာအုပ်ကက်တလောက်သည် ညောင်ရမ်းမင်းသား၏ ပိဋကတ်တိုက်စာအုပ်များ၊ ပေပုရပိုက်အဆူဆူများ၏ စာရင်း

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားနိုင်ရန် စီစဉ်သည်။ သို့ရာတွင် ၁၈၇၈ ခု၊ အောက်တိုဘာ ၁ရက်တွင် မင်းတုန်းမင်း နတ်ရွာစံပြီးနောက် မင်းသားများ၊ မင်းသမီးများ၊ သားသမီးများ၊ မျိုးဟောင်းမတ်ဟောင်းများကို သတ်ဖြတ်သည်။ ညောင်ရမ်းမင်းသား (ငယ်မည်-မျိုးပုံ)နှင့် ညောင်အုပ်မင်းသား (ငယ်မည်-မျိုးယုံ)တို့က အခြေအနေကို ကြိုတင်သိရှိသည်။ ဘုန်းတော်ကြီး Dr. Marks နေရာဆက်ခံသူ ဘုန်းတော်ကြီး Reverend James A. Colbeck အိမ်သို့ တိမ်းရှောင်သွားသည်။ အဆိုပါ ခရစ်ယန်ဘုန်းတော်ကြီး၏အကူအညီဖြင့် အင်္ဂလိပ်ကိုယ်စားလှယ်အိမ်သို့ ရောက်ရှိသွားသည်။ “ရာမာဆွာမိ” ဟူသောအမည်ဖြင့် အိန္ဒိယလူမျိုးတစ်ဦးကဲ့သို့ ဝတ်စား ရုပ်ဖျက်ပြီး အင်္ဂလိပ်သာသနာပြုတစ်ယောက်နှင့် လိုက်ပါသွားခဲ့ ရသည်။ ထို့အတူပင်ညောင်ရမ်းမင်းသား၏ သားငယ်သမီး ငယ်တို့ကိုလည်း ရုပ်ဖျက်ပြီး အင်္ဂလိပ်ကိုယ်စား လှယ်အိမ်သို့ ခေါ်ဆောင်သွားခဲ့ရသည်။ ဤအချက်ကို E.C.V. Foucar ရေးသားသည့် Mandalay the Golden စာအုပ်တွင် ဖတ်ရှုနိုင်သည်။

စာအုပ်အချို့တွင် James A.Colbeckကို Dr. Marks နေရာဆက်ခံသူဟု မပြပေ။ မန္တလေးနေပြည်တော် ဗြိတိသျှသံရုံးဝန်ထောက်အဖြစ် ဖော်ပြထားသည်။ ညောင်ရမ်းမင်းသား အောက်မြန်မာပြည် ရန်ကုန်မြို့သို့ အမှန်တကယ် ကယ်တင်ရောက်ရှိသွားကြောင်း ထင်ရှားသည်။ လန်ဒန်မြို့ ဗြိတိသျှပြတိုက် အရှေ့တိုင်းဆိုင်ရာစာပေ ပြနခန်းရှိ ဗြိတိသျှသံအမတ် ဂျိမ်းကိုလဗက်၏မှတ်တမ်း၌-

“ဤစာအုပ်ကက်တလောက်သည် ညောင်ရမ်းမင်းသား၏ ပိဋကတ်တိုက်စာအုပ်များ၊ ပေပုရပိုက်အဆူဆူများ၏ စာရင်း

www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

## နိုင်ငံခြားသားတွေ ဘုရားပေါ်ဖိနပ်စီးမတက်ရေးတိုက်ပွဲ ဘယ်မှာဖြစ်ခဲ့သလဲ

ကိုလိုနီခေတ်တွင် အင်္ဂလိပ်တို့သည် မြန်မာ့ထီးထဲနန်းထဲအထိ ဖိနပ်စီး၍ ဝင်ရောက်ချင်သည်။ ထို့ထက်ကဲ၍ ကျောင်း၊ ကန်၊ စေတီ ဘုရားတို့၏ ပရဝုဏ်အတွင်း၌လည်း ဖိနပ်စီးလိုကြသည်။ စီးလည်းစီးခဲ့ကြ သည်။ ထိုစဉ်က ကျူးကျော်သိမ်းပိုက်ထားသူတို့၏လက်အောက်ခံ ကုလားစစ်သား၊ ဂေါ်ရာစစ်သားများသည် ရွှေတိဂုံစေတီရင်ပြင်ပေါ်တွင် ဖိနပ်သံပေးလျက် လမ်းသလားနေခဲ့ကြသည်။ မျက်နှာဖြူအုပ်ချုပ် ရေးအရာရှိများကိုယ်တိုင်လည်း ဖိနပ်စီးလျက် ကုန်းတော်ပေါ် တက်ခဲ့ကြသည်။ ဘုရားတွင် "ဥရောပတိုက်သားများမှတပါး ဖိနပ်

www.burmeseclassic.com

www.burmeseclassic.com



မစီးရ''ဟု ဆိုင်းဘုတ်ဆွဲပေးထားရသည်။ ''အင်္ဂလိပ်အမျိုးသားများနှင့် ဥရောပသွေးပါသော အာရှတိုက်သားများမှအပ မည်သူမျှ ဖိနပ်စီးခွင့်မရှိ''ဟူ၍လည်း ဆိုင်းဘုတ်ချိတ်ဆွဲ အခွင့်အရေးပေးထားရသည်။ မန္တလေးအိမ်တော် ရာစေတီတွင် မခံမရပ်နိုင်သူ ဘုန်းတော်ကြီးတစ်ပါးက မျက်နှာဖြူ အရာရှိကို ဓားဖြင့်ခုတ်ခဲ့သည်။ အဆိုပါ ၁၉၁၈ ခုနှစ်မှာပင် ရွှေမော်ဓောဘုရားကြီး လျောင်ဒဏ်အပျက်အစီးစစ်ဆေးရာတွင် မြန်မာပြည်ဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက်သည် ရင်ပြင်ပေါ်သို့ ဖိနပ်စီးတက်ခဲ့သည်။

ပဲခူးရွှေမော်ဓောဘုရား ဂေါပကအဖွဲ့က ရန်ကုန်မြို့ ဝိုင်အမ်ဘီအေအသင်းကြီးသို့ တိုင်ကြားသည်။ ထိုစဉ်က အသင်းအတွင်းရေးမှူးသည် ဘိလပ်ပြန်ဝတ်လုံတော်ရ ဦးသိမ်းမောင် (နောင် တရားသူကြီးချုပ်) ဖြစ်သည်။ ဦးသိမ်းမောင်သည် ပြည်မြို့ ရွှေဆံတော်ဘုရားခြံတော်ရင်းရှိ ''ဥရောပတိုင်းသားများမှအပ ဖိနပ်စီးခွင့်မပြု''ဟူသော ဆိုင်းဘုတ်ဖြုတ်ချရေးအတွက် ပထမဆုံး ကြိုးစားတိုက်ပွဲဝင်ခဲ့သူဖြစ်သည်။ ထို့ကြောင့် ဝိုင်အမ်ဘီအေ အတွင်းရေးမှူး ဦးသိမ်းမောင်သည် ၁၉၁၈ ခုနှစ်၊ မေလ ၁၉ရက်နေ့ ရန်ကုန်မြို့ ဂျူဗလီခန်းမ၌ ဝိုင်အမ်ဘီအေ ပြည်လုံးကျွတ်အစည်းအဝေးတွင် ရွှေတိဂုံစေတီတော်ကြီး၏ ဥပစာရင်ပြင်တော်၌ ဥရောပတိုက်သားများ ဖိနပ်မစီးရေးကိစ္စ တင်ပြဆွေးနွေးခဲ့သည်။ မြန်မာသတင်းစာများက ပူးပေါင်းတိုက်ပွဲဝင်ခဲ့သည်။ အသင်းဝင်လူကြီးပိုင်းအချို့နှင့် လူငယ်များ သဘောထားကွဲလွဲခဲ့ကြသေးသည်။ နောက်ဆုံး ၁၉၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် အင်္ဂလိပ်အစိုးရက ''မည်သူမျှ ဖိနပ်မစီးရ''အမိန့်ကို ထုတ်ပြန်ပေး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသည်။ ၁၉၁၈ခုနှစ်တွင် ပြည်မြို့မှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ဝတ်လုံလိုက်ရင်း ရန်ကုန်၌ ဖိနပ်မစီးရေးတိုက်ပွဲတွင် ဆက်လက်ဆင်နွှဲခဲ့ရသောကြောင့် "ဖိနပ်သိမ်းမောင်" ဟူ၍ပင် နာမည်ပိုကြီးခဲ့သည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

## ဆရာတော်ဦးဝိစာရရဲ့ နောက်ဆုံးဩဝါဒအပြည့်အစုံကို သိရဲ့လား

ရွှေတိဂုံစေတီအနောက်မုခ် ဦးဝိစာရလမ်း (ယခင် ဗိုလ်ချုပ်လမ်း) ဆုံအဝိုင်းပေါ်ရှိ ကျောက်တိုင်ပေါ်မှ ကြေးရုပ်နှင့်ပတ်သက်၍ နောင်ခေတ် လူငယ်တို့ သိသူနည်းပါးလှသည်။ ရှင်သီဝလိရုပ်တုဟုပင် အမှတ်မှား နေကြသည်။

မြန်မာသက္ကရာဇ် ၁၂၉၁ခု၊ တော်သလင်းလ ဆုတ်၂ရက် (၁၉၂၉ ခု၊ စက်တင်ဘာလ ၁၀ ရက်)တွင် ထောင် အတွင်း ၁၆၆ရက် ဆွမ်းမစားဘဲ အင်္ဂလိပ်အစိုးရအား ဆန့်ကျင်ပြရင်း ပျံလွန်တော်မူသွားရှာသူ အာဇာနည် အရှင်ဦးဝိစာရ၏ကြေးရုပ် ဖြစ်သည်။ ဦးဝိစာရ သည် ပခုက္ကူ မြို့ မဟာဗိသုကာရာမတိုက်၌ နေစဉ် ဦးဥတ္တမကိုယ်တော်ကြီးအား အင်္ဂလိပ်အစိုးရက နယ်ချဲ့ ဆန့်ကျင်ရေးတရားဟော၍ ဖမ်းဆီးထောင်ချ အပြစ်ပေးခြင်းကိုကြားသိရ၏။ ထိုအချိန်မှစ၍



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့နိုင်ငံရေးတွင် စိတ်ဝင်စားလာသည်။ သံဃာသမဂ္ဂီအဖွဲ့သို့ဝင်သည်။ နိုင်ငံရေးတရား လိုက်လံဟောပြောသည်။ ဦးဝိစာရသည် ဦးဥတ္တမကိုယ်တော်ကြီး နှင့်အတူ အိန္ဒိယနိုင်ငံတွင် နှစ်နှစ်ကြာမျှနေထိုင်ရင်း နိုင်ငံရေးလေ့လာသည်။

၁၉၂၁ခုနှစ်တွင် သာယာဝတီခရိုင်တွင် တရားဟော၍ အလုပ်မဲ့ ထောင်ဒဏ်နှစ်လ အပြစ်ပေးသည်။ ရန်ကုန်ထောင်သို့ပို့သည်။ ထို့နောက် သာယာဝတီထောင်သို့ပြန်ပို့သည်။ သာယာဝတီထောင်တွင် တစ်ညထားပြီး နောက်တစ်နေ့ပြန်လွှတ်သည်။ သို့ရာတွင် ထောင်ဗူးဝတွင်တွင် ပြန်ဖမ်းသည်။ သာယာဝတီထောင်တွင် ရဟန်းဝိနည်းအရ ဥပုသ်ပြုခွင့်မရ၍ ဆွမ်းမစားဘဲ ဆန္ဒပြသည်။ ငါးရက် ကြာသောအခါ ရန်ကုန်ထောင်ကြီးသို့ပို့သည်။ ခြောက်လ အချုပ်ခံရ သည်။ အင်းစိန်ရုံးတွင် အစစ်မခံ၍ အင်္ဂလိပ်အစိုးရက အလုပ်ကြမ်းနှင့် ထောင်ဒဏ်တစ်နှစ်နှင့်ကိုးလ အပြစ်ပေးသည်။ ရန်ကုန်ထောင်သို့ ပြန်အရောက်တွင် အင်္ဂလိပ်ထောင်အရာရှိသုံးလေးဦးက ဦးဝိစာရ၏ သင်္ကန်းကို ဝိုင်းချွတ်သည်။ လူအကျဉ်းသားဝတ်နံ့ငယ်ပိတ်စငယ်ကို ဝတ်ခိုင်းသည်။ ဆွမ်းမစားဆန္ဒပြ၍ ခုနစ်ရက်အကြာတွင် ထောင်အရာရှိများက နှာခေါင်းမှ နွားနို့များသွင်းကြသည်။ ဦးဝိစာရသည် အာခေါင်လက်ထိုးပြီး ပြန်အန်ထုတ်ပစ်သည်။ ရက်ပေါင်း ၄၁အထိ ဆွမ်းမစားဘဲနေ၍ သတိမေ့သွားသည်။ ၁၉၂၇ ခုနှစ်၊ နိုဝင်ဘာလတွင် ရန်ကုန်ထောင်မှ စိတ်ကျန်းမာရေးဆေးရုံသို့ပို့သည်။ စအိုမှ အစာသွင်းကြသည်။ ဆဲရေးကြသည်။ ပက်လက်ထားပြီး ခြေလက်တို့ကို ခုနစ်ရက်လုံးလုံး ကြိုးတုပ်ထားသည်။ နေ့စဉ်နှိပ်စက်ကြသည်။ အရိုးများ



www.burmeseclassic.com

www.burmeseclassic.com



ကို နှိပ်စက်ခိုင်းသည်။ ဒီဇင်ဘာလ ၈ ရက်တွင် ထောင်အာဏာပိုင်တို့က သင်္ကန်းပြန်ပေး၍ ဆွမ်းပြန်စားသည်။ ၁၉၂၈ခု၊ ဖေဖော်ဝါရီလတွင် သင်္ကန်းပြန်ချွတ်ကြပြန်သည်။ ဆွမ်းမစားလဲနေပြန်သည်။ စိတ်ကျန်းမာရေးဆေးရုံမှ ရန်ကုန်ထောင်သို့ပြန်ပို့သည်။ ထိုမှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ သင်္ဘောဖြင့်ပို့သည်။ ဘင်္ဂလားပြည်နယ် မေဒနီပူထောင်တွင် ထားသည်။ ၁၉၂၉ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရန်ကုန်ထောင်သို့ ပြန်ခေါ်လာခဲ့သည်။ ထောင်မှလွှတ်သည်။

ဆရာတော် ဦးဝိစာရသည် ဟံသာဝတီခရိုင်တွင် အင်္ဂလိပ်ဆန့်ကျင်ရေးတရားဟောပြန်သည်။ ၁၉၂၉ခုနှစ်၊ နိုဝင်ဘာလတွင် ဖမ်းဆီးပြန်သည်။ ရန်ကုန်ထောင်တွင် ဥပုသ်ပြုခွင့်မရ၍ ၈၁ ရက်ကြာသည်အထိ ဆွမ်းမစားဘဲဆန္ဒပြသည်။ အားအင်ချို့တဲ့နေစဉ်ပင် အလုပ်ကြမ်းနှင့် ထောင်ဒဏ်ခြောက်နှစ်ချသည်။ သင်္ကန်းကိုအတင်းချွတ်သည်။ ပက်လက်ဖြစ်နေသော ဦးဝိစာရကိုယ်ပေါ်သို့ထောင်အဝတ်အစား ဖုံ့ခဲ့သည်။ ကြိုးတိုက်အတွင်းသို့ ပို့ခဲ့သည်။ အတင်းသွင်းသော နွားနို့စသည့်များကို အန်ထုတ်ပစ်သည်။ သေငယ်စောဖြင့် မောဟိုက်လျက်ရှိသည်။ ရက်ပေါင်း ၁၄၀ခန့်အကြာတွင် အခြေအနေ မကောင်းတော့၍ စီရင်စုတိုင်းဆိုင်ရာ အထူးအကျိုးဆောင်သံဃအဖွဲ့ သွားရောက်ကြည့်ရှုသည်။

၁၉၂၉ခု၊ ဩဂုတ်လ ၂၅ရက်တွင် ပိန်ခြောက်နဲ့နေသော ဦးဝိစာရသည် လေသံဖြင့် “မျက်မှန်...အလှူခံ...ပါ...။ သဗ္ဗ...အပတ္တိ...ယော...အာရော...ခယောမိ။ တိုင်းပြည်ကို လိမ္မာ...ကြပါလို့ မှာလိုက်ပါ...တယ်”ဟု မိန့်ကြားသည်။ ၁၉၂၉ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com



စက်တင်ဘာလ ၁၀ ရက်တွင် ပျံလွန်တော်မူသည်။ နောက်တစ်နေ့တွင် ထောင်ပုလိပ်များက အလောင်းကို ကျွန်းသားခေါင်း၌ထည့်သည်။ လော်ရီကားဖြင့် ကြည့်မြင်တိုင် ဥယျာဉ်တိုက် တွံတေးကျောင်းသို့ ပို့လိုက်သည်။

ဆရာတော် ဦးဝိစာရကို ရွှေတိဂုံဘုရားအနောက်မုခ် မြေကွက်လပ်တွင် ပို့ဆောင်သင်္ဂြိုဟ်ကြသည်။ အရိုးပြာများကို ယခုအင်းလေး မွှာရုံဝန်းကျင်တွင် စေတီကလေးတည်သည်။ အဆောက်အဦများ တည်ဆောက်သောအခါတွင် ပျောက်ဆုံးသွားသည်။ ထိုစဉ်က ဦးဝိစာရ ကြေးရုပ်လည်း သွန်းကြသည်။ နေရာမပေး၍ ကြေးရုပ်ကို ရွှေတိဂုံ စေတီအနီး စတုဒိသာဇရပ်ကြီးတွင် သင်္ကန်းများဖြင့် ထုပ်ပိုးထားရှိခဲ့သည်။ နောင်နှစ်ပေါင်းအတန်ကြာမှ မြောင်းမြမြို့ သူဌေးဦးဘလှကောင်းမှုဖြင့် ကျောက်တိုင်စိုက်ပြီး အရှင်ဦးဝိစာရကြေးရုပ်တော်ကြီး ယခုကဲ့သို့ ပူဇော်ခွင့်ရခဲ့သည်။ ကျောက်တိုင်မှာ စုစည်းထားသော ထင်းချောင်းများ ပုံဖြစ်ကြောင်း သတိပြုကြည့်စေလိုပါ၏။

www.burmeseclassic.com

www.burmeseclassic.com

# (၁၃)

## စံဖဲဟာ နယ်ချဲ့ဆန့်ကျင်ရေး တကယ့်သူရဲကောင်းကြီးလား

၁၉၂၅ ခုနှစ် ဒုတိယအကြိမ် ဒိုင်အာခီရွေးကောက်ပွဲ ပြီးဆုံးသွား ပြီးနောက် ဂျီစီဘီအေသည် အစိတ်အစိတ်အမွှာအမွှာကွဲသွားသည်။ နိုင်ငံရေးသည်လည်း စိတ်ပျက်စရာဖြစ်သွားသည်။ သို့ရာတွင် ၁၉၂၆-၂၇ခုနှစ်တွင် သတင်းစာများအတွက် နိုင်ငံရေးကစားစရာအဖြစ် ရေးကွက်ကောင်းလှသော အရေးအခင်းတစ်ရပ် ပေါ်ပေါက်လာသည်။ သာစည်နယ် မဲဘောရွာသား စံဖဲသည် သူကြီးနှင့်မတည့်ပေ။ သူကြီးက ပုလိပ်နှင့် ပေါင်းကာ စံဖဲအပေါ် အမှုဆင်သည်။ ထောင်ချသည်။ စံဖဲထောင်ကထွက်လာသောအခါ စံဖဲ၏ဇနီးကို နယ်ပိုင်ဝန်ထောက်အားတပည့်က သိမ်းပိုက်ထားကြောင်း သိရသည်။ စံဖဲသည် ထိုမ[illegible]အားခိုးသူကို သတ်သည်။ ထွက်ပြေးသည်။ သို့ရာတွင် အဖမ်းခံရသည်။

www.burmeseclassic.com



ခမ်းလာသည့် ရာဇဝတ်အုပ်ကိုသတ်၍ ထွက်ပြေးပြန်သည်။ ဤတစ်ကြိမ်တွင် စံဖဲကို မည်သို့မျှ ဖမ်းမမိတော့ချေ။ ယင်းအချက်ကို အခွင့်ကောင်းယူ၍ သတင်းစာများက နိုင်ငံရေးတိုက်ကွက်ဆင်လိုက်သည်။ စံဖဲကို **"လူစွမ်းကောင်းကြီးအဖြစ်"** ပုံကြီးချဲ့ရေးလိုက်သည်။ လူသတ်သမားအဖြစ် ဝရမ်းပြေးနေရသူစံဖဲသည် ဗြိတိသျှနယ်ချဲ့အစိုးရကိုတော်လှန် သော သူပုန်ကြီးဘဝသို့ နေ့ချင်းညချင်းရောက်သွားတော့သည်။ အချို့ကစံဖဲသည် ဆင်းရဲသားတို့ဘက်မှ မားမားမတ်မတ်ရပ်တည်ကာ အင်္ဂလိပ်အစိုးရနှင့် ခနရှင်တို့ကို တိုက်ခိုက်သူအဖြစ်မြင်ကြသည်။ အင်္ဂလန်နိုင်ငံမှ တောပုန်းကြီးရော်ဘင်ဟုနှင့်ပင် နှိုင်းယှဉ်ရေးသား ချီးကျူးကြသည်။ သတင်းစာများ၏ ရေးသားမှုကြောင့်မြန်မာပြည် သူတ[illegible]သည် နယ်ချဲ့အစိုးရကို ခုခံတော်လှန်နေသည့် လူစွမ်းကောင်းများကို မွေ့[illegible]ကြ[illegible]စံဖဲနှင့်ပတ်သက်၍ အမျိုးမျိုးပြော[illegible]ဆိုယုံကြည်နေခဲ့ကြသည်။ ထိုအချိန်တွင် အင်္ဂလိပ်အစိုးရက စံဖဲနောက်သို့စစ်ဗာရီတပ်များဖြင့် တောနင်း၍ရှာနေကြသည်။ စံဖဲသည်တစ်နှစ်နီးပါးကြာမျှ ရှောင်တိမ်းနေနိုင်ခဲ့သည်။

အင်္ဂလိပ်အစိုးရက စံဖဲကိုဖမ်းပေးလျှင် ဆုငွေ ၅၀၀၀ ပေးမည်ဟာ ကြေငြာသည်။ ထိုကာလတွင် စံဖဲသည် ငှက်ဖျားမိ၍ အိပ်ရာထဲတွင် ဘုန်းဘုန်းလဲလျက်ရှိသည်။ ဆုငွေလိုချင်သူ တပည့်တစ်ဦး၏သတင်းပေးမှုကြောင့် အင်္ဂလိပ်အစိုးရက တောပုန်းကြီးစံဖဲကို ဖမ်းမိသွားသည်။ နောက်ဆုံးတွင် စက်တိုင်တက်ခဲ့ ရသည်။ ဆိုအပ်ခဲ့သည့်အတိုင်း သတင်းစာတို့က စံဖဲကိုအရင်းပြု၍ နိုင်ငံရေးကစားလိုက်ကြသောကြောင့် ဗြိတိသျှအစိုးရကို လူအင်အား ကောင်းကောင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တော်လှန်တိုက်ခိုက်လျှင် အောင်မြင်နိုင်သည်ဟူသော အတွေးအခေါ်များ ပျံ့နှံ့သွားခဲ့သည်ဟု အကောင်းဘက်မှ ကြည့်မြင်ခဲ့ကြသည်။

✦ ✦ ✦

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

## (၁၄)
## စံဖဲရဲ့ ဘဝအမှန်ကိုသိကြရဲ့လား

ဟံသာဝတီဦးဘရင်၏ ရေးသားချက်အရ စံဖဲသည် သာစည် နယ်၏အရှေ့ ငါးမိုင်ခြောက်မိုင်အကွာရှိ မဲတောရွာဇာတိဖြစ်သည်။ မိခင်သည် ဒေါ်စံမယ်ဖြစ်သည်။ စံဖဲသည် မိတ္ထီလာစစ်တပ်နယ်အတွင်းရှိ ကွာလာဘတ်စတီးခေါ် နွားများမွေးမြူသည့် ကုလားရွာရှိ ဂန်ဂီခေါ် ကုလားမကြီးအိမ်၌ နေထိုင်သည်။ နွားကျောင်းရသည်။

ထို့နောက်တစ်ဖန် စံဖဲသည် ဂျာမန်လူမျိုး သားရေကုမ္ပဏီပိုင်ရှင်၏ကျေးဇူးကြောင့် ပျော်ဘွယ်မြို့၊ အမျိုးသားကျောင်းသို့ တက်ခွင့်ခဲ့သည်။ ငါးတန်းအထိရောက်သည်။ ဂျာမန်ကြီးက လူယုံအဖြစ်ခေါ်ထားသည်။ အိမ်တောင်ကျသည်။ ဂျာမန်ကြီးအိမ်မှ ဆင်ပစ်ခေနတ်တဏှက်ပျောက်သွားသည်။ စံဖဲသည် ငဖုခေါ်လူဆိုးနှင့် ပေါင်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ငပုသည် နွားခိုးမှုဖြင့် အဖမ်းခံရသည်။ ငပုသည် လူလည်ဖြစ်သည်။ နွားသူခိုးသည် စံဖဲဖြစ်ကြောင်း ချောက်တွန်းမှုကြောင့် စံဖဲ ထောင်အဏ နှစ်နှစ် ကျသွားသည်။ ထောင်ကျနေစဉ် ငပုက ကလိမ်ဉာဏ်ဆင်ပြီး "ငါ တပည်လွတ်အောင်လုပ်ပေးမည်" ဟုဆိုကာ စာရွက်လွတ်တစ်ခု တွင် စံဖဲကိုလက်မှတ်ထိုးခိုင်းသည်။ စံဖဲလက်မှတ်ထိုးပေးလိုက်သည်။ အမှန်စင်စစ် ထိုစာမှာ စံဖဲအတွက် သနားခံစာမဟုတ်ပေ။ စံဖဲက သူ့ဇနီးအား ကွာရှင်းလိုက်ပြီဟု သဘောတူခွင့်ပြုလိုက်သည့်စာဖြစ် သည်။ ငပုက ထိုစာကို စံဖဲ၏ဇနီးကို သွားပြသည်။ ဇနီးကလည်း စိတ်နာသွားပြီးဖြစ် ၍ မိမိလည်း ကွာရှင်းကြောင်း လက်မှတ်ထိုးလိုက် သည်။ နောက်ဆုံး တွင် ငပုသည် စံဖဲ၏ဇနီးကိုယူငင်လိုက်သည်။

ထောင်ထဲမှစံဖဲသည် ငပု၏ယုတ်မာပုံကို ကြားရသည်။ ထောင်ကလွတ်လျှင် ငပုကိုသတ်မည်ဟု စံဖဲကကြိမ်းဝါးသည်။ ငပု သတင်းရသည်။ ထောင်ကထွက်လာလျှင် သတ်မည်စိုး၍ ငပုသည် ပုလိပ်အရာရှိများနှင့် ကြံစည်ပြန်သည်။ စံဖဲကို သဲတောဝမ်းတွင်းသို့ ပို့သည်။ မဲတောကိုပြန်လာခွင့်မပေးချေ။ နောက်ဆုံးတွင် ငပုအပေါ် လက်စားချေလိုစိတ်ဖြင့် စံဖဲသည် မဲတောသို့ပြန်လာသည်။ ဆောင်ဓား ဓားရှည်ကိုလည်း ဝှက်၍ယူလာသည်။

စံဖဲ မဲတောသို့ရောက်လာသောအခါ ငပုနှင့် ဂာဇဝတ်အုပ်ကို ညီငယ်တို့က စံဖဲကိုဖမ်းသည်။ လက်ထိပ်ခတ်သည်။ သူကြီးအိမ်သို့ စံဖဲကိုခေါ်သွားသည်။ သူကြီးက အိမ်ဦးခန်းတွင် ကိုညီငယ်တို့ကိုကျွေး သည်။ ပဲကြော်နှင့် လက်ဖက်ရည်ကြမ်းတို့ဖြင့် ကိုညီငယ်တို့ ပျော်ပျော် ပါးပါးစားသောက်နေကြစဉ် စံဖဲသည် ကြမ်းပြင်ပေါ်၌ ထိုင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုညီငယ်နှင့် မျက်နှာချင်းဆိုင်ဖြစ်သည်။ စံဖဲ၏နောက်ဘက်တွင် ပုလိပ်တစ်ယောက် ဒုတ်တတ်ရပ်စောင့်နေသည်။

ကိုညီငယ်တို့သည် စံဖဲထံမှ ဓားရှည်သိမ်းယူခဲ့သည်။ ထိုဓားရှည်မှာ စားပွဲခုံ၏နံဘေးတွင်ရှိသည်။ လက်ကိုင်ရိုးကို စံဖဲဘက်သို့ လှည့်၍ချထားသည်။ ကိုညီငယ်က သူကြီးထံမှ စက္ကူတစ်ရွက်တောင်းသည်။ သူကြီးအိမ်ထဲသို့ဝင်သွားသည်။ ထိုစဉ် စံဖဲသည် ပဲကြော်တစ်ဆုပ်နှိုက်စားသည်။ ကိုညီငယ်ကမြင်သွားသည်။ "ဒါဟာ လူစားဖို့ထားတာကွ၊ ခွေးစားဖို့မဟုတ်ဘူး" ပြောလိုက်သည်။ ဆာလွန်း၍စားမိကြောင့် စံဖဲကတောင်းပန်သည်။ ပြောပြောဆိုဆိုပင် စံဖဲသည် ဓားရှည်ကိုဆွဲယူကာ ကိုညီငယ်ကို လက်နှစ်ဖက်ဖြင့်လွှဲလျက် အားကုန်ခုတ်ချလိုက်သည်။ ပုခုံးမှ နံကားအထိ စလွယ်သိုင်းပြတ်သွားသည်။ စံဖဲ၏နောက်တွင်ရပ်နေသော ပုလိပ်က ဓားကိုဆွဲနှုတ်သည်။ "မင်းဟာ ငါ့ရန်သူမဟုတ်ဘူး" ဟု စံဖဲကပြောပြီး လက်ထိပ်တန်းလန်းဖြင့်ပင် သူကြီးအိမ်ပေါ်မှခုန်ချထွက်ပြေးသည်။

စံဖဲသည် ရွာတံခါးပိတ်အလယ်၌စိုက်ထားသော ကျောက်တုံးတွင် လက်ထိပ်ကိုရိုက်ချိုးသည်။ လှိုင်းကြီးတောကြီးဘက်သို့ ဆက်လက်ပြေးသည်။ ငပုသည် လည်လှ၏။ စံဖဲကလိုက်ရှာသော်လည်း ရှောင်တိမ်းလွတ်မြောက်နေသည်။ သူကြီးမောင်းထု၍ ရွာသားများရောက်လာသည်။ ဝိုင်းရှာကြသည်။ စံဖဲ ဝေးရာသို့ရောက်သွားခဲ့ပြီ။ စံဖဲသည် လှိုင်းတက်တောကြီးထဲ၌ အခြားလူဆိုးများနှင့် ပေါင်းမိသည်။ အင်္ဂလိပ် အစိုးရအာဏာကို ကျူးလွန်မှု၊ လူသတ်မှု စသည့်တို့ကြောင့် နာမည် ပိုကြီးသွားသည်။ စံဖဲကိုမိလျှင် ဆုငွေ ၅၀၀၀ ပေးမည်ဟု

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြေညာခံရသည်။ ထိုစဉ်အခါက ဒိတ္တိလာခရိုင်အတွင်း မည်သည့်နေရာတွင်မဆို ခိုးဆိုးတိုက်ခိုက်သူများသည် လူအများလိုက်လာလျှင် ''ငါ စံဖဲကွ''ဟု အော်ရုံဖြင့် ရှိသွားတတ်သည်။

ဗန္ဓုလဂျာနယ်က စံဖဲအား မင်းလောင်းဖြစ်သယောင်ယောင် ရေးလိုက်သည်။ နောက်ဆုံးစံဖဲဖျားနေစဉ် အင်္ဂလိပ်အစိုးရက တောနင်းရှာသည်။ မိမိအားဖမ်းဆီးရန် တောနင်းရှာဖွေနေသောတပ်မှ ဂေါ်ရခါး တစ်ယောက်ကို စံဖဲက လက်ယပ်ခေါ်ပြီး အဖမ်းခံလိုက်သည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် စံဖဲလွတ်မြောက်ရေးအတွက် အစွမ်းကုန် ကြိုးစားခဲ့သေးသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

## (၁၁)
## ရွှေတိဂုံစေတီက အင်္ဂလိပ်ခံတပ်အကြွင်းအကျန်တွေကို ဘယ်မှာ တွေ့နိုင်သေးသလဲ

နယ်ချဲ့အင်္ဂလိပ်တို့သည် ခရစ်နှစ် ၁၈၅၂ မှစ၍ ၁၉၃၀ ခန့် အထိ ရွှေတိဂုံကုန်းတော်နှင့်ပတ်ဝန်းကျင်တွင် ခံတပ်များဆောက်လုပ် တပ်စွဲနေခဲ့သည်။ ကုန်းတော်ပေါ်တွင် လက်နက်ခဲယမ်းမီးကျောက်တိုက် ထားရှိသည်။ ကုန်းတော်မြေတစ်ဝိုက်တွင် ကျုံးမြောင်းများ ရံထား သည်။ အုတ်တံတိုင်းများခတ်ထားသည်။ ကုန်းတော်ပေါ်ရှိ ခံကတုတ် များကို အပြင်ခံကတုတ်၊ အလယ်ခံကတုတ်၊ အတွင်းခံကတုတ်ဟူ၍ သုံးဆင့်ပြုလုပ်ထားသည်။ ခံကတုတ်ရင်တားများ၌ သေနတ်ပေါင်း၍ ပစ်နိုင်ရန် ဗူးလည်ပေါက်များဖောက်ထားသည်။ ကုန်းတော်၏အနောက်

www.burmeseclassic.com

www.burmeseclassic.com



တောင်ထောင့်၊ အနောက်မြောက်ထောင့်၊ အရှေ့မြောက်နှင့် အရှေ့တောင် ထောင့်တို့တွင် အမြောက်ထိုင်နေရာများဖောက်ထားသည်။ စုစုပေါင်း (၂၆)နေရာရှိသည်။ အမြောက် လှည့်ပတ်ရွှေ့ပြောင်းနိုင်ရန် လမ်းများ ကိုလည်း ပြုပြင်ထားသည်။

အနောက်တောင်ထောင့်ခံတပ်နေရာကို ဦးဥတ္တမပန်းခြံ၊ ဟက်ပီးဝေါအပန်းဖြေစခန်း၏တစ်ဘက်ကမ်း သေနတ်ပေါက်ပါ ခံတပ် တံတိုင်းများတွေ့နိုင်သေးသည်။ တောင်ဘက်(မြို့ဖက်စောင်းတန်း) မှတက်သွားလျှင် ခရီးတစ်ဝက်စောင်းတန်း နံဘေးတွင် ကျုံးသံဖွယ် မြောင်းကြီးခံနေသည်။ ထိုစဉ် မြောင်းကြီးပေါ်တွင် ကြိုးဆွဲ တံတား ရှင်(Draw Bridge)တစ်ခုထားရှိသည်။ ယခုအခါ အဆိုပါမြောင်းကြီး ပေါ်တွင် အုတ်တံတားကြီး ဖြစ်နေလေပြီ။ အဆိုပါ စစ်ကျုံး သံ တံခါး(ထိုးတံခါး) တံခါးရွက်တွင်လည်း သေနတ်တင်၍ပစ်ရန် အပေါက် များဖောက်ထားသည်ကိုလည်း တွေ့နိုင်သည်။ ထိုတံခါး ရှိသော နေရာနှင့် ကိုက်အနည်းငယ်အကွာတွင် အုတ်တံတိုင်းခတ်ထားသည်။ ယင်းတံတိုင်း၌လည်း သေနတ်ပေါက်များ တွေ့နိုင်သေးသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

(၁၆)

## မင်းသားမင်းသမီး ပဝါတစ်ကမ်းအစဉ်အလာ ဘယ်သူကြောင့် ပျက်သွားခဲ့ရသလဲ

ရှေးအခါက မြေပိုင်းသဏ္ဌာထားနှစ်ပါးသွားအကတွင် မင်းသားနှင့် မင်းသမီးသည် "ပဝါတစ်ကမ်း ယပ်တောင်တစ်လှမ်း" ကွာခဲ့သည်။ နောက်ပိုင်းတွင် မင်းသားနှင့်မင်းသမီး ပူးပူးကပ်ကပ်ဖြစ်သွားအောင် မင်းသားဦးစိန္တာက စည်းခပ်ဆတ်ဆတ်ဖြင့် "ပလို့က" ခေါ် ခပ်ကြမ်း ကြမ်းအကတစ်မျိုး စ၍တီထွင်လိုက်သည်။ "တို့တော့မယ် တဲ့၊ ဆိတ် တော့မယ်၊ ဆိတ်တော့မယ့်တဲ့ တို့တော့မယ်။ ဘယ်အပြောက် ကာညာကာဖမ်း၊ နမ်းမိလိမ့်မယ်။ လေးထောင့်ပြည့်ခန်းသာလယ်၊ မောင်မောင်ရှယ် တဲ့စံပယ်ကုံး၊ အလိုဗျာ။ မင်းဘယ်သိတုန်း" ဟူသော

www.burmeseclassic.com

www.burmeseclassic.com



သစ္စာနှံသီချင်း ကို ဆိုသည်။ မင်းသမီးကို ဆွဲလားငင်လားလုပ်သည်။ "ပဝါတစ်ကမ်း ၊ ယပ်တောင်တစ်လှမ်း" စနစ် တဖြည်းဖြည်းပျောက်သွားသည်။

✦ ✦ ✦

မိတ်ဆွေမှာ

www.burmeseclassic.com

www.burmeseclassic.com

## (၁၇)
## မင်းကွန်းခေါင်းလောင်းကြီးကို ဘယ်လိုချိတ်ဆွဲခဲ့သလဲ

ဘိုးတော်ဘုရားသည် ဧရာဝတီလက်ယာကမ်း မင်းကွန်းနန်းတော်ကျွန်း၌စံမြန်းပြီး မင်းကွန်းပုထိုးတော်ကြီးတည်ဆောက်မှုကိုကြီးကြပ်ခဲ့သည်။ ပန်းတည်းဝန် မဟာနန္ဒကျော်စွာ ကြီးမှူးတည်ဆောက်ခဲ့သည်။ ထိုစဉ်မှာပင် မဟာဂဏ္ဍာခေါင်းလောင်းကြီး သွန်းလုပ်ခဲ့သည်။ အပြီးမသတ်နိုင်ခဲ့သော မင်းကွန်းပုထိုးတော်ကြီး၏ မြောက်ဘက်တွင်ရှိသည်။

မင်းကွန်းခေါင်း လောင်းသည် ကမ္ဘာပေါ်တွင် ချိတ်ဆွဲ၍ရသော ဒုတိယအကြီးဆုံးခေါင်း လောင်းဖြစ်သည်။ အလေးချိန် ၈၀ ဒ. ၃၃၈ ၅၂ တန်လေးသည်။ ကြေးချိန် ၅၅၅၅၅ ပိဿာဖြင့် သွန်းလုပ်သည်။ ခေါင်းလောင်းကြီး ၏အဝအချင်း ၁၂တောင် ၄သစ် (၁၆



www.burmeseclassic.com

www.burmeseclassic.com



ပေနှင့် ၈ နှင့် လက်မ)၊ အစောက် ၃ တောင် ၁ မိုက် ၄ သစ် (ပေ၂၀ နှင့် ၃ လက်မ)၊ လုံးပတ် ၃၃တောင် ၁ မိုက် ၄ သစ် (ပေ ၅၀ နှင့် ၄လက်မ)ရှိသည်။ စစ်ကိုင်းမြို့မြောက်ဘက် တစ်မိုင်အကွာ၊ မင်းကွန်းရွာရှိ မင်းကွန်းခေါင်းလောင်းကြီးကို ခရစ်နှစ် ၁၈၀၈ ခုနှစ် ဧပြီလ (မြန်မာသက္ကရာဇ် ၁၁၇၀ပြည့်နှစ် ကဆုန်လဆန်း ၅ ရက်နေ့) တွင် ဗဒုံမင်း (ဘိုးတော် ဘုရား)က ပန်းတည်းဝတ် မဟာနန္ဒာကျော်စွာအား ကြတ်မတ်သွန်းလုပ်စေသည်။ ဧရာဝတီမြစ်အရှေ့ဘက်ကမ်း သွန်းလွန်းရွာ (စွန်းလွန်းရွာ)တွင် သွန်းလုပ်ခဲ့သည်။ ကြေးနီ၊ ကြေးဝါ၊ ဘော်၊ သံကြွပ်တို့၏ ကျိုချက်သွန်းလုပ်ခဲ့သည်။

ခေါင်းလောင်းကြီးသွန်းလုပ်သည့် သွန်းလွန်းရွာနှင့် ခေါင်းလောင်းကြီးထားရှိရာ မင်းကွန်းအရပ်နှစ်ခုကြားတွင် ဧရာဝတီမြစ်ကြီးခြားနေသည်။ မည်သို့သယ်ယူခဲ့ကြပါသနည်း၊ ခေါင်းလောင်းကြီးသွန်းလုပ်ပြီးနောက် ရေကျချိန်တွင် ခေါင်းလောင်းကြီးအောက်ရှိ မြေသားများကို တူးထုတ်သည်။ ရက်မတန်း၊ ဆင့်တန်းများဖြင့် အခင်းကိုခိုင်ခံ့စွာ ပြုလုပ်သည်။ ယင်း၏အောက်တွင် ကရဝိတ်ဖောင်တော် နှစ်စင်းကိုထပ်မံဆောက်လုပ်သည်။ ထို့နောက် ခေါင်းလောင်းကြီးချထားရာနေရာမှ ဧရာဝတီမြစ်ထဲ အရောက်မြောင်းကြီးတစ်ခုတူးဖော်သည်။ ပေ ၂၀ကျယ်သည်။ ဝါဆိုဝါခေါင်ဖြစ်၍ ရေကြီးသည်။ မြောင်းကြီးထဲသို့ရေများဝင်လာသည်။ ကရဝိတ်ဖောင်ကြီးများ ကြွတက်လာသည်။ ဤနည်းဖြင့် မင်းကွန်းခေါင်းလောင်းကြီးကို သွန်းလွန်းရွာဘက်မှ သယ်ပို့နိုင်ခဲ့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



**မင်းကွန်းဘက်တွင်လည်း** ဧရာဝတီမြစ်ကမ်းစပ်မှ ယနေ့ ခေါင်းလောင်းကြီးထားရှိရာနေရာအထိ ပေ ၂၀ အကျယ်မြောင်းရှည် ကြီးတူးသည်။ ထို့မြောင်းကြီးထဲမှ တစ်ဆင့်ခေါင်းလောင်းကြီးကို ဆွဲယူလာနိုင်ခဲ့သည်။

သာယာဝတီမင်း (၁၈၃၇-၁၈၄၆)နန်းတက်ပြီး နှစ်နှစ်အကြာ ခရစ်နှစ် ၁၈၃၉ (မြန်မာသက္ကရာဇ် ၁၂၀၀ပြည့်နှစ်) မင်းကွန်းမြေ ငလျင်ကြောင့် ခေါင်းလောင်းကြီးမြေသို့ကျရသည်။ အင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီးဆယ်နှစ်အကြာ ခရစ် ၁၉၀၄ ခုနှစ်တွင် ဧရာဝတီသဘော် ကုမ္ပဏီမှC.E. Johnဦးဆောင်ပြီး တိုင်ပေါ် ပြန်လည်ချိတ်ဆွဲပေးသည်။ သံရက်မ၊ သံတိုင်တို့ဖြင့် အစားထိုးခဲ့သည်။ ယခုအခါ အမိုးပြာသာဒ် ဘုံဆုံးဆင့်နှင့် တိုင်ပေါင်း ၁၆ တိုင်ရှိသည်။ ဗိမာန်တော်အတွင်းထားရှိ စောင့်ရှောက်ထားသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com



(၅၈)

## မြစ်ထဲကျသွားတဲ့ စဉ့်ကူးမင်းခေါင်းလောင်းကြီးကို မြန်မာတွေ ဘယ်လိုပြန်ဆယ်ခဲ့သလဲ

အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲတွင်း အင်္ဂလိပ်စစ်ဗိုလ်တစ်ဦး ရေးဆွဲခဲ့သည့် စဉ့်ကူးမင်းခေါင်းလောင်းကြီးပုံတွင် မည်သည့်တန်ဆောင်းမှု မတည်ဆောက်ရသေးကြောင်း တွေ့ရသည်။ ဆင်ဖြူရှင်၏သားတော် စဉ့်ကူးမင်းသည် ရွှေတိဂုံစေတီတွင် အလှူဒါနအမျိုးမျိုးပြုခဲ့ရာတွင် ခေါင်းလောင်းတော်ကြီးကို ရေစက်ချလှူဒါန်းခဲ့ခြင်းလည်း ပါဝင်သည်။ ခေါင်းလောင်းကြီးကို မဟာဃဏ္ဍာဘွဲ့ပေးသည်။ စေတီတော်၏ အနောက်မြောက် (ရာဟုထောင့်)တွင် တန်ဆောင်းနှင့်တကွ

www.burmeseclassic.com

www.burmeseclassic.com



ာင်ထားလှူဒါန်းခဲ့သည်။ ခမည်းတော် ဆင်ဖြူရှင် မင်းတရားလက်ဆက်က လှူဒါန်းရန် သွန်းလုပ်ခဲ့သော ခေါင်းလောင်းကြီးဖြစ်သည်။ ခေါင်းလောင်းကြီးမှာ ကြေးစင်အချိန်ပိဿာ ၁၅,၅၅၅ (၂၄ တန်ခန့်) ရှိသည်။ အချင်း ၅တောင်၊ အရပ် ၇တောင် ၂ မိုက်၊ လုံးပတ် ၁၅ တောင်၊ အထူ ၂ မိုက် ၅ သစ် (အရပ် ၁၁ ပေ ၃ လက်မ၊ အဝ လုံးပတ် ၂၂ ပေခွဲ၊ ထု ၁½ပေ)ရှိသည်။ သက္ကရာဇ်၁၁၄၀ပြည့် တပို့တွဲလဆန်း ၁၁ ရက် (၁၇၇၈ ခုနှစ်)ဗုဒ္ဓဟူးနေ့တွင် သွန်းလုပ်ပြီးစီးသည်။ ပထမ အင်္ဂလိပ်မြန်မာစစ်ပွဲ (၁၈၂၄)တွင် အင်္ဂလိပ်တပ်များသည် ရွှေတိဂုံကုန်းတော်ကို သိမ်းယူခဲ့သည်။ အောင်ပွဲ အထိမ်းအမှတ်အဖြစ် အင်္ဂလန်သို့ယူဆောင်သွားရန် ခေါင်းလောင်းကြီးကို ဖြုတ်ယူကြသည်။ ခေါင်းလောင်းတော်ကြီးသည် သင်္ဘောပေါ် သို့တင်ရာတွင် မြစ်ထဲကျသွားသည်။ အင်္ဂလိပ်တို့ အကြိမ်ကြိမ် ဆယ်ယူကြသည်။ မအောင်မြင်ခဲ့ချေ။

ပထမ အင်္ဂလိပ်မြန်မာစစ်ပွဲအပြီး ၁၈၂၄ ခုနှစ်တွင် မြန်မာတို့သည် စဉ့်ကူးမင်းခေါင်းလောင်းကြီးကို ပြန်လည်ဆယ်ယူရရှိသည်။ ဆယ်ယူရာတွင် ရန်ကုန်မြစ်တွင်း၌ ရေကျစဉ် ခေါင်းလောင်းကြီးကို ကျောက်သံကြိုးနှစ်ပင်ဖြင့် မြဲအောင်ချည်နှောင်လိုက်သည်။ ကျောက်ကြိုးကို ခေါင်းလောင်းအထက်နားတွင် ရပ်တန့်လျက်ရှိသော သင်္ဘောနှင့်ဆက်ချည်ထားသည်။ ရေတက်သောအခါ သင်္ဘောမြင့်တက်လာသည်။ ခေါင်းလောင်းကြီးသည် မြစ်တွင်းမှကြွပါလာသည်။ ကမ်းနားဘက်သို့ ဆွဲယူကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤနည်းဖြင့် စဉ့်ကူးမင်းကြီးသည် ရွှေတိဂုံစေတီရင်ပြင်ရှိ မူလရှိရင်းစွဲနေရာသို့ ၁၈၂၆ ခုနှစ်တွင် အခမ်းအနား ဖြင့် ပြန်လည်ပို့ဆောင်ရောက်ရှိခဲ့သည်။ ခေါင်းလောင်းကြီး၏ နှုတ်ခမ်းနားတွင် မြစ်တွင်းမှဆယ်ယူ၍ ပို့ဆောင်စဉ်က ထိခိုက်ပွန်းပဲ့လျက်ရှိသည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



## (၁၉)
## ဓမ္မစေတီခေါင်းလောင်းကြီး ဘယ်လိုအစပျောက်သွားသလဲ

ဓမ္မစေတီမင်း (ခရစ်နှစ် ၁၄၇၁-၁၄၉၂)သည် ဘုရင်မကြီး ရှင်စောပု၏သမက်တော်ဖြစ်သည်။ ရှင်စောပုသည် ခရစ်နှစ် ၁၄၅၉ ခုနှစ်တွင် ဓမ္မစေတီအား ထီးနန်းလွှဲအပ်ပြီး ဒဂုံ(ရန်ကုန်) ရွှေတိဂုံစေတီ အနီး တရားရိပ်တွင် ခိုလှုံခဲ့သည်။ ရှင်စောပုလက်ထက်တွင် ရွှေတိဂုံ စေတီတော် ဝတ္တကမြေကို ချဲ့ထွင်လှူဒါန်းခဲ့သည်။ ဓမ္မစေတီလက် ထက်တွင် ဝတ္တကမြေကို ပြန်ချဲ့လိုက်သည်။ ယင်းကိစ္စအတွက် အပြစ် မဖြစ်စေရန် ခေါင်းလောင်းကြီးတစ်လုံး လှူဒါန်းခဲ့သည်။

ခရစ်နှစ် ၁၄၇၆ခုနှစ်တွင် မွန်ပညာရှိအမတ်ကြီး ဗညားအိမ်ကို သွန်းလုပ်ရန် တာဝန်ပေးခဲ့သည်။ ဓမ္မစေတီခေါင်းလောင်းကြီးသည် ကြေးပိဿာချိန် ၁၈၀,၀၀၀ရှိသည်။ တန်ချိန် ၂၇၀ လေးသည်။ အချောက် ၁၂ တောင်၊ အဝ ၈ တောင် ရှိသည်။

မြိတ်ရွှေစာပေ
www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ လှူဒါန်းခဲ့ပြီးနောက် ၁၃၂ နှစ်ခန့်အကြာ ခရစ်နှစ် ၁၆၀၈ ခုနှစ်တွင် ပေါ်တူဂီလူမျိုး ဖိလစ်ဒီဘရစ်တို (ငဇင်ကာ)သည် အမြောက်များပြုလုပ်ရန် ရွှေတိဂုံစေတီရင်ပြင်ပေါ်မှ ဓမ္မစေတီ ခေါင်းလောင်းကြီးကို အတင်းအဓမ္မ သယ်ဆောင်သွားခဲ့သည်။ သန်လျင်သို့မရောက်မီ ပုဇွန်တောင်ချောင်းဝအရောက် သင်္ဘောဝမ်းဗိုက်ကွဲထွက်သွားသည်။ ဓမ္မစေတီခေါင်းလောင်းကြီးသည် ထိုအချိန်မှစ၍ ရန်ကုန်မြစ်အတွင်း နစ်မြုပ်ပျောက်ကွယ်သွားခဲ့ရသည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

## (၆၀)

## ဘယ်သူ့ဓားချက်နဲ့ ကနောင်မင်းသားကြီး ကျဆုံးခဲ့ရသလဲ

ကျောက်[illegible]ကြီးဘုရားရှေ့ဘက်တွင် စန္ဒာမုနိဘုရားရှိသည်။ ရုပ်ပွားတော်သည် ကျောက်တော်ကြီးကဲ့သို့ အရှေ့ဘက်သို့ မျက်နှာပြုသည်။ ဘိုးတော်ဘုရား၏ ကုသိုလ်တော်ဖြစ်သည်။ မန္တလေးမြို့မတည်မီ အမရပူရ၌ ထားရှိခဲ့သည်။ ဘကြီးတော်လက်ထက်တွင် အင်းဝသို့ ပင့်သွားသည်။ ရွှေဘိုမင်းလက်ထက်တွင် အမရပူရသို့ ပြန်လည်ပင့်ဆောင်သည်။ မင်းတုန်းမင်းလက်ထက်တွင် မန္တလေးသို့ပြန်လည် ပင့်ဆောင်ထားရှိသည်။ နန်းမြေဘုံသာ စံနန်းတော်နေရာတွင် စေတီတည်ထားကိုးကွယ်ခဲ့သည်။

၁၂၂၈ ခုနှစ် မြင်ကွန်းအရေးတော်ပုံတွင် အိမ်ရှေ့စံ ကနောင်မင်းသား၊ သားတော် မလွန်မင်းသား၊ စကုမင်းသား၊ ပြင်စည်


www.burmeseclassic.com

www.burmeseclassic.com



မင်းသားတို့ ကျဆုံးသည်။ ၁၂၂၉ ခုနှစ်တွင် အိမ်ရှေ့မင်းသား နှင့် သားတော်များအလောင်းကို အုတ်ဂူသွင်းသည်။ ဂူအရှေ့ဘက်တွင် စန္ဒာမုနိရုပ်ပွားတော်မြတ် ကိန်းဝပ်တော်မူရန် အုတ်ပြာသာဒ်တည် ဆောက်သည်။ စေတီနှင့်ရုပ်ပွားထားရာ အုတ်ပြာသာဒ်ကြားတွင် အိမ်ရှေ့စံ ကနောင်မင်းသားနှင့် သားတော်မင်းသားများကို သွင်းနှံ ထားသည်။

မြန်မာသက္ကရာဇ် ၁၂၂၈ ခု ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက် (၁၈၈၆ ဩဂုတ် ၂) မြင်းကွန်း မြင်းခုံတိုင်မင်းသားများ ပုန်ကန်စဉ် မင်းတုန်းမင်းအား နောက်တံခါးမှ နန်းတော်အရောက် ကျောပေါ်ပိုး၍ ထွက်ပြေးလွတ်မြောက်စေခဲ့သူမှာ ငပိုက်ကြီး ဖြစ်သည်။ မင်းတုန်းမင်း မာန်ဆောင်ကာ လှည့်စားထွက်ပြေးခဲ့သူမှာ စားတော်ဝန်ဦးခဲ ဖြစ်သည်။ ဓားသမားများသည် မင်းတုန်းမင်းဟုထင်မှတ်၍ ဦးခဲ အနောက်သို့လိုက် သွားကြသောကြောင့် မင်းတုန်းမင်းမှာမူ အသက်ဘေးမှ လွတ်မြောက် သွားသည်။ စံနန်းဟော် လွှတ်တော်အနီး တဲကြီးအတွင်းသို့ မြင်းကွန်း နှင့်နောက်လိုက်များ ဝင်ရောက်လာသောအခါ မြစ်သာ ပွဲစားမင်းသား ဖိနပ်တော်သား ဦးကရင်က 'ရန်သူတော်ပါဘုရား' ဟု အော်လိုက် သည်။ လက်နက်မပါသော ကနောင်မင်းသားသည် ဓားတော်ကို ယူရန် ဝင်းပိတုန်းပိတ်ကို ကျော်တက်သည်။ ထိုစဉ် မြင်ကွန်းစား ဓားချက်ဖြင့် ကနောင်မင်းသား ကံကုန်သည်။ (အချို့မှတ်တမ်းများတွင် သူပုန်ဖြေသီး၏ ဓားချက်ကြောင့် ကံကုန်သည်ဟု မှတ်တမ်းတင်ထား သည်။)

✦ ✦ ✦

ညီကိုဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

## (၆၁)

## သိပ္ပံမောင်ဝကို ဘယ်သူသတ်သလဲ

သိပ္ပံမောင်ဝသည် ၁၉၂၉ခုနှစ်တွင် နယ်ပိုင်၊ အရေးပိုင်ဘဝဖြင့် ဒေသအနှံ့ တာဝန်ထမ်းဆောင်ရသည်။ ဒုတိယကမ္ဘာစစ်ဖြစ်လာချိန်တွင် ရွှေဘိုဘက်သို့ ရောက်သည်။ အခြားအရာရှိများနည်းတူ အိန္ဒိယသို့ သွားရောက်တိမ်းရှောင်နေရန် ရည်ရွယ်သည်။

မိသားစု တစ်ခုလုံး မြစ်ကြီးနားသို့ မီးရထားဖြင့် ခရီးထွက်ခဲ့သည်။ ကန့်ဘလူ ဘူတာတွင် သိပ္ပံမောင်ဝတို့ မိသားစု စီးလာသောရထားတွဲ ဖြုတ်ထားခံရသည်။ သောင်တင်နေစဉ် နယ်ပိုင်ဝန်ထောက် ဦးဘသန်းနှင့် ဆုံမိသည်။ ဦးဘသန်းခေါ်၍ ကန့်ဘလူနှင့် ဆယ်မိုင်ခန့်အကွာရှိ ဂါတာ ဆည်ကြီးရွာသို့ လိုက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အခြားစစ်ပြေးအရာရှိများနှင့်အတူ သိပ္ပံမောင်ဝတို့မိသားစု ဘိုတဲတွင် နေထိုင်ကြသည်။

၁၉၄၂ ခုနှစ်၊ ဇွန်လ၊ ၆ ရက်နေ့ နံနက် ၅နာရီတွင် သက်ထွန်း ခေါင်းဆောင်သော အင်အား (၁၀၀)ရှိ ဓားပြများသည် ဘိုတဲကို ဝိုင်းဝန်းပစ်ခတ်ကြသည်။ ဘိုတဲပေါ်တွင် သေနတ်အနည်းငယ်သာရှိသည်။ လူအင်အားလည်း နည်းလွန်းသည်။ မိန်းမသားများနှင့် ကလေးငယ်များပါဝင်သည်။ ထို့ကြောင့် အရာရှိများသည် မိမိတို့၏ သေနတ်များကို ဘိုတဲအောက်သို့ ပစ်ချလိုက်သည်။ အားလုံးလက်နက်ချကြသည်။ ဓားပြများသည် ဘိုတဲပေါ်သို့တက်လာသည်။ သစ်တောဘက်မှ လူများနှင့် အုပ်ချုပ်ရေးဘက်မှ လူများကို ခွဲခြားရပ်ခိုင်းသည်။

ဦးဘသန်းနှင့် သိပ္ပံမောင်ဝကို အောက်သို့ဆင်းခိုင်းသည်။ သိပ္ပံမောင်ဝသည် သားငယ်ကိုဆွဲလျက် ဘိုတဲလှေခါးအတိုင်းဆင်းသွားသည်။ ဦးဘသန်းက သိပ္ပံမောင်ဝနောက်မှ ကပ်လျက်ဆင်းသည်။ ထိုစဉ် ဘိုတဲပေါ်မှ ဓားပြတစ်ယောက်က နယ်ပိုင်ဝန်ထောက် ဦးဘသန်းကို နောက်ကျောဘက်မှနေ၍ ပစ်သတ်သည်။

သိပ္ပံမောင်ဝသည် သားငယ်ကို လက်ဆွဲလျက် ထွက်ပြေးရန်လုပ်သည်။ ထိုစဉ် ဘိုတဲပေါ်တွင် ကျန်ရစ်သော ဇနီးသည် ဒေါ်ခင်မြင့်အော်သံ ကြားသည်။ မောင်ဝသည် ကလေးငယ်ကို လက်ဆွဲလျက် လွတ်ရာသို့ ထွက်ပြေးရန် ဟန်ပြင်နေရာမှ ခြေလှမ်းများကို ရပ်လိုက်သည်။ ဘိုတဲဘက်သို့ ပြန်လျှောက်လာသည်။ ထိုအခိုက်တွင် ရေရိုးစိန်ကြီးဆိုသူ ဓားပြ တစ်ဦးက သိပ္ပံမောင်ဝကို ပစ်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်ကို ဆွဲ၍ပြေးသော ကားမောင်းသူကိုလည်း ပစ်သတ်လိုက်သည်။

သိပ္ပံမောင်ဝ ကွယ်လွန်ပြီး (၂၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် သိပ္ပံမောင်ဝ၏ ရုပ်အလောင်းကို ပြန်ဖော်သည်။ အမှန်တကယ် သေနတ်ထိမှန်သေဆုံးသည့် နေရာတွင် ပြန်လည်မြှုပ်နှံသည်။ အုတ်ဂူသွင်းသည်။ **"သိပ္ပံမောင်ဝ(ဦးစိန်တင်) ၁၂၆၀-၁၃၀၄ (၁၈၉၉-၁၉၄၂) ဂါးဒါးရွာ ဘိုတဲ၌ ဓားပြလူဆိုးတို့၏ အထင်မှားလက်လွန်မှုကြောင့် အနိစ္စရောက်ရှာသည်"** ဟု ကမ္ပည်းထိုးထားသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com



## (၆၂)

## အသက်(၆၀)ကျော်အထိ မိုးပေါ်တက် စွန့်စားပြခဲ့တဲ့ မြန်မာ့သူ့ရဲကောင်းကြီးက ဘယ်သူလဲ

မီးပုံးပျံဦးကျော်ရင်(ခရစ်နှစ် ၁၈၇၃-၁၉၃၉)ဖြစ်သည်။ အသက် (၅၅)နှစ်မှ (၆၆)နှစ်အရွယ်အထိ (၁၉၂၉မှ ၁၉၃၉) မြန်မာနိုင်ငံ အရပ်ရပ်၌ မီးပုံးပျံငါးလုံးဖြင့် ၅၅ကြိမ် စွန့်စားပြသခဲ့သည်။ မီးပုံးပျံများကို ကိုယ်တိုင်ကြံစည်ပြုလုပ်သည်။ မီးပုံးပျံစီးပြရာတွင် ဘားကျွမ်းအမျိုးမျိုးကစားကာ သက်စွန့်ဆံဖျား စွန့်စားပြခဲ့သည်။

ထားဝယ်နယ် ပန်းတလဲရွာ၌ ဖွားမြင်သည်။ ငယ်စဉ်က ကျွမ်းဘား၊ နပမ်း၊ အပြေးပြိုင်အားကစားများ လိုက်စားသည်။ မြန်မာစာမျှသာ တတ်မြောက်သည်။၁၉၂၉ ခုနှစ်တွင် ထားဝယ်မြို့

မိုက်ဆွေအားပေး

www.burmeseclassic.com



အစိုးရအထက်တန်း ကျောင်း၌ ပုံဆွဲဆရာလုပ်ရင်း ပထမဆုံးအကြိမ် မီးပုံးပျံ စီးပြခဲ့သည်။ အသက်(၆၀) အတွင်းရောက်နေခြင်း၊ အင်ဂျင်နီယာခေတ်ပညာမျိုး မတတ်မြောက်ခြင်းတို့ကြောင့် သက်ဆိုင်ရာက မီးပုံးပျံစီးခွင့် လွယ်လွယ်ဖြင့် မပေးခဲ့ချေ။

ဦးကျော်ရင်၏ မီးပုံးပျံများသည် ပိတ်ဖြူဖြင့် ချုပ်ထားသည်။ လုံးပတ်အတောင်(၁၀၀)၊ အမြင့်အတောင်(၃၀)ခန့်ရှိသည်။ လေငြိမ်၍ မိုးကောင်းစွာဝလျှင် အမြင့် ၂မိုင်ခန့်အထိ တက်နိုင်သည်။ မီးပုံးပျံဖြင့် တက်သွားစဉ် ဦးကျော်ရင်သည် မီးပုံးပျံအောက်ဘက် ကြိုးတန်း အဆုံးရှိ သံဘားတန်းပေါ်၌ ကျွမ်းအမျိုးမျိုး ထိုးပြသွားတတ်သည်။ ၁၉၃၀ ပြည့်နှစ်အတွင်း ရန်ကုန်မြို့၊ ကန်တော်ကြီးအလယ်ကျွန်း (ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ)၌ မီးပုံးပျံစီးပြစဉ် သစ်ပင်နှင့် ရိုက်မိသည်။ ခြေထောက်နှင့် မေးစေ့တွင် ဒဏ်ရာရသွားသည်။ ဒဏ်ရာပျောက်သွားချိန်တွင် မီးပုံးပျံကို မကြောက်မရွံ့ ဆက်လက်စီးပြခဲ့သော အာဂသူရဲကောင်းတစ်ဦး ဖြစ်သည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

# (၆၃)

## စတာန့်မင်းသားချစ်ရှေကြီး ဘယ်ဒေသမှာ ကျဆုံးသွားခဲ့သလဲ

အေဝမ်းရုပ်ရှင်ကုမ္ပဏီမှ 'မြဂနိုင်' ဓာတ်ကားကို ကြည့်ဖူးကြလိမ့်မည်။ ၁၉၃၄ ခုနှစ်တွင် ရိုက်ကူးခဲ့သည်။ စတာန့်မင်းသား ချစ်ရွှေပါဝင်သည်။ မင်းသားသက် ရှစ်နှစ်အတွင်း ဓာတ်ကားပေါင်း ၂၄ကား ရိုက်သွားသည်။ အောင်သပြေဓာတ်ကားတစ်ကားသာ အသံထွက် ဖြစ်သည်။

ရုပ်ရှင်ထဲ မရောက်မီ ကျောင်းသားဘဝကပင် ပြည်မြို့ လက်ဝှေ့ပွဲများတွင် နာမည်ကြီးခဲ့သည်။ ရုပ်ရှင်မင်းသားဘဝ အခုန်အပျံ

www.burmeseclassic.com

www.burmeseclassic.com



ဒိုင်ဗင်စတန့်ခန်းများ ရိုက်လျှင် ချစ်ရွှေသည် အမှန်းအဆ ကောင်းသည်။ အမြဲတမ်း ကြောင်ကျ၊ ကျသည်။ မည်သည့် အခါမျှ လူစားမထိုးခဲ့ပေ။ သိမ်းလိုက်သူများ အဆိုအရ ချစ်ရွှေသည် အသားမဖြူမညို၊ အရပ်အမောင်း ၅ပေ၁၀လက်မခန့်ရှိသည်။ ထောင်ထောင်မောင်းမောင်း နှင့် ခန္ဓာကိုယ်အချိုးအဆက် လှပသည်။ မြဂနိုင်ဇာတ်ကားတွင် ချစ်ရွှေကြီးသည် သွပ်ပြားများ ကာရံထားလျက် ထိပ်ဖျားတွင် သံဆူးကြိုးများ သွယ်တန်းထားသော စမ်းချောင်း ဘောလုံးကွင်းအတွင်းသို့ ဝါးလုံးထောက်ပြီး ခုန်ဝင်သွားသည်။ အတွင်း၌ မီးပုံးပျံဦးကျော်ရင်သည် မှိုင်းဝနေသည့် မီးပုံးပျံကြီးကို တက်စီးရန် အသင့်ပြင်လိုက်စဉ် ချစ်ရွှေကြီးက အတင်းဝင်လု တက်စီးလိုက်ပါသွားသည်။ ချစ်ရွှေသည် ပေ၂၅၀၀ကျော် စီးနင်းလိုက်ပါသွားသည်။ မီးပုံးပျံကြီးသည် ရွှေတိဂုံဘုရားမြောက်ဘက် သွေးဆေးကန်မြေလွတ်သို့ ကျရောက်သည်။

မင်းသားချစ်ရွှေသည် ဒုတိယကမ္ဘာစစ်အတွင်း ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) တပ်မတော်ကြီး မြန်မာနိုင်ငံအတွင်း ချီတက်လာချိန်တွင် တပ်မတော်သို့ဝင်သည်။ မြစ်ဝကျွန်းပေါ် တိုက်ပွဲတစ်ပွဲတွင် ကျဆုံးသွားသည်ဟုသာ ပြောသံကြားဖူးသည်။

ချစ်ရွှေကြီး၏ ဘဝဇာတ်သိမ်းနှင့် ပတ်သက်၍ 'ဘုံဘဝမှာဖြင့်' တွင် ခနဖြူသို့ ရုပ်ရှင်စတန့်ဇာတ်လိုက် ချစ်ရွှေရောက်လာကြောင်း၊ ကာကီယူနီဖောင်း ဝတ်ထားပြီး သူ့နောက်တွင် လူငယ် ၂၀ခန့်ပါလာကြောင်း၊ လက်နက်တပ်ဆင်ပေးရန် ဘီအိုင်အေသို့ ဝင်လိုကြောင်း၊ အင်္ဂလိပ်နယ်ချဲ့ကိုတိုက်ရန် ရည်ရွယ်ကြောင်း၊ လော

www.burmeseclassic.com

www.burmeseclassic.com



လောဆယ်တွင် အင်္ဂလိပ်လက်ပါးစေများကို တိုက်လိုကြောင်း ပြောသည်။

လူမျိုးရေးမုန်းတီးမှု စိတ်ဓာတ်များဖြင့် လှုံ့ဆော်စည်းရုံးလာသော သူ့နောက်လိုက်များနှင့်သူ့ကို ဘီအိုင်အေသို့ ဝင်ခွင့်မပေးနိုင်ကြောင်း ပြောလိုက်သည်။ ချစ်ရွှေကြီး ဒေါသထွက်သွားသည်။ ဇလွန်သို့သွားသည်။ ဗိုလ်လှကြည်နှင့် ဗိုလ် လှမြင့် ဦးစီးသော ဘီအိုင်အေသို့ဝင်သည်။ မကြာမီ ဟင်္သာတအထက် ဒိုက်ယား(သာယာကုန်းရွာ) သို့ သွားရောက်တိုက်ခိုက်သည်။ ချစ်ရွှေ ကြီးနှင့် တပ်သား ၃၀ခန့် ကျဆုံးသွားခဲ့သည်ဟုဆိုသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

## (၆၄)

## ဗိုလ်အောင်ဒင်ကြီး တကယ်စိတ်နောက်သွားသလား

စစ်ကြိုခေတ် မင်းသား အဆိုတော် ခင်မောင်ရင်ဟု ပြောလျှင် သိသူနည်းလိမ့်မည်။ ""ဗိုလ်အောင်ဒင်မင်းသား""ဟု ပြောလိုက်လျှင် ချက်ချင်းသိကြသည်။ ခင်မောင်ရင်သည် ရုပ်ရှင်ထဲတွင် အမူအရာသာကောင်းသည်မဟုတ်ပေ။ အဆိုကောင်းသည်။ ငြိမ့်အေးသည်။ ပြတ်သားသည်။ တယောကောင်းကောင်း ထိုးတတ်သည်။

အမည်ရင်း မောင်အောင်တင်ဖြစ်သည်။ မန္တလေးမြို့ အမျိုးသားအထက်တန်းကျောင်းနှင့် ဝက်စလီယန် သာသနာပြုကျောင်းများတွင် ပညာသင်ယူခဲ့ပြီး ရေစကြိုမြို့ အမျိုးသားကျောင်းတွင် ဆရာဝင်လုပ်သည်။ ထို့နောက် ရန်ကုန်မြို့ အစိုးရပုံနှိပ်တိုက်၊

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ပုံနှိပ်ဌာနခွဲတွင် ခုဝယ်နှစ်ကြာမျှ အလုပ်ဝင်လုပ်သည်။ ထိုစဉ် ဘားမားဖိုတိုပလေးဖလင့် ပိုင်ရှင် ဦးဘငြိမ်း၏ တိုက်တွန်းချက်အရ 'တြိကပါဒုက' ဓာတ်ကား ပွဲဦးထွက်ရိုက်ကူးသည်။ တစ်ကားတည်းဖြင့် နာမည်ကြီးသွားသည်။ အလုပ်မှထွက်သည်။

ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီသို့ ရောက်သွားသည်။ "မည်သည့် အကြောင်းကြောင့်မျှ လခမလျှော့ရ" စာချုပ်ဖြင့် **နေနှင့်လရွှေ နှင့်မြ၊ ဝတ္တုရား၊ အချစ်ဆုံး၊ သူဇာ၊ ဗိုလ်အောင်ဒင်၊ မိုးခေါင်ကျော်စွာ**ဓာတ်ကားများ ရိုက်ကူးအောင်မြင်သည်။

မိုးခေါင်ကျော်စွာသည် ခင်မောင်ရင်၏ နောက်ဆုံးဓာတ်ကားဖြစ်သည်။ ခင်မောင်ရင် ရိုက်ကူးခဲ့သော ဓာတ်ကားများနှင့် ရုပ်ရှင်တေးများအနက် **စကြာသိုက်၊ ဘိုးဘိုးအောင်၊ ကုသဝတီ၊ ဆိပ်ကမ်းသာ၊ တောသားကြီး** စသည့် ဓာတ်ပြားသီချင်းများကို ယနေ့တိုင် လူကြိုက်များနေဆဲပင်။

မျက်နှာပြုံးချိုချို စကားပြောတတ်သူ ခင်မောင်ရင်သည် ၁၉၃၇ ခုနှစ်၊ နဂါးနီစာအုပ်အသင်းပေါ်လာချိန်တွင် ရွှေတိုင်ညွန့်၏ နဂါးနီသီချင်းကို ကိုယ်တိုင်သီဆို ဝါဒဖြန့်ခဲ့သည်။ နဂါးနီ စာအုပ်အသင်းကို စတင်တည်ထောင်စဉ် **"ဆင်းရဲသားအကျိုးကို ဆောင်ရွက်မည်"၊ "လူမွဲတွေ သူဌေးဖြစ်ရမည်"၊ "ဘိုးဘိုးအောင် မ,သကဲ့သို့ ထွက်ရပ်လမ်းပြမည်"** ဟူသော နဂါးနီဝါဒကို သီချင်းအဖြစ် ဝါဒဖြန့် သီဆိုပေးခဲ့ခြင်းဖြစ်သည်။

ဒုတိယကမ္ဘာစစ်အကြို ၁၉၃၉ ခုနှစ်တွင် ခင်မောင်ရင်၏ ကျန်းမာရေး မကောင်းတော့ချေ။ စစ်အတွင်းတွင် မအူပင်မြို့သို့ပြောင်း

www.burmeseclassic.com

www.burmeseclassic.com



ရွေ့သည်။ ညီ၊ ညီမများနှင့်အတူ နေထိုင်သည်။ **"အချစ်ဆုံး"** ထဲတွင် ခင်မောင်ရင်သည် **"ခင်မောင်ရင် တစ်ကိုယ်တည်းမှာ အရှုံးကြီးဖြစ်ကာ ဓာတ်သိမ်းပြီ"** ဟူ၍ ဆိုခဲ့သည်။ ထို့ကြောင့် စစ်ပြီးခေတ်မှ နောက်နောက်ကာလအထိ **"မင်းသားခင်မောင်ရင် စိတ်နောက်ပြီး သေသွားတယ်"** ဟူ၍ ပြောဆိုတတ်ကြသည်။

ခင်မောင်ရင်သည် ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၆ ခု နှစ်ဦးပိုင်းတွင် ကွယ်လွန်သွားသည်။ အူရောင်ရောဂါဖြင့် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com



## နာမည်ရှေ့မှ "သခင်"တပ်ခေါ်ဖို့ ဘယ်သူက စတင်လှုံ့ဆော်ခဲ့သလဲ

"ငါတို့ကံခေ၊ ဖြစ်ရပြန်သလေ၊ သို့သော် အရင်းကိုစစ်လျှင် ဗမာပြေ၊ ငါတို့ ငါတို့မြေ"ဟူသော တို့ဗမာသီချင်းကြောင့် လူငယ်များ မျိုးချစ်စိတ်ဓာတ် တက်ကြွလာကြသည်။ လူငယ်အများအပြား တို့ဗမာအစည်းအရုံးဝင်များ ဖြစ်လာကြသည်။ မြန်မာကိုင်းရင်းသား လူငယ်များသည် "ခနရှင် ဖုတ်တစ္ဆေနှင်ထုတ်သော တို့ဗမာကမ္ဘဝါ" အဖြစ် "မီးတုတ်၊ မီးတုတ် - ရှို့ ရှို့"၊ "သူပုန်၊ သူပုန် - ထ ထ"၊ "သပိတ်၊ သပိတ် - မှောက် မှောက်"၊ "သခင်မျိုးဟော တို့ဗမာ၊ အရေးတော်ပုံ အောင်ပါစေ"ဟူ၍ ဟစ်ကြွေးခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို ကိုလိုနီခေတ်တွင် မြန်မာနိုင်ငံသို့ မတရားလာရောက်အုပ်ချုပ်နေသော မျက်နှာဖြူများက မိမိတို့သည် မြန်မာတိုင်းရင်းသားများထက် အသက်တန်းကျသည်ဟု ယူဆထားကြသည်။ မစ္စတာဟု ခေါ်သည်ထက် "သခင်"ဟု အခေါ်ခံချင်နေကြသည်။

တို့ဗမာ အစည်းအရုံးသည် မြန်မာတို့က အင်္ဂလိပ်ကို သခင်ခေါ်နေကြရသည်ကို ပယ်ဖျောက်ပစ်ချင်သည်။ မြန်မာတို့သည် ကိုယ့်မင်းကိုယ့်ချင်းဖြင့် လွတ်လပ်ခဲ့သောလူမျိုးများဖြစ်ခဲ့ကြောင်း ကျွန်များမဟုတ်ဘဲ အရှင်သခင်များဖြစ်ကြောင်း ပြသလိုသည်။ ထို့ကြောင့် တို့ဗမာအစည်းအရုံးဝင်တိုင်း၏ နာမည်ရှေ့တွင်"**သခင်**"ဟု တပ်ခဲ့ကြသည်။ တို့ဗမာအစည်းအရုံး ဝင်များ၏ နာမည်ရှေ့တွင် "သခင်"တပ်ခေါ်ရန် ပထမဆုံးစတင်လှုံ့ဆော်ခဲ့သူမှာ **တောင်တွင်းနယ်၊ စတ္တုသေးဆရာတော်** ဖြစ်သည်ဟု သိရသည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

## (၆၄)

## အလောင်းမင်းတရားကြီးရဲ့ရုပ်သဏ္ဌာန် ဘယ်လိုရှိသလဲ

အလောင်းမင်းတရားကြီး (၁၇၁၂-၁၇၆၀)ကို ဝင်ရောက်ဖူးမြင်ခဲ့သူ ကပ္ပတိန်ဘေကာ၏ ရေးသားချက်အရ မင်းတရားကြီးသည် အရပ် ၅ပေ ၁၁လက်မခန့် မြင့်မားသည်။ ကျန်းမာသော **ရုပ်** လက္ခဏာရှိသည်။ သန်မာသည်။ တင့်တယ်ညီညွတ်သော **လုံးရှည်** သဏ္ဌာန်ရှိသည်။ အသားညိုသည်။ မျက်နှာသွယ်သည်။ **မျက်နှာပေါ်** တွင် ကျောက်ပေါက်မာသက်သက်ရှိသည်။ မျက်နှာထားတည်ကြည်သည်။ မာတင်းသည်။ ရာဇဣန္ဒြေနှင့် ပြည့်စုံသည်ဟု ဖော်ပြထားသည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

## (၆၇)

## မဟာဗန္ဓုလရဲ့ရုပ်ရည် ဘယ်လိုရှိသလဲ

မဟာဗန္ဓုလ (၁-၄-၁၈၂၅ ကျဆုံး)သည် အရုပ်အမောင်းနှင့် ကိုယ်လုံးကိုယ်ပေါက် ခပ်တုတ်တုတ်ဖြစ်သည်။ ခိုင်ခံ့သည်။ မာကျောသည်။ အရပ်များစွာမမြင့်လှပေ။ အသားညိုသည်။ မျက်စိစောင်းယောင်ယောင်ရှိသည်။ မျက်နှာထားအမူအရာ ခန့်ညားသည်။ တည်ကြည်သည်။ ဣန္ဒြေကြီးသည်။ စိတ်သဘောထား ဖြူစင်သည်။ ရုပ်ဖြောင့်သည်။ လက်အောက်ငယ်သားများအပေါ် ညှာတာထောက်ထားဟတ်သည်။ ချစ်သနားလေ့ရှိသည်။ သို့ရာတွင် စည်းစနစ်ကျပ်တည်းသည်။ မိမိ၏အမိန့်ကို မရိုသေသူ၊ မလေးစားသူ၊ ဖီဆန်သူ၊ တော်လှန်သူတို့အား ရက်စက်စွာ ပြုကျင့်တတ်သည်။

✦ ✦ ✦

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

# (၆၈)

## စလေဦးပုညရဲ့ရုပ်ရည် ဘယ်လိုရှိသလဲ

စလေဦးပုည၏ အရပ်အမောင်းသည် မနိမ့်မမြင့်ရှိသည်။ အသားလတ်သည်။ နှာတံစင်းသည်။ နဖူးကျယ်သည်။ ရင်ကားသည်။ ယာလက်သည် တံတောင်ဆစ်မှလက်ဖျားအထိ သိမ်နေသည်။ ဝဲလက်ဖြင့်သာ စာရေးနိုင်သည်။ ပုရပိုက်ကို ထောင်လိုက်ထား၍ ရေးရသည်။ လက်ရေး အလွန်ညီညွတ်သည်။ လှပသည်။ မင်းတရားကြီး ထံပါးတွင် ခစားရချိန်၌ သိမ်နေသော ယာလက်ကို အင်္ကျီလက်ရှည်ဖြင့် အုပ်ထားတတ်သည်ဟု ဆိုသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

## (၆၉)

## ဦးအိုရဲ့ ဦးသာအို တစ်ဦးတည်းလား

**ဦးအိုသည်** ဘကြီးတော်မင်း၏ မိဖုရားခေါင်ကြီး ရှင်မင်းနှခေါ် အမယ်နှ၏ မောင်ကြီးဖြစ်သည်။ စလင်းမြို့စားမင်းသား**ဖြစ်**သည်။ နှမအရှိန်အဝါဖြင့် လွှတ်တက်မင်းသား စလင်းစားအဖြစ် **ထင်**ရှားခဲ့သည်။ သာယာဝတီမင်းသားနှင့် ပခုံးချင်းယှဉ်ခဲ့သည်ဟု **ဆို**သည်။ သာယာဝတီမင်းသား ( နောင်တွင် သာယာဝတီမင်း)**က ပုန်**ကန်ပြီး စလင်းစားဦးအိုအား ကွပ်မျက်လိုက်သည်။

**ဦးသာအိုသည်** မင်းတုန်းမင်းသားဘဝ နောင်တော်ပုဂံမင်းအား ပုန်ကန်စဉ် အိမ်တော်ပါကျွန်ရင်းအဖြစ် လိုက်ပါခဲ့သည်။ ထိုနန်း

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရသောအခါ ငသာအိုကို ရတနာပုံမန္တလေး မြောက်မြို့တော်ဝန်ရာထူး ခန့်ခဲ့သည်။

ဦးသာအိုသည် အမျက်ကြီးသည်။ စဉ်းစားဉာဏ် ဆင်ခြင်တုံတရား ကင်းမဲ့သည်။ မြင်ကွန်း၊ မြင်းခုံတိုင်လုပ်ကြံမှုကြီးတွင် အခါတော်ပေးသည်ဟူသော စွပ်စွဲချက်ဖြင့် စလေဦးပုညအား ဖမ်းဆီးခဲ့သည်။ မိမိ၏ မယားငယ် မရွှေလုပ်နှင့် ဦးပုညအား မသင်္ကာ၍ ဘုရင့်အမိန့်မချမီ မိမိသဘောအလျောက် သတ်ပစ်လိုက်သည်။

မင်းတုန်းမင်းက ငသာအိုကို အကျဉ်းချလိုက်သည်။ မန္တလေးမြို့ မီးလောင်မှုတွင် တာဝန်မကင်းဟုဆိုကာ တောင်မြို့ဝန် ဦးပေစိ၊ မြောက်မြို့ဝန် ဦးသာအိုတို့ကို သံခြေချင်းနှစ်ဆင့်ရိုက်၍ ထောင်သွင်းအကျဉ်းချခဲ့သည်။ ထို့နောက်ပိုင်းမှစ၍ ဦးသာအို သေသည် ရှင်သည် မသိရတော့ချေ။

✦ ✦ ✦

မိတ်ဆွေ

www.burmeseclassic.com

www.burmeseclassic.com

## (၄၀)

## ရွှေတိဂုံပေါ်ကို တက်ခဲ့တဲ့ကျားကြီး ဘယ်ကရောက်လာတာလဲ

"ရွှေတိဂုံဘုရားမှာ၊ ကျားတက်တာ၊ ငါးရက်ပါ။ ဂေါ်ရာတွေဝိုင်း၊ သေနတ်နဲ့ပစ်၊ ကျားစင်းစင်းသေ ..." ဟူ၍ သီချင်းဟောင်း တစ်ပိုဒ် ရှိခဲ့သည်။ ရွှေတိဂုံစေတီပေါ်သို့ ကျားတက်သောနှစ်မှာ ၁၉၀၃ ခုနှစ်ဖြစ်သည်။

အတိအကျဆိုရလျှင် ၁၉၀၃ ခုနှစ် မတ်လ ၂ရက် (၁၂၆၄ ခု၊ တပေါင်းလဆန်း ၅ ရက်၊ တနင်္လာနေ့) ဖြစ်သည်။ ကျားတက်ချိန်တွင် ဘုရားရွှေချရန် ငြမ်းများဆင်ထားသည်။

ကျားသည် စေတီတော်၏ ခေါင်းလောင်းပုံ အနားလန်စွန်းတွင် တက်၍ဝပ်နေသည်။ ရင်ပြင်ပေါ်ရှိ ဘုရားဖူးများမြင်၍ အော်ဟစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နံနက် ၈ နာရီခန့်တွင် ရန်ကုန်အရေးပိုင်၏ စာကိုယ်ရေးလျက် ဘုရားလူကြီး ဦးရွှေဝိုင်းသည် ဗိုလ်မှူးကြီး အီး၊ လောဖို့ဒ် (Col. E Lawford) ကို သွားရှဲခေါ်သည်။ ဗိုလ်မှူးကြီးသည် အပြင်မှ ပြန်အလာ အိမ်သို့မရောက်မီ လာခေါ်သူနှင့် လမ်းတွင်ဆုံမိသည်။ ထို့ကြောင့် နီးရာ အိမ်များမှ သေနတ်ရှာရသည်။ ကပ္ပတိန်ဂျင်းနင်း (Capt. Jennings) ၏ အိမ်မှ နှစ်လုံးပြူး သေနတ်တစ်လက်ရရှိသည်။ လောဖို့ဒ်သည် ကပ္ပတိန် ဘီဗီးလ် (Capt. Beville) နှင့် ကပ္ပတိန် ဂျင်းနင်းတို့ကိုပါ ခေါ်လာသည်။

လောဖို့ဒ်နှင့်အဖွဲ့ ရင်ပြင်ပေါ်သို့ ရောက်ရှိသွားချိန်တွင် လူအုပ်ကြီးက ကျားရှိရာသို့ အော်ဟစ်လျက်ရှိသည်။ ကျားကို တစ်ကောင်လုံး မမြင်ရပေ။ ကျောကုန်း၊ နောက်ခြေထောက်နှင့် အမြီးတို့ကိုသာ တွေ့ရသည်။

ကပ္ပတိန်ဂျင်းနင်းသည် အနီးရှိ တန်ဆောင်းတစ်ခုပေါ်သို့ တက်သည်။ ဗိုလ်မှူးကြီး၏ အမိန့်ဖြင့် ကပ္ပတိန် ဘီဗီးလ်သည် လီဗာပူဘုရင်တပ်ရင်းမှ ရိုင်ဖယ်သေနတ်ကိုင် ၁၄ဦးခေါ်လာသည်။ လူနှစ်သုတ်ခွဲလိုက်သည်။ ကပ္ပတိန်ဂျင်းနင်း တက်ရောက်နေရာယူထားသော တန်ဆောင်း၏ တစ်ဖက်တစ်ချက်မှ နေရာယူကြသည်။

အမိန့်ပေးလိုက်သောအခါ ကျားကို ဝိုင်းပစ်ကြသည်။ ကျည်ဆံအများ စုသည့် ကျားဝပ်နေရာအရွှန်းသို့သာ ထိမှန်သည်။ ကျားသည် ခေါင်းထောင်ထလာသည်။

ကပ္ပတိန်ဂျင်းနင်း ပစ်လိုက်သော ကျည်ဆံသည် ကျား၏ ရင်အုပ်နှင့် ဘယ်ညာပခုံးနှစ်ဖက်ကြား သွားရောက်ထိမှန်သည်။ ကျားသည်



www.burmeseclassic.com

www.burmeseclassic.com



အမြီးကို လှုပ်ရမ်းရင်း လူးလိမ့်နေစဉ် ထပ်မံ၍ ပစ်ကြသည်။ ကျားကြီးသေသွားသည်။

ကပ္ပတိန် ဂျင်းနင်းသည် ဝါးခြမ်းလှေကားပေါ်တက်ပြီး ကျားကိုကြည့်သည်။ ညည်းသံပြုနေသေးသည်။ ရင်အုပ်တည့်တည့်သို့ နောက်ထပ်တစ်ကြိမ်ပစ်ရသည်။

ကျားသေကို အောက်သို့ဆွဲချပြီး လေ့လာကြသည်။ ကျားမတစ်ကောင်ဖြစ်သည်။ ငယ်ရွယ်သန်မြန်သေးသည်။ ကိုယ်အလျား ရှစ်ပေတိတိရှည်သည်။ အမြီးသည် အုက်စွန်းတွင် ပြတ်ကျန်ခဲ့သည်။ အဆိုပါကျားမသည် ပဲခူးရိုးမဘက်မှ လာမ်းမှားပြီး မြို့ထဲဝင်ခဲ့ဟန်တူသည်ဟု ဆိုသည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



# (၄၁)

## "မြိုင်ယံဘွား" မြန်မာတာဇကားမှာ ပါဝင်ခဲ့တဲ့ ကျောင်းအမ၊ အလှူ့အမရဲ့နာမည်က ဘယ်သူလဲ

ဆင်မကြီး မငွေစိန်ဖြစ်သည်။ နာမည်အပြည့်အစုံမှာ ကျောင်းအမကြီး၊ အလှူ့အမကြီး၊ ဘုရားအမကြီး မငွေစိန်ဖြစ်သည်။

ဆင်လိမ္မာကြီး မငွေစိန်ဖြစ်လာမည့် ဆင်ငယ်ကလေးကို ကိုလိုနီခေတ်တွင် မုံရွာမြို့ မြောက်ဘက် (၂၅)မိုင်အကွာ၊ အလုံမြို့နယ်အတွင်း ဝက်ရဲရွာသားများက ဖမ်းဆီးရရှိခဲ့သည်။ ရွာရှိဘုန်းကြီးကျောင်းသို့ လှူခဲ့သည်။ ကြီးပြင်းလာသောအခါ ငွေစိန်ကိုတောထဲသို့ အကြိမ်ကြိမ်ပြန် လွှတ်သည်။ ဘုန်းကြီးကျောင်းသို့သာ အကြိမ်ကြိမ်ပြန်လာတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် သခွတ်တနယ် ရွာသူကြီး ဦးမင်းခေါင်က ဆက်လက်ထိန်းသိမ်းထားရသည်။ ဆင်ဦးစီး တစ်ဦးထံ အပ်နှံသည်။ ဆင်ဦးစီးက ရွှေဘိုခရိုင်၊ မုံရွာခရိုင်တစ်ခွင် ကျေးလက်အလှူပွဲ ရှင်လောင်းလှည့်ပွဲများ၌ ဆင်ဖြင့် ဝင်ငွေရှာသည်။ ဆင်ငှားခ ၂၅ကျပ်ရသည်။ နောက်ဆုံး ကျောက်ဆည်သို့ ရောက်သွားသည်။

သူကြီးဦးမင်းခေါင်က မန္တလေးမြို့ အရှေ့ပြင်မာရ်အောင် ရတနာကျောင်းတိုက်ဆရာတော်ထံ ငွေစိန်ကို လှူလိုက်သည်။ မန္တလေးမြို့ပေါ်ရှိ အလှူပွဲများသို့ ရံဖန်ရံခါလိုက်သည်။ ဘုန်းကြီးပျံပွဲများသို့လိုက်လျှင် အလောင်းတင်မခံတတ်ပေ။

မုံရွာခရိုင် ကန္နီမြို့၌ နေထိုင်ရစဉ် ရရှိငွေဖြင့် သခွတ်တနယ် အနီး အလယ်တန်းကျောင်းနှင့် တင်မနားရွာရှိ ဘုန်းကြီးကျောင်းများကို ဆောက်လုပ်လှူဒါန်း သည်။ ပက်ရဲရွာရှိ ရေးဟောင်းစေတီတစ်ဆူကို လည်း မိမိရရှိငွေဖြင့် ပြုပြင်မွမ်းမံခဲ့သည်။

အောဝမ်းညွှန့်မောင်၊ မေမြင့်တို့နှင့် မြိုင်ယံဘွား ရုပ်ရှင် ရိုက်ကူးပြီးနောက် ဆင်မကြီးကို ရုပ်ရှင်ဇာတ်လိုက် မငွေစိန်ဟု ခေါ်ကြသည်။

မန္တလေးမြို့၌နေစဉ် မငွေစိန်သည် ဆင်းရဲသား ကလေးငယ် များကို စုပေါင်းရှင်ပြုခဲ့ရသေးသည်။ အသက် (၇၅) နှစ်ခန့်တွင် ကွယ်လွန်သည်။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

(၇၂)

# ရန္တပိုရွာကလေး ဘာကြောင့်ကမ္ဘာကျော်ခဲ့တာလဲ

ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ(၁၈၂၄ ဇန်နဝါရီလ ၁၈ရက် - ၁၈၂၆၊ ဖေဖော်ဝါရီလ၊ ၂၄ ရက်)တွင် မြန်မာတို့ ရှုံးနိမ့်ရသည်။ အင်္ဂလိပ်တပ်များသည် အထက်ပုဂံအနီးသို့ ရောက်လာသည်။ ထို့ကြောင့် အင်းဝနေပြည်တော်တွင် ဖမ်းဆီးထားသော အမေရိကန် သာသနာပြု Rev.Price နှင့် အင်္ဂလိပ်လူမျိုး Dr.Stamford တို့ကို အချုပ်မှလွှတ်လိုက်သည်။ ယင်းတို့နှစ်ဦးအကူအညီဖြင့် ရန္တပိုရွာတွင် ၁၈၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ရက်၌ စစ်ပြေငြိမ်းစာချုပ် လက်မှတ်ရေးထိုးခဲ့သည်။

ရန္တပိုရွာသည် ရွာငယ်ကလေးမျှသာဖြစ်သည်။ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့ဆုံရာအနီးတွင် တည်ရှိသည်။ ရန္တပိုရွာသည်



www.burmeseclassic.com

www.burmeseclassic.com



နွေလေးတိုင်း၊ မြင်းခြံမြို့ မြောက်ဘက်(၁၀)မိုင်အကွာ ရောဝတီမြစ်အရှေ့ဘက်ကမ်းနဖူးတွင် တည်ရှိသည်။ အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲအပြီးတွင် ရန္တပိုရွာ၌ စစ်ပြေငြိမ်းရေးစာချုပ်ဖြင့် ယာယီ အပစ်အခတ်ရပ်စဲခဲ့သည်။

ရန္တပိုရွာစာချုပ်ကို ၁၈၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် မြန်မာဘက်က လယ်ကိုင်းစားဝန်ကြီး မဟာမင်းလှမင်းခေါင်ကျော်ထင်ကလည်းကောင်း၊ အင်္ဂလိပ်တို့ဘက်က ဗိုလ်ချုပ် ဆာအာချီဘောကင်းဘဲလ်ကလည်းကောင်း လက်မှတ်ရေးထိုးသည်။

မျက်မှောက်ကာလတွင် **အဆိုပါသမိုင်းဝင်** ရန္တပိုရွာ၌ ရွာသူရွာသားများသည် ရေးအစဉ် အလာအတိုင်း မြေအိုးလုပ်ငန်းများကိုသာလုပ်ကိုင်လျက်ရှိသည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

# (၇၃)

## တောင်သမန်တံတားကြီး ဘယ်လိုဆောက်ထားသလဲ

တောင်သမန်တံတားခေါ် ''ဦးပိန်တံတား'' သည် ကုန်းဘောင် ခေတ်တွင် ပေါ်ပေါက်လာသည်။ ၁၂၀၉ ခုနှစ်၊ ပုဂံမင်းလက်ထက် တွင် မြို့စာရေးဦးပိန် တာဝန်ယူတည်ဆောက်ခဲ့၍ ဦးပိန်တံတားဟု ကျော်ကြားသည်။

အင်းဝနန်းတော်ဟောင်းမှ သစ်သားတိုင်ဟောင်းများကို သယ်ယူရွှေ့ပြောင်းပြီး ၁၂၁၁ ခုနှစ်တွင် တောင်သမန်အင်း ကြီးအပေါ် ပေါင်းကူးတည်ဆောက်ထားခြင်းဖြစ်သည်။

စာရင်းမှတ်တမ်းများအရ (၃၉၆၇)ပေ ရှည်လျားသည်။ တံတားတိုင်လုံးပေါင်း ၁၀၈၆ တိုင်ဖြင့် တည်ဆောက်ထားသည်။ အခန်းအကန့်ပေါင်း (၄၀၂)ခန်း ရှိသည်။ ဇရပ်စုစုပေါင်း လေးခု လည်းရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်သမန် အင်းကြီးသည် အလွန်ထင်ရှားသော အင်းကြီးဖြစ်သည်။ မုံရွေးဆရာ တော်၏မှတ်စုတွင် "ရေ-စစ်ကိုင်း၊ လှိုင်း-ပခန်းငယ်၊ လယ်-တောင်တွင်း၊ စပါး-ရမည်းသင်း၊ အင်း-တောင်သမန်၊ ကန်-မိတ္ထီလာ" ဟုပင် မှတ်တမ်းတင်ထားသည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

# (၇၄)

## "မြန်မာနိုင်ငံဗဟိုချက်" ဘယ်နေရာမှာရှိသလဲ

ပုဂံအနော်ရထာမင်းသည် ဗုဒ္ဓမြတ်စွာ စွယ်တော်ပွားများကို ပုဂံတန့်ကြည့်တောင်၊ တုရင်းတောင်၊ လောကနန္ဒာနှင့် ရွှေစည်းခုံစေတီတို့တွင် ဌာပနာခဲ့သည်။ နောက်ဆုံး ပဉ္စမမြောက် စွယ်တော်ပွားကို မြစ်သားမြို့နယ်၊ ကူမဲမြို့အရှေ့တောင်ဘက်၊ ပြက္ခရွှေတောင်ပေါ်ရှိ ပြက္ခရွှေစေတီတော်တွင် ဌာပနာခဲ့သည်။

မြန်မာနိုင်ငံတော် အလယ်ဗဟိုချက် အမှတ်အသား ကျောက်တိုင်တစ်ခုကို မြန်မာနိုင်ငံမြေတိုင်း အဖွဲ့မှ စိုက်ထူထားသည်။ ယနေ့ ပြက္ခရွှေစေတီတော်အနီးတွင် တွေ့နိုင်သည်။ ကမ္ဘာ့တည်နေရာပြစနစ်(GPS) တိုင်းတာချက်အရ မြန်မာနိုင်ငံ အလယ်ဗဟိုချက်သည် မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ၊ ၁၂ ဒသမ ၆၉၅ မိနစ် အရှေ့



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကို့တွဒ် ၉၆ ဒီဂရီ ၁၄ ဒသမ ၇၅၉ မိနစ်တွင် တည်ရှိသည်။ ကျောက်တိုင်စိုက်ထူထားရာ ပြကွရွှေတောင်သည် ၃၇၅၀ ပေ မြင့်သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၇၁)

## ကောင်းကင်မှ တက်ကြည့်ရင် ကြယ်ကြီးငါးပွင့်ပုံမြင်ရတဲ့ကျောက်တိုင်ကြီးကို ဘယ်မှာ စိုက်ထူထားသလဲ

ရန်ကုန်မြို့၊ ဆူးလေစေတီအနီး ဗန္ဓုလပန်းခြံတွင် စိုက်ထူထားသည်။

ပေပေါင်း ၁၅၀မြင့်သည်။ ထိပ်ဖျားတွင် ငါးမြှောင့်ကြယ်ပုံဖော်ထားသည်။ ပင်မကျောက်တိုင်ကြီး အောက်လည်တွင် ကျောက်တိုင်ငယ်ငါးခု ရံလျက်ရှိသည်။ ကျောက်တိုင်ငယ်တစ်ခုလျှင် အမြ ၃၀စီ မြင့်သည်။ ပင်မကျောက်တိုင်ကြီးနည်းတူ ကျောက်တိုင်ငယ်



www.burmeseclassic.com

www.burmeseclassic.com



**တစ်ခုစီ၏** ထိပ်များကို ငါးမြှောင့်ကြယ်ပုံသဏ္ဍာန် တည်ဆောက်ထားသည်။

ထို့ကြောင့် လွတ်လပ်ရေးကျောက်တိုင်ကြီးကို အထက်ဆီးမှကြည့်လျှင် ကြယ်ကြီးတစ်လုံးကို ကြယ်ငါးလုံးရံထားသည့် ပုံပေါ်လျက်ရှိသည်။ ကျောက်တိုင်ကြီးအောက်ပိုင်း ကျောက်ပြားပတ်လည်တွင် လွတ်လပ်ရေးကမ္ဘည်းထိုးထားသည်။ လွတ်လပ်ရေးကျောက်တိုင်ကို ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၈နာရီတွင် အုတ်မြစ်ချသည်။ ၁၉၅၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၆ရက်နေ့တွင် စတင်ဖွင့်လှစ်သည်။

✦ ✦ ✦

မိုးသောက်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## (၃၆)

## နိုင်ငံတော်သီချင်း စာသားတွေကို ဘယ်သူတွေ စိတ်ကူးရခဲ့သလဲ

တို့ဗမာအစည်းအရုံးသည် ခေတ်လယ်မြန်မာ့လွတ်လပ်ရေး တိုက်ပွဲ လှုပ်ရှားမှုခရီးစဉ်တွင် အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ၁၉၃၀ မေလ ၂၆ ရက်နောက်ပိုင်းတွင် ခေတ်လူငယ်တို့သည် တို့ဗမာ ဝါဒကို စွဲကိုင်လာကြသည်။ နိုင်ငံပြုစာတမ်းများဖြင့် လှုပ်ရှားလာကြ သည်။ တို့ဗမာသီချင်းသည် နိုင်ငံတော်သီချင်း၏ သန္ဓေတည်ရာဖြစ် သည်။

ရေးစပ် တီးကွက်ရှာသူမှာ မန္တလေးဂီတလောကမှ ရန်ကုန် သို့ ဆင်းလာသော ဝိုင်၊ အမ်၊ ဘီ ဆရာတင်ဖြစ်သည်။ ရန်ကုန်တွင် ဝိုင်အမ်ဘီဆရာတင်ဘဝမှ သခင်ဘဝသို့ ကူးပြောင်းသွားသည်။ သခင် ဘသောင်း၊ သခင်သိန်းမောင်၊ သခင်လှဘော်၊ သခင်သာဒိုး၊ သခင် အုန်းဖေ၊ သခင်ကျော်ထွန်းစိန်၊ သခင်ဖိုးနီတို့နှင့် စာသားညှိနှိုင်းရယူ သည်။



www.burmeseclassic.com

www.burmeseclassic.com



တို့ဗမာသီချင်းသည် သမိုင်းဝင်တေးဖြစ်လာသည်။ တို့ဗမာသီချင်းဖွင့်ပွဲကို ၁၉၃၀ ပြည့်နှစ်၊ ဇူလိုင် ၁၉တွင် သထုံဆောင် သဟာယနှင့် စာဖတ်ခန်း၌ ပထမဆုံး သီဆိုသည်။

ဇူလိုင်လ ၂၀ ရက်နေ့တွင် ပြည်သူတို့နှင့် စတင်မိတ်ဆက်သည်။ ရွှေတိဂုံစေတီတော်ကြီး၏ ရာဟုထောင့်တွင် ကျင်းပသည်။ တက္ကသိုလ်ဘာသာပြန် နည်းပြဆရာ သခင်ဘသောင်းက ဦးစံထွန်း တန်ဆောင်းသစ်ကြီး၌ တို့ဗမာသီချင်း၏ အနက်အဓိပ္ပာယ်ကို အကျယ်တဝင့် ရှင်းပြသည်။ ဂီတစာဆို သီချင်းရေးဆရာ ဝိုင်၊အမ်၊ဘီ ဆရာတင့်က ခေတ်ပေါ်တူရိယာများနှင့် တွဲဖက်၍ တို့ဗမာသီချင်းကို ကိုယ်တိုင်ကိုယ်ကျ သီဆိုဖွင့်လှစ်သည်။

၁၉၃၆ ခုနှစ်၊ ဇွန်လ ၂၇ ရက်၊ မြင်းခြံမြို့တွင် ကျင်းပသော ဒုတိယမြောက် တို့ဗမာအစည်းအရုံး ညီလာခံတွင် တို့ဗမာသီချင်းကို "**အမျိုးသားသီချင်း**"အဖြစ် တညီတညွတ်တည်း သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးပြီးနောက် ဒုတိယအကြိမ်မြောက် တိုင်းပြုပြည်ပြု လွှတ်တော်ညီလာခံတွင် "နိုင်ငံတော်**အလံ**၊ နိုင်ငံတော် တံဆိပ်၊ နိုင်ငံတော်သီချင်း"တို့ကို ရွေးချယ်**သည်**။ နိုင်ငံတော်သီချင်း ကို တိုင်းပြုပြည်ပြု လွှတ်တော် တတိယ**ညီလာခံ**၊ အဋ္ဌမအကြိမ်မြောက် အစည်းအဝေးတွင်မှ အပြီးသတ်ရွေး**ချယ်နိုင်**ခဲ့သည်။

နိုင်ငံတော်သီချင်းကို "တို့ဗမာ"သီချင်းမူရင်းမှ စကားလုံးအချို့ကို အနည်းငယ် ပြုပြင်လိုက်သည်။ မူလတေးသွားအတိုင်း ထား



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ သံပြိုင်မှ "ကမ္ဘာမကြေ၊ ဗမာတစ်တွေ (ဒါတို့မြေ ဒါတို့မြေ ဒါငါတို့မြေ)² (တို့ဗမာ)² ... တိုင်းရင်းသားအကုန်အစင်၊ တို့မြေလို့မှတ်ထင်၊ တို့ဝတ္တရားပင် တို့ဗမာသခင်"သံစဉ်ကို ယူသည်။ (ကမ္ဘာမကြေ၊ ဗမာပြည် တို့ဘိုးဘွားအမွေအနှစ်မို့ ချစ်မြတ်နိုးပေ)² ပြည်ထောင်စုကို အသက်ပေးလို့ တို့ကာကွယ်မလေ၊ ဒါတို့မြေ၊ ဒါတို့မြေ၊ တို့ပိုင်နက်မြေ။ တို့မြေ၊ တို့မြေ၊ အကျိုးကို ညီညာစွာတို့တွေ ထမ်းဆောင်ပါစို့လေ၊ တို့တာဝန်ပေ၊ အဖိုးတန်မြေ"ဟူ၍ ဖြစ်လာသည်။

၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ ၂၂ရက် တိုင်းပြုပြည်ပြုလွှတ်တော် တတိယညီလာခံတွင် နိုင်ငံတော်သီချင်းသည် တရားဝင်ဖြစ်လာခဲ့သည်။

နိုင်ငံတော်အလံ၊ သီချင်းနှင့် တံဆိပ်ကော်မတီတွင် ဒီးဒုတ်ဦးဘချို က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ နောင်တွင် ကော်မတီဖြည့်စွက်ခန့်ထားရာတွင် ပန်းချီဦးငွေကိုင်၊ ဦးအုန်းလွင်၊ ဦးဘသန်း၊ ဒဂုန်ဆရာတင်၊ ဦးခင်ဇော်နှင့် ဦးထင်ဖတ်(မောင်ထင်)တို့ ပါဝင်သည်။

✦ ✦ ✦

www.burmeseclassic.com

# (၄၄)

## ဗြိတိသျှတို့ ပြည်မြို့ကဖြုတ်ယူသွားခဲ့တဲ့ ပြာသာဒ်တော်ကြီး ဘယ်နိုင်ငံရောက်နေသလဲ

မွန်ဘာသာဖြင့် ရေးထိုးထားသော ပြည်မြို့ ရွှေဆံတော်ဘုရား ကျောက်စာအရ သီရိဓမ္မာသောကမင်းကြီးသည် ရွှေမုဋ္ဌောဘွဲ့ဖြင့် စေတီတည်ခဲ့သည်။ ပြည်မြို့ မြစ်ကမ်းနဖူးတွင် ရွှေကျောင်းကြီးစေတီ ဘွဲ့ဖြင့် ထင်ရှားသည်။ ထို့နောက် မြတ်ချစ်ရှင်ဟု ဘွဲ့တော်ပြောင်းသည်။

သက္ကရာဇ် ၈၉၄ ခုနှစ်တွင် ပြည်ဘုရင် နရပတိမင်းကြီးက မြတ်ချစ်ရှင် စေတီတော်ကြီး၏ တောင်ဘက်တွင် ကြီးကျယ်ခမ်းနား လှသော ဘုရားတန်ဆောင်း ရွှေကျောင်းကြီးပြာသာဒ်တော်ကို ဆောက် လုပ်လှူဒါန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ခရစ်နှစ် ၁၈၂၅ ခုနှစ်တွင် ပထမ မြန်မာ-အင်္ဂလိပ် စစ်ပွဲ ဖြစ်ပွားသည်။ ရွှေကျောင်းကြီးစေတီတော်နှင့် တန်ဆောင်း ပြာသာဒ်တော်ကြီး ပျက်စီးသွားသည်။ ပြည်ဘုရင် သတိုးမင်းဖျားက ပဉ္စမအကြိမ် ပြုပြင်သည်။ ဘုရား အာရုံခံတန်ဆောင်း ဘုံ ခုနစ်ဆင့် ပြာသာဒ်တော်ကြီးအဖြစ် တည်ဆောက်သည်။ ရွှေပိန်းချ တိုင်လုံးကြီးပေါင်း နှစ်ဆယ်ခန့်၊ မြန်မာမှုအနုလက်ရာ စုလစ်မွမ်းချွန် ကနုတ်ပန်းအလှများဖြင့် ခမ်းနားကြီးကျယ်သည်။ ရွှေကျောင်းကြီး၏ တောင်ဘက်နှင့် မြောက်ဘက်တွင် မနုသီဟ ခြင်္သေ့ရုပ် လေးရုပ် ပါရှိသည်။

အဆိုပါ မြန်မာ့ရှေးဟောင်း အနုပညာလက်ရာမွန် ရွှေကျောင်းကြီးဘုရား ပြာသာဒ်တော်ကြီးသည် ယခုအခါ ပြည်မြို့တွင် မရှိတော့ပေ။ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ ဒေဝဉယျာဉ်ထဲ ရောက် ရှိနေသည်။ ပြည်မြို့တွင် တည်ရှိခဲ့သည့်အတိုင်း ၁၈၅၆ ခုနှစ်၊ နိုဝင်ဘာ လတွင် ပြန်လည်တည်ဆောက်ထားသည်။

ဒုတိယ မြန်မာ-အင်္ဂလိပ် စစ်ပွဲအပြီးတွင် ဗြိတိသျှတို့က ပြည်မြို့မှ ဖျက်ယူသွားကြခြင်းဖြစ် သည်။ အိန္ဒိယနိုင်ငံဆိုင်ရာ ဘုရင်ခံ လော့ဒ်ဒါလ်ဟိုဇီက "မြန်မာ့ ဗိသုကာနမူနာ" အဖြစ် ဥယျာဉ်အတွင်း ပြန်လည်တည်ဆောက်ပြသ ထားခြင်းဖြစ်သည်။ ဗြိတိသျှနယ်ချဲ့တို့ ပြည်မြို့မှ ရရှိသော ခိုးရာပါ ပစ္စည်းဖြစ်သည်ဟူသော အထောက် အထားအဖြစ် "Specimen of Burmese Architect re-moved from Prome in the month of September



www.burmeseclassic.com

www.burmeseclassic.com



1854 and reconstructed on Oct, Nov and Dec 1856
”ဟူ၍ ကျောက်ဖြူပြားပေါ် ကမ္ပည်း ထိုး ဝန်ခံထားသည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

(၃၈)

## ရွှေမျက်မှန်ဘုရားကြီး ဘာကြောင့်လှူဒါန်းထားတာလဲ

ပဲခူးတိုင်း၊ ရွှေတောင်မြို့တွင်ရှိသည်။ ဘီအိုစီဂိတ်သို့ရောက်လျှင် "ရွှေမျက်မှန်ဘုရားသို့" ဟူသော လမ်းညွှန်ဆိုင်းဘုတ်တွေ့ရမည်။ အာဇာနည်ကျောက်တိုင်အနီး လမ်းညွှန်ဆိုင်းဘုတ်ကြီးကို ကျော်လွန်ပြီးနောက် လက်ယာဘက်သို့ကြည့်လိုက်လျှင် ရွှေမျက်မှန်ဘုရားကြီး ကိန်းဝပ်ရာ တန်ဆောင်းတော်ကြီးသို့ ရောက်မည်။

ဉာဏ်တော် အတောင်(၂၀)ခန့် မြင့်သည်။ ရုပ်ပွားတော်၏ မျက်နှာသုံးပုံတစ်ပုံခန့်သာသာ အရွယ်ရှိ ရွှေမျက်မှန်ကြီး တပ်ဆင်ထားသည်။

မျက်မှန်တော်ကြီးမှာ တစ်ဖက်မှတစ်ဖက် အပေါက်အောက်ကွင်းအကျယ် လက်မ ၂၀စီရှိသည်။ အလျား ၂ လက်မရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတော်မှာ လက်မ ၂၀ ရှိပြီး မဟူရာမျက်လုံးတော်များဖြစ်သည်။

သရေခေတ္တရာမြို့တည် ဒွတ္တဘောင်မင်းကြီးလက်ထက်မှ စတင်တည်ထားကိုးကွယ်ခဲ့သည်ဟု ဆိုသည်။ ခေတ်အဆက်ဆက် မျက်စိဝေဒနာရှင်များသည် ရုပ်ပွားတော်ကြီး၏ မျက်မှန်တော်ကို ပြုပြင်လှူဒါန်းခဲ့ကြသည်။ သန့်စင်ပေးခဲ့ကြသည်။ ဤနည်းဖြင့် မျက်စိရောဂါများ သက်သာပျောက်ကင်းသည် ဟု ယုံကြည်ကြသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

# (၇၉)

## အလောင်းတော် ကဿပဆိုတာ ဘယ်အရှင်ကဿပလဲ

ကဿပအမည်ဖြင့် ထင်ရှားသော ပုဂ္ဂိုလ်ထူး အများအပြား ရှိသည်။

မုံရွာမြို့ အနောက်မြောက်ဘက် မိုင် (၆၀)ခန့်အကွာ တောင်ကြီးများ၏ အကြားရှိ အလောင်းတော်ကဿပသည် ဘုရားရှင်လက်ထက် ရှင်မဟာကဿပကြီး မဖြစ်နိုင်ဟု ဆိုသည်။ သက္ကရာဇ် ၅၃၆ ခုနှစ် နန်းတက်သော ပုဂံပြည့်ရှင် နရပတိစည်သူမင်းလက်ထက် ပေါင်လောင်ရှင် ကဿပသာဖြစ်ဖို့များသည်။ ပေါင်လောင်ရှင်ကဿပသည် **ထီးလင်းမြို့** စီရင်စုပေါင်လောင်ရွာဇာတိဖြစ်သည်။ ပုဂံမြို့တောင်ဘက် **ခရီးတစ်**တိုင်ကျော်အကွာ တောရကျောင်း၌ သီတင်းသုံးခဲ့သည်။ အထက်မြန်မာနိုင်ငံတစ်ခွင် ဘုရားစေတီများစွာ တည်ခဲ့သည်။ ဘုရား



www.burmeseclassic.com

www.burmeseclassic.com



တည်ရာဒေသများသို့ သွားရောက် သီတင်းသုံးသည်။ တစ်ခါသော် မြင်းမူတောကျောင်းမှတဆင့် ယောနယ်ဘက်သို့ သာသနာပြုကြွသည်။ ယခု ပုံတောင်ပုံညာနှင့် မဟူတောင်တို့ဆုံရာ အလောင်းတော်နေရာ၌ ပရိနိဗ္ဗာန်ပြုသည်ဟု မှတ်တမ်းတစ်စောင်တွင် တွေ့ရသည်။

ပြည်ဆရာတော်ကြီးကမူ ပေါင်လောင်အရှင်ကဿပ မဟုတ်ဘဲ တောင်ကြားရွာသား ရှင်ကဿပ ဖြစ်မည်ဟု မိန့်ကြားခဲ့သည်။ သက္ကရာဇ် ၇၆၃ခုနှစ်၊ အင်းဝ ပထမ မင်းခေါင်လက်ထက်တွင် တောင်ကြားရွာမှ ကဿပအမည်ရှိသော ရဟန်းတစ်ပါးသည် သီဟိုဠ်ကျွန်းသို့ သွားရောက်သည်။ စာပေကျမ်းဂန် သင်ယူသည်။ ပြန်ကြွလာပြီးနောက် မုံရွာမြို့တောင် ချင်းတွင်းမြစ် အရှေ့ဘက်ကမ်းရှိ အမြင့်မြို့အနီး ရွှေလှေအရပ်၌ သီတင်းသုံးသည်။ ပရိသတ်များလာ၍ အနိမ့်အရပ်သို့ ပြောင်းရွှေ့သွားသည်။

ထိုမှတစ်ဖန် မုံရွာမြို့အနောက် ကျောက်မျက်အရပ်၊ ထိုမှတစ်ဆင့် ခရီး ၁၅၀၀၀ခန့်ဝေးသော တောင်ခြေရင်းသို့ ကြွရောက် သီတင်းသုံးသည်။ ပရိသတ်များလာပြန်၍ တောင် ၃၅လုံးကို **ကျော်** လွှားပြီး ယခု အလောင်းတော်ကဿပခေါ် တောင်ကမ်းပါးယံ**အနီး** ဧကစာရ သီတင်းသုံးခဲ့သည်။ ထိုနေရာမှာပင် ပျံလွန်တော်မူသွားသည်။ ဥဒိဿအလောင်းတော်သဏ္ဌာန် အင်္ဂတေဖြင့် ပြုလုပ်ကိုးကွယ်ခဲ့ကြသည်ဟု သိရသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

## (၈၀)

## အလောင်းဘုရားရဲ့ ရန်ကုန်မြို့ ဘယ်လောက်ကျယ်သလဲ

ခရစ်နှစ် ၁၇၅၅ ခုနှစ်၊ မေလတွင် အလောင်းဘုရားသည် ဒဂုန်ကို သိမ်းယူသည်။ ရန်အပေါင်း ကုန်စင်သွားမှုနိမိတ်ဖြင့် ရန်ကုန်ဟု သမုတ်သည်။ အလောင်းဘုရားတည်သော ရန်ကုန်မြို့သည် အကျယ်အားဖြင့် တာဝန်း ၁၁၁၉ တာရှိသည်။

သစ်မြို့(သစ်တပ်မြို့) ဖြစ်သည်။ ကျွန်း၊ မြောင်း၊ တံခါး၊ ပြအိုး စသော မြို့တံခါးများဖြင့် သစ်မြို့ကို ခုနစ်ရက်အတွင်း တည်ခဲ့သည်။ အလောင်းဘုရား သစ်မြို့အတွင်း ရွှေတိဂုံစေတီတော်ကြီး မပါဝင်ခဲ့ချေ။ ဆူးလေစေတီတော်ပင် သစ်မြို့ရိုး၏ အပြင်ဘက်တွင် ကျရောက်တည်ရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အလောင်းဘုရား သစ်မြို့ နယ်နိမိတ်မှာ မြောက်ဘက်တွင် ဆူးလေဘုရား၊ တောင်ဘက်တွင် ရန်ကုန်မြစ်ကြီး၊ အရှေ့ဘက်တွင် ကုန်သည်လမ်း၊ ပတ်ဝန်းကျင်(သိမ်ဖြူလမ်းအပါအဝင်) နှင့် အနောက်ဘက်တွင် လမ်း ၃၀ (သို့မဟုတ်) (စစ်ကဲ မောင်ထော်လေးလမ်း) ခန့်အထိ ကျယ်ဝန်း သည်။

သစ်တပ်မြို့ကို ရေပတ်လည်ဝိုင်းလျက်ရှိသည်။ ဆူးလေစေတီသည် ထိုစဉ်က ရေပတ်လည်ဝိုင်းလုမတတ် ကုန်းမြေပေါ်တွင် တည်ရှိသည်။

✦ ✦ ✦

မိုဃ်းဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

## (၃၁)

## အလောင်းဘုရားခေတ်က ရွှေတိဂုံဘုရားကို ဘယ်လိုသွားခဲ့ရသလဲ

အလောင်းဘုရား၏ ရန်ကုန်သစ်တပ်မြို့မှ မြစ်ဘက်မဟုတ်ဘဲ အခြားဒေသသို့ထွက်ရာ လမ်းသုံးလမ်းရှိခဲ့သည်။

အနောက်ဘက်တွင် ကြည့်မြင်တိုင်သို့ ထွက်လမ်းရှိသည်။ မြောင်းကိုကျော်ရသည်။ ရွှံ့၊ ညွှံ ထူထပ်သည်။ ချောင်းများကို ဖြတ်ရသည်။ ထိုလမ်းတွင် လေးညို့သားချင်းရွာ တည်ထားသည်။ ကြည့်မြင်တိုင်ဘက်သို့ သွားရာလမ်းနှင့် ရန်ကုန်မြစ်စပ်ကြားတွင် လယ်ကွင်းများ၊ ချုံပုတ်များ ဖုံးလွှမ်းနေခဲ့သည်။

ရန်ကုန်သစ်တပ်မြို့၏မြောက်ဘက်တွင် ရွှေတိဂုံ စေတီတော် သွားသော လမ်းနှစ်သွယ်ရှိသည်။ အနောက်ယွန်းယွန်းကျ

www.burmeseclassic.com



သောလမ်းသည် ယခု ဗန္ဓုလပန်းခြံလမ်း (ကိုလိုနီခေတ်တွင် ဘားလမ်း) တစ်လျှောက်ဖြစ်နိုင်သည်။ ထိုလမ်းသို့ ရောက်ရန် သစ်တပ်မြို့တွင်း မသာတံခါးကို ဖြတ်ရသည်။ ထိုတံခါးသည် ဗန္ဓုလပန်းခြံအနီး တရားရုံးချုပ်ကြီးနေရာတွင် ရှိခဲ့သည်။ အနောက်ယွန်းယွန်းလမ်းသည် အနောက်ဘက် တရုတ်တန်းဆိပ်ကမ်းသို့ ရောက်လာသည်။ ထိုဒေသရှိ ကုန်စျေးတန်း၊ ထိုမှတစ်ဆင့် ယခု ရွှေတိဂုံဘုရားလမ်းတစ်လျှောက် ခရီးဆက်နိုင်သည်။

အထက်ပါ အနောက်ယွန်းယွန်းကျသောလမ်း၏ လက်ဝဲဘက်တွင် ဆူးလေစေတီသို့သွားသော သစ်သားတံတားတစ်ခု ရှိသည်။ နွံ့ဗွက်များကိုကျော်လျက် ဆောက်ထားသည်။

ထိုစဉ်က ရွှေတိဂုံစေတီသို့တက်သည့် အခြားလမ်းတစ်လမ်း ရှိသေးသည်။ ဆိပ်ကမ်းသာလမ်း(ကိုလိုနီခေတ် လွှစ္စလမ်း)အတိုင်း မြောက်ဘက်သို့ သွား ရသည်။ ဝန်ကြီးလမ်းဟုခေါ်သည်။ မြို့ဝန်အိမ်ရှေ့မှ ဖြတ်သွားသော လမ်းဖြစ်သည်။ အလံပြဘုရားလမ်းအတိုင်း သွားပြီးလျှင် ရွှေတိဂုံ စေတီသို့ရောက်သည်။ အထက်ပါလမ်းများအတိုင်း သွားခဲ့လျှင် စေတီများ၊ ဇရပ်များကို ဖြတ်သန်းသွားရသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

## (၈၂)

## ရှင်ဘုရင် ဆံပင်ရိတ်တဲ့အခါ ဆတ္တာသည်အပေါ် ဘာကြောင့် မှားမိုးထားရသလဲ

ရွှေနန်းသုံးဝေါဟာရ အဘိဓာန်အရ တစ်ဦးနှင့်တစ်ဦး သတ်ဖြတ်နန်းလုတတ်သော ခေတ်ကြောင့် မြန်မာဘုရင်များအတွက် လုံခြုံရေးကို ဦးစားပေးခဲ့ရသည်။ ယုံကြည်ရသူ ဆတ္တာသည်များကိုသာ တာဝန်ပေးစေခိုင်းရသည်။

ဘိုးတော်ဘုရားလက်ထက်တွင် ဆံပင်ရိတ် ရသူ၊ ခြေသည်း လက်သည်း သန့်စင်ပေးရသူများ ရှိသည်။ သီရိဇေယဗလ ခေါင်းဆောင်သော လေးဆယ်တော်အဖွဲ့၊ ကောခာရန္တသူ ဦးဆောင်သော ငါးဆယ်တော်အဖွဲ့တို့သည် ဘုရင့်အတွက် ဆံဖြတ် ခြေသည်းလှီးတော် ထမ်းဆောင်ရသူကို အနီးမှ စောင့်ကြပ်ခဲ့ရသည်။ အဆယ်၌

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ကြီးအပေါ် ဆတ္တာသည်က တစ်စုံတစ်ခု ကျူးလွန်ရန်ကြံသည်ဟု အထင်ရှိလျှင်၊ သို့မဟုတ် မမှန်မကန် လှုပ်ရှားလျှင် ဓားများဖြင့် ဝိုင်း၍ ပိုင်းရသည်။

သီရိဒေဝဗလနှင့် ကောဓာရက္ခသူတို့၏ အဖွဲ့နှစ်ဖွဲ့သည် ဘိုးတော်ဘုရား ဆံပင်ညှပ်ခံနေစဉ် ဆတ္တာသည်အပေါ်မှ ဓားမိုးထားရသော တာဝန်ကို ထမ်းဆောင်ခဲ့ရသည်။

✦ ✦ ✦

မိုးတံငွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

## (၈၃)

## ဗန်းမော်ဆရာတော်ကြီးရဲ့ ထူးခြားတဲ့ စားသောက်ဓလေ့ကို သိသလား

ဗန်းမော်ဆရာတော်၏ ထူးခြားသော အကျင့်တစ်ခုမှာ အခြားသူများထက် အစားအသောက်လွန်ကဲစွာ ဘုဉ်းပေးနိုင်ခြင်းဖြစ်သည်။ ဆန်ဖြူဖြူတစ်ခွက်ချက်၊ စာကလေးတစ်ပိဿာ၊ ဝက်သားတစ်ပိဿာ၊ အမဲသားတစ်ပိဿာ၊ ဟင်းချိုဇလုံကြီး သုံးဇလုံ၊ မုန့်ဆီကြော်သုံးယှက်၊ နံ့သာပုဂ္ဂက်ပျော ခြောက်ဖီးနှင့် မန်ကျည်းဖျော်ရည် သုံးပိဿာတို့ကို တစ်ထိုင်တည်းကုန်အောင် ဘုဉ်းပေးနိုင်သည်ဟု ရှေးမှတ်တမ်းများတွင် တွေ့ရသည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

## ဘုရင့်ပွဲတော်စာကို စားတွေအောက်မှာ ဘယ်လိုချက်ပြုတ်ပေးခဲ့ရသလဲ

မင်းတုန်းမင်းနှင့် သီပေါမင်းလက်ထက်တွင် ပွဲတော်ချက် အမှုထမ်းပေါင်း ၅၀ရှိသည်။ တစ်လလျှင် လစာတော်ငွေ ၇၅၀ကျပ် ရရှိသည်။ ဘုရင့်ပွဲတော်စာကို စီမံချက်ပြုတ်ရသော စားဖိုဆောင် သည် အလယ်နန်းတော်ဆောင်အနီးတွင် ရှိသည်။ စားဖိုဆောင်သည် အုတ်တိုက်ဖြစ်သည်။ စားဖိုပေါက် ၁၀၀ ထားရှိသည်။

မင်းတုန်းမင်း နန်းတွင်း ဘုရင့်ပွဲတော်စာ စီမံချက်ပြုတ်ပုံကို မျက်မြင်တွေ့ရှိခဲ့ဖူးသူ မင်းမွေ[illegible]၏သား ရှင်တော်ကုန်းတိုက်[illegible] မောင်မောင်ဘ၏ လက်ရေးမူမှတ်တမ်းအရ ဘုရင့်အတွက် စပါသည်

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



လယ်တော်စပါး ဖြစ်သည်။ အလွန်နူးညံ့သည်။ အနံ့အရသာ ပြည့်စုံသည်။ အဆိုပါ လယ်တော်စပါးကို နန်းတော်တွင် ရွှေဗန်း ထဲထည့်လှန်းရသည်။ ရွှေလက်ဆုံဖြင့် ထောင်းရသည်။ ရွှေဆန်ကော ဖြင့် ပြာရသည်။ ရွှေဆန်ခါ ဖြင့် ချရသည်။ ကွမ်းရည်တော်သားတို့က ရွှေဇာဂနာဖြင့်ရွေးရသည်။ ထိုသို့ ဆန်ရွေးနေစဉ် ကွမ်းရည်တော် သားတို့၏ ဦးခေါင်းအပေါ် ရွှေခြားဆွဲတို့က ခြားလွတ်ဖြင့် မိုးထားသည်။ အချို့လည်း ခြားအသင့် ကိုင်လျက် စောင့်ကြပ်နေရသည်။

ဘုရင့်ပွဲတော်ကို ခြားမိုးခံလျက် ချက်ပြုတ်ပြီးနောက် ရွှေဟင်္သာအုပ်၊ ကျောက်စီပွဲတော်အုပ်များတွင်ထည့်သည်။ ရွှေဗန်းကန် ပေါင်းများစွာ ပါရှိသည်။ သမားတော်များက အချို၊ အချဉ်၊ အဖန်၊ အငန်၊ အစပ် သင့်မသင့် ချင့်တွက်ရသည်။

ထို့နောက် ပွဲတော်အုပ်ကို စားတော်ဝန်သို့ လွှဲအပ်ရသည်။ စားတော်ဝန်က ဦးဆုံးမြည်းရသည်။ တစ်နာရီခန့်ကြာမြင့်သည်။ ထို့နောက် လက်သုံးတော်ရွှေခြားဆွဲ သက်တော်စောင့်ခြံရံလျက် မိဖုရား သုံးပါး စုံညီ စစ်ဆေးပြန်သည်။

ပြီးမှ ဘုရင်မင်း ပွဲတော်တည်ရန် ဆက်ကပ်ရသည်။ ဘုရင် စားသောက်နေစဉ် ယပ်တော်ဆက်ရသည်။ ဘုရင် သုံး၍ကျန်သော ပွဲတော်ကို ရွှေဖလားတွင်ထည့်သည်။ မြေမှာမြှုပ်သည်။ ဘုရင် မသုံးဆောင်သော ပွဲတော်များကို ပွဲတော်ကိုင်မိဖုရား၊ မှူးသား မတ်သားအချို့သို့ ဝေငှသည်။ မိမိတို့၏ ဗန်းကန်များဖြင့် လှယ် ခံယူရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခွဲဝေရေးတာဝန်ကို စားတော်ဝန်က ထမ်းရွက်ရသည်။ ဘုရင်သည် တစ်နေ့လျှင် သုံးကြိမ် ပွဲတော်တည်သည်။ မင်းတုန်းမင်း လက်ထက်တော်တွင် ပွဲတော်ဟင်း ၃၀၀ ကို ပယ် လိုက်သည်။ ပွဲတော် ၁၀၀သာ ဆက်ကပ်ရသည်ဟုဆိုသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

## (၈၅)

## လက်ဝဲသုန္ဒရကိုပို့ခဲ့တဲ့ မဲဇာဆိုတာ ဘယ်မှာရှိသလဲ

မဲဇာမြစ်သည် ထီးချိုင့်မြို့နယ်အတွင်းရှိသည်။ အနောက်မြောက်မှ အရှေ့တောင်သို့ ဧရာဝတီမြစ်ကြီးနှင့် မျဉ်းပြိုင်စီးဝင်နေသည်။ မဲဇာမြစ်နှင့် ဧရာဝတီမြစ်ဆုံတွင် ညောင်ပင်သာရွာရှိသည်။ ညောင်ပင်သာရွာအနီးအတွင် မဲဇာမြစ်သည် ဧရာဝတီမြစ်ကြီးထဲသို့ စီးဝင်သွားသည်။ စာဆိုလက်ဝဲသုန္ဒရ၏ မဲဇာတောင်ခြေရတုတွင် "စီးသွင်ညီရစ်၊ မဲဇာမြစ်လည်း၊ ထစ်တစ်လွှန်းဘိ၊ ချုံအတိနှင့်" စသည်ဖြင့် ရေးဖွဲ့ခဲ့သည်။

အမတ်ကြီးသည် ထီးချိုင့်မြို့နယ်အတွင်း မဲဇာ တောမဲဇာအရပ်သို့ အပို့ခံရပြီး နေခဲ့ရသော မဲဇာအရပ်သည် ယခု မဲဇာရွာအရှေ့ဘက်တွင် ဖြစ်သည်ဟု မှတ်တမ်းများတွင် တွေ့ရသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

## (၈၆)

## ဘုရင်မြောက်စားလို့ မြန်မာအမျိုးသမီးတွေကို စော်ကားခဲ့တဲ့ ဘာ်သာကွဲမြို့ဝန် ဘယ်သူလဲ

ရွှေဘိုမင်း(သာယာဝတီမင်း)၏သားတော် ပုဂံမင်းသည် အပျော်ကြူးသည်။ နေ့စဉ် ကြက်တိုက်သည်။ ချိုးတိုက်သည်။ နွား ဝ်ုက်သည်။ ဗုန်းအိုးရှာသား ဘိုင်ဆတ်ဆိုသူ အိန္ဒိယလူမျိုး ကပြား တစ်ဦးနှင့် ပေါင်းမိသည်။ မူလက တောလိုက်မုဆိုးဖြစ်သည်။ ပုဂံမင်း ကြိုက်တတ်သော နိုင်ငံခြားအရက်မျိုးစုံဖြင့် မပြတ်ဆက်သခဲ့သည်။ ပုဂံမင်းသည် ဘိုင်ဆတ်၏ကျေးဇူးကို သာမန်နည်းဖြင့် မဆပ်ခဲ့ချေ။ ဘိုင်ဆတ်ကို မြို့ဝန်အရာပေးခဲ့သည်။ မြို့ဝန်မင်းဘိုင်ဆတ်၏ အမိပ္ပာယ်မှာ ဆရာအစ်ကိုဖြစ်သည်။ အမည်ရင်းကိုမူ မသိရချေ။



www.burmeseclassic.com

www.burmeseclassic.com



မြို့ဝန်ဘိုင်ဆတ်သည် ပုဂံမင်း၏ မျက်နှာသာပေးမှုကို အကြောင်းပြု ပြီး မြန်မာအမျိုးသမီးချောများကို သိမ်းယူခဲ့သည်။ မြို့ဝန်မယား စုစု ပေါင်း(၄၀)ခန့်ရှိသည်။ ဘိုင်ဆတ်သည် မိမိ မစားသည့်အသားစားသူကို အရေးယူတတ်သည်။ ထိုအသားများကို အိမ်ထဲသို့ပစ်ပြီး အပြစ်ရှာတတ်သည်။ ရွှေများ၊ ငွေများ ပုံပေးမှ အမှုမှ လွတ်နိုင်သည်။

မြို့ဝန်ဘဝငါးနှစ်အတွင်း လူ ၂၀၀၀ခန့် ညဉ်းပန်းနှိပ်စက် သတ်ဖြတ် ခံရသည်။ နောက်ဆုံးတွင် ပုဂံမင်းသိသွား၍ ဘိုင်ဆတ်ကို ရာထူးမှ ချသည်။ အမရပူရမြို့လယ်တွင် ကားစင်တင် တံကျင်လျှိုပြီး ခြံ ခတ်ကာ ကွပ်မျက်လိုက်ရသည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

## (၈၇)

## မဟာသမိန်ဗရမ်းရဲ့လက်ဝါးကြီး ဘယ်လောက်ပြင်းထန်သလဲ

ကုန်းဘောင်ခေတ်တွင် ''**မင်းလက်ဝါးကြီး**''၏ အမည်သတင်းကျော်ကြားသည်။ မင်းလက်ဝါး၏ဘွဲ့အမည်မှာ မဟာသမိန်ဗရမ်းဖြစ်သည်။ လက်ဝါးဒဏ်ပြင်းလှသောကြောင့် မင်းလက်ဝါးဟုသာ ကျော်ကြားခဲ့သည်။

၁၈၇၂ ခုနှစ်၊ ဇူလိုင်လ (၅)ရက်နေ့ထုတ် မြန်မာသတင်းစာတွင် မင်းလက်ဝါးကြီးနှင့်ပတ်သက်၍ ... ''××× ထို **စစ်ဗိုလ်ကြီးသည် သူ၏ ထိန်းအုပ်ရ အမှုထမ်းတို့အပေါ်မှာ ဒဏ်ပေး စီရင်စရာရှိသော် အခြားသူများကဲ့သို့ ဓား၊ တုတ်နှင့်မဟုတ် သူ၏ လက်ဝါးကြီးနှင့်သာ ရိုက်သည်။ တုတ်နှင့်ရိုက်သောထက် ပြင်းထန်သည်။**



www.burmeseclassic.com

www.burmeseclassic.com



သေအောင်ရိုက်သော် တစ်ချက်တည်းနှင့်ဝင် စောင်းစောင်း သေသေ တော့သည်။ ထို့ကြောင့် မင်းလက်ဝါးဟု အမည်တွင်လေသည် ဟု ကြားသိရသည်''ဟူ၍ ပါရှိသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

## (၈၈)

## ကုန်းဘောင်မင်းတွေမှာ မိဖုရားတွေ ဘယ်လောက်ရှိသလဲ

ကုန်းဘောင်ခေတ်မင်းများကို လေ့လာကြည့်လျှင် မင်းတုန်းမင်းသည် မိဖုရား အများဆုံး ယူခဲ့ပြီး ဘိုးတော်ဘုရားသည် ဒုတိယ အများဆုံးဖြစ်ကြောင်း တွေ့ရသည်။

မိဖုရားကြီး(အသျှင်နန်းမတော်၊ တောင်နန်းမတော်၊ မိဖုရားခေါင်ကြီး)၊ အနောက်နန်းမတော်၊ အလယ် နန်းမတော်၊ မြောက်နန်းမတော်ဟူ၍ ရှိသည်။ အလယ်နန်းမတော်က အနောက်နန်းမတော်ထက် အဆင့်မြင့်သည်။ အလယ်နန်းမတော်က မြောက်နန်းမတော်၊ မြောက်နန်းမတော်ထက် တောင်နန်းမတော်က အဆင့်မြင့်သည်။ ငါးရ မိဖုရားလေးပါးဟု ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဆောင်ရ မိဖုရားလေးပါးလည်း ရှိသေးသည်။ တောင်ရွှေရေးမိဖုရားက မြောက်ရွှေရေးမိဖုရားထက် အဆင့်မြင့်သည်။ မြောက်ဆောင်တော်မိဖုရားက တောင်ရွှေရေးမိဖုရားထက် အဆင့်မြင့်သည်။ တောင်ဆောင်တော် မိဖုရားက မြောက်ဆောင်တော် မိဖုရားထက် အဆင့်ပိုမြင့်သည်။

မိဖုရားများအပြင် မှန်နန်းအပျိုတော်များစွာ ရှိသေးသည်။ မိဖုရားလောင်းများ ဖြစ်သည်။ အနက်ရောင်သလွန်ဖြင့် အိပ်စက်ရသည်။ မိဖုရားအွဲ့ခံဘဝ သို့ရောက်လျှင် သလွန်ကို ရွှေပိန်းထည့်သည်။

ဒေဝီဘွဲ့ခံ မိဖုရားလတ်၊ မဟာသီဘွဲ့ခံ မိဖုရားငယ်၊ ဝတီဘွဲ့ခံ ကိုယ်လုပ်တော်ကြီး၊ သီရိဘွဲ့ခံ ကိုယ်လုပ်တော်လတ်၊ မင်းတပ်ဘွဲ့ခံ ကိုယ်လုပ်တော်ငယ် စသည်တို့ အဆင့်အတန်းအမျိုးမျိုး ဇနီးများစွာလည်းရှိသည်။

စာရင်းချုပ်လိုက်လျှင် အလောင်းဘုရားတွင် မိဖုရားကြီးတစ်ပါး၊ မြောက်နန်း မိဖုရားတစ်ပါး၊ ကိုယ်လုပ်တော် သုံးပါး၊ အခြားနှစ်ပါး၊ စုစုပေါင်း မိဖုရားခုနစ်ပါးရှိသည်။

နောင်တော်ကြီးလည်း ထို့အတူပင်။ ဆင်ဖြူရှင်တွင် မိဖုရားကြီးနှင့် မြောက်နန်းတစ်ပါးစီရှိသော်လည်း အလယ် နန်းသုံးပါး ပိုလာသည်။ ကိုယ်လုပ်တော် ခြောက်ပါး၊ အခြားနှစ်ဦး စုစုပေါင်း ၁၅ပါးအထိ ယူခဲ့သည်။

စဉ့်ကူးမင်းတွင် နန်းရမိဖုရား လေးပါး။ ကိုယ်လုပ်တော် ခြောက်ပါး၊ စုစုပေါင်း မိဖုရား ဆယ်ပါး။ ဖောင်းကားစားတွင် မိဖုရားကြီးတစ်ပါး၊ အခြားအဆင့်တစ်ပါး၊ စုစုပေါင်း နှစ်ပါးသာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးတော်ဘုရားတွင် နန်းရ-၃၊ အဆောင် ရ-၂၊ ကိုယ်လုပ်တော်-၃၅၊ အခြား ၁၃ ပါး စုစုပေါင်း မိဖုရား ၃၅ပါးရှိသည်။

ဘကြီးတော်တွင် နန်းရ-၄၊ အခြား ၆-ပါး၊ စုစုပေါင်း ၁၀-ပါးသာ ရှိသည်။

ရွှေဘို(သာယာဝတီ)မင်းတွင် နန်းရ-၄၊ အ ဆောင်ရ-၄၊ အခြား ၁၀-ပါး စုစုပေါင်း မိဖုရား ၁၈-ပါးသာရှိသည်။

ပုဂံမင်းတွင် နန်းရ-၄နှင့် အဆောင်ရ-၄ပါးသာ စာရင်းတွေ့ရသည်။ မင်းတုန်းမင်းသည် နန်းရ-၄၊ အဆောင်ရ-၄၊ အခြားအဆင့် ၄၂ပါး နှင့် စုစုပေါင်း မိဖုရား ,အပါး-၅၀ ယူခဲ့သည်။

ကုန်းဘောင်နောက်ဆုံး သီပေါမင်းတွင်မူ နန်းရ-၃ပါး၊ ကိုယ်လုပ်တော် ၃-ပါး စုစုပေါင်း မိဖုရား ၆-ပါးသာ ရှိခဲ့ကြောင်းတွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

# (၈၉)

## မင်းတုန်းမင်းကြီး တစ်နေ့ ဘယ်နှကြိမ် ရေချိုးသလဲ

မန္တလေးနန်းတော်အတွင်း ချိုးရေတော်အဆောင် သီးသန့်ထားရှိသည်။ သို့ရာတွင် မင်းတုန်းမင်းသည် "အခါခပ်သိမ်း" ချိုးရေတော် သုံးလေ့မရှိကြောင်း နန်းတွင်းမှတ်တမ်းများတွင် တွေ့ရသည်။

နံနက်အိပ်ရာထတွင် ကိုယ်တော်မနံစေရအောင် စံပယ်ဆီများဖြင့် မိဖုရားများက လိမ်းပွတ်ပေးရသည်။

ယင်းခဲမင်းသား ထိပ်တင်ရေးရွှေနန်း တော်ကြီး အကြောင်း၌ ချိုးရေတော်သုံးအဆောင်ကို ကွမ်းခန်းတော် အုတ်တိုက်နှင့် တွဲပြထားသည်။ မိဖုရားငယ်၊ ကိုယ်လုပ်မောင်းမတို့ နှင့် မွေ့လျော်သောအဆောင်ဟု ဖော်ပြထားသည်။ နံ့သာနန်းတော် လည်း ခေါ်သည်ဟု သိရသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

# (၉၀)

## အိန္ဒိယကို သီပေါဘုရင်နဲ့ ဘယ်သူတွေလိုက်သွားသလဲ

၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ (၂၉)ရက်နေ့ ညနေ(၃)နာရီ ၃၀ မိနစ် အချိန်တွင် Liverpool Regiment တပ်မှ တပ်ခွဲ ၂ ခွဲ ခြံရံလျက် မြေနန်းဦးမင်းတက်လှေကားမှ သီပေါမင်းနှင့်အဖွဲ့ ဆင်းသည်။ ရွှေနန်းဦး ရွှေးတော်ယူတံခါးက ထွက်သည်။ မြို့တောင်မျက်နှာ ကျော်မိုးတံခါးမှ အင်္ဂလိပ်စစ်တပ်အခြံအရံဖြင့် နွားလှည်းစီးပြီး ဂေါဝိန် ဆိပ်ကမ်းသို့ သွားရသည်။

သူ့ရိယသင်္ဘောပေါ်သို့တင်သည်။ ဂေါဝိန် ဆိပ်ကမ်းမှ ခွာသည်။ မြစ်လယ်တွင် ကျောက်ချပြီး ခဏရပ်နားသည်။ နောက်တစ်နေ့တွင် ရန်ကုန်မြို့သို့ ခေါ်ဆောင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့သို့ သီပေါမင်းနှင့်အတူ လိုက်ပါသွားရသူတို့မှာ အတွင်းဝန် မြို့သစ် မြို့စား မင်းကြီးမင်းလှမဟာဇေယျသင်္ကြန်၊ အတွင်းဝန် ကျောက်မြောင်းမြို့စား မင်းကြီး မဟာသီရိဇေယနန္ဒကျော်ထင်၊ ဘဏ္ဍာစိုး မဟာမင်းထင်ကျော်ရာဇာ၊ သံတော်ဆင့် ပန်းတဉ်းဝန် မဟာမင်းလှမင်းခေါင် ကျော်၊ ကင်းဝန်မင်းကြီး စသည့် မှူးမတ် ရှစ်ဦး၊ မိဖုရား စုဖုရားကြီး၊ စုဖုရားလတ်၊ စုဖုရားငယ်၊ ယောက္ခမဖြစ်သူ ဆင်ဖြူရှင်မ၊ ၁၈၈၂ ခုနှစ်တွင် မွေးသော သမီးအကြီး အရှင်ထိပ်စုမြတ်ဘုရားကြီး၊ သမီးငယ် အရှင်ထိပ်စုမြတ်ဘုရားလတ်၊ နန်းတွင်းသူ (၁၀)ဦး၊ မိန်းမဖော်နှင့် ကလေး (၅၀)၊ မင်းယောက်ျား ငါးဦး၊ စုစုပေါင်း (၈၀)ပါဝင်သည်။ အဆိုပါအဖွဲ့သည် ရန်ကုန်သို့ ဒီဇင်ဘာလ (၅)ရက်နေ့တွင် ရောက် ရှိသည်။

သီပေါမင်းကို သူရိယသင်္ဘောပေါ်မှတစ်ဆင့် ပင်လယ်ကူး သင်္ဘော Canning ပေါ်သို့တင်သည်။ ဒီဇင်ဘာလ (၁၀)ရက်တွင် ရန်ကုန်မှ ကာလကတ္တားသို့ ထွက်ခွာသည်။

ကာလကတ္တားသို့ လိုက်ပါသွားသူများတွင် **သီပေါမင်း၏ မိဖုရား စုဖုရားလတ်၊ စုဖုရားငယ်၊ သမီးတော် (၂)ယောက်၊ နန်းတွင်းသူ (၁၃)ဦး၊ ပန်းတဉ်းဝန်နှင့် ၎င်း ၏ သား စုစုပေါင်း လူအယောက် (၂၀) ပါဝင်သည်။**

ဆင်ဖြူမရှင်၊ စုဖုရားကြီးနှင့် နန်းတွင်းသူ (၁၂)ယောက်ကို အင်္ဂလိပ်အစိုးရက ထားဝယ်သို့ ပို့လိုက်သည်။

(ကင်းဝန်မင်းကြီး၊ ကျောက်မြောင်း အတွင်းဝန်၊ မြို့သစ် အတွင်းဝန်တို့ မန္တလေးသို့ ပြန်သွားကြသည်။)



www.burmeseclassic.com

www.burmeseclassic.com



သီပေါမင်းနှင့်အဖွဲ့သည် မဒရတ်သို့ ဒီဇင်ဘာ(၁၅)ရက်နေ့တွင်၊ ရောက်ရှိသည်။ Raja Gajapati Rao ပိုင်သော "The Mansion" အမည်ရှိ အိမ်တွင်ထားသည်။ လက်ထောက်ပုလိပ်ဗိုလ်ချုပ် H.W.H Cox က တာဝန်ယူစောင့်ရှောက်သည်။ လုံခြုံရေး (၁၇)ဦးနှင့် ပုလိပ် (၂၇)ဦး နေ့စဉ်စောင့်ရှောက်သည်။

မဒရတ်၌နေထိုင်စဉ် ၁၈၈၆ ခု၊ မတ်လ (၇)ရက်နေ့တွင် စုဖုရားလတ်သည် တတိယသမီးတော်ကို မွေးဖွားသည်။

မဒရတ်တွင် ရှိနေစဉ် မောင်ညြဆိုသူ မန္တလေးမှ ရောက်လာပြီး သူနေဖြစ်သူ တောင်စင်မင်းသမီးကို ပြန်ခေါ်သွားသည်။

နန်းတွင်းသူများအနက်မှ ကချင်အမျိုးသမီး (၇)ဦးလည်း မြန်မာပြည်သို့ ပြန်ကြသည်။

ပန်းတဉ်း ကလည်း သီပေါမင်းနှင့်အတူ ရတနာဂီရိသို့ မလိုက်နိုင်ကြောင်း တင်ပြပြီး မြန်မာပြည်သို့ ပြန်သွားသည်။ အရေးထဲတွင် မိုးညှင်းမင်းသမီးနှင့် စကားပြန်မောင်ကြီးတို့ ဓာတ်လမ်းရှုပ်၍ ပြန်လွှတ်လိုက်သည်။

သီပေါမင်းက လယ်ကိုင်းဝန်ကြီး၊ မြို့သစ်အတွင်းဝန်၊ ကျောက်မြောင်းအတွင်းဝန်တို့အား မိမိထံသို့ စေလွှတ်ရန် အင်္ဂလိပ်အစိုးရထံ တင်ပြသည်။ သို့ရာတွင် မြန်မာဝန်ကြီးများက သီပေါမင်းထံ မသွားလိုကြောင်း တင်ပြကြသည်။

၁၈၈၆ ခု၊ ဧပြီလ (၁၀)ရက်နေ့တွင် သီပေါမင်းနှင့် ကျန်ရှိသော အဖွဲ့ကို Capt.Powel မောင်းနှင်သော S.S.Clive သင်္ဘောဖြင့် မဒရတ်မှ ရတနာဂီရိသို့ ပို့လိုက်သည်။ ဧပြီလ (၁၆)ရက်နေ့တွင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိသည်။ အသင့်ပြင်ဆင်ထားသော Outram Hall အဆောက်အအုံနှင့် Baker's Bungalow အဆောက်အအုံများတွင် နေရာချပေးသည်။

၁၉၀၆ ခုနှစ်၊ နိုဝင်ဘာလ (၂၆)ရက်နေ့တွင် သီပေါမင်း၏ သမီး အရှင်ထိပ်စုမြတ်ဘုရားကြီးသည် သီပေါမင်း၏ တံခါးမှူး Havaldar Gapal Bhaurao Sawant နှင့် ယူလိုက်သည်။ Tu Tu ခေါ် Baisu အမည်ရှိ သမီးကလေးတစ်ဦးရရှိသည်။

၁၉၁၂ ခုနှစ်၊ ဇန်နဝါရီလတွင် စုဖုရားလေး သေဆုံးသည်။

၁၉၁၆ ခု၊ အောက်တိုဘာလ (၁၁)ရက်နေ့တွင် ဒုတိယသမီး အရှင်ထိပ်စုမြတ်ဘုရားသည် သီပေါမင်း၏ အစေအပါးဖြစ်သူ ခင်မောင်လတ်နှင့် ခိုးရာလိုက်ပြေး သည်။

၁၉၁၆ ခု၊ ဒီဇင်ဘာလ (၁၅)ရက်နေ့ ညသန်းခေါင်တွင် သီပေါဘုရင်သည် နှလုံးရောဂါဖြင့် ကွယ်လွန်သွားသည်။ ၁၉၁၉ ခု၊ မတ်လ (၂၁)ရက်နေ့တွင် သီပေါမင်းနှင့် စုဖုရားငယ်တို့၏ ရုပ်အလောင်းများကို ရတနာဂီရိတွင် အုတ်ဂူသွင်းမြှုပ်နှံသည်။

သီပေါမင်း ကွယ်လွန်ပြီးနောက် စုဖုရားလတ်နှင့်အဖွဲ့ကို သင်္ဘောဖြင့် ရတနာဂီရိ မှ ဘုံဘေသို့ ပို့လိုက်သည်။ ဘုံဘေမှတစ်ဆင့် ကာလကတ္တားသို့၊ ကာလကတ္တားမှ R.M.S Arankola သင်္ဘောဖြင့် ရန်ကုန်သို့ ပို့ ဆောင်သည်။ ၁၉၁၉ ခုနှစ်၊ ဧပြီလ (၁၈)ရက်နေ့တွင် စုဖုရားလတ် နှင့်အဖွဲ့ ရန်ကုန်သို့ ပြန်ရောက်လာသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com

## (၉၁)

## ကင်းဝန်မင်းကြီး မြန်မာပြည်ကို ဘာကြောင့်ရောင်းစားခဲ့သလား

ကင်းဝန်မင်းကြီးနှင့် ဦးဘိုးလှိုင်တို့က သီပေါဘုရင်ကလေးကို အနောက်ဥရောပနိုင်ငံများသို့ ခရီးထွက်စေချင်သည်။ ထိုနိုင်ငံကြီးများ၏ ခေတ်မီတိုးတက်သော အခြေအနေအရပ်ရပ်ကို သီပေါဘုရင်ကိုယ်တော် မျက်ဝါးထင်ထင် မြင်တွေ့စေလိုသည်။ ထို့ကြောင့် သီပေါဘုရင် ခရီးထွက်ရန် မြန်မာ့ပိုင်သင်္ဘောခရီးစဉ်ကိုပင် ရေးဆွဲခဲ့သည်။ ခရီးထွက်နေစဉ် နောက်ဆံမတင်းစေရန် အစီအစဉ်အမျိုးမျိုးကိုလည်း ချမှတ်ခဲ့သည်။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တိုင်းတားမင်းကြီးက သီပေါဘုရင်မရှိခိုက်၌ ရန်သူတော်မင်းသားအချို့ နန်းတော်ကို စီးနင်းတိုက်ခိုက်နိုင်ကြောင်း လျှောက်ထားသည်။ သီပေါဘုရင်က နန်းတော်စိတ်ချစေရန် မိဖုရား တစ်ဦးတည်း အနောက်ဥရောပနိုင်ငံများသို့ ခရီးထွက်ရန် စီစဉ်ခြင်း သည်။ ထိုအခါ စုဖုရားလတ်က "နှမတော်ကို သားခဲ့ပြီး မောင်တော် ချည်း သွားလိုတာက အင်္ဂလိပ်မကို ယူချင်လို့လား" ဟု ရန်တွေ့ခဲ့ သည်ဟု ဆိုသည်။ ဤနည်းဖြင့် သီပေါဘုရင်ကလေး၏ အနောက် နိုင်ငံခရီးစဉ် ပျက်သွားခဲ့ရသည်။

သီပေါဘုရင် ပါတော်မူနှစ်ကို သိရန် "ဦးကောင်းလိမ်ထုတ်- မင်းဆက်ပြုတ်" ဟူ၍လည်းကောင်း၊ "ဦးကောင်း လိမ်ထုတ်-သီပေါ ပြုတ်" ဟူ၍လည်းကောင်း မှတ်သားခဲ့ကြသည်။

ဤနည်းဖြင့် ကင်းဝန်မင်းကြီး ဦးကောင်း(မြန်မာ ၁၁၈၁- ၁၂၇၀)သည် အထက်မြန်မာပြည် ကို ဗြိတိသျှနယ်ချဲ့များလက်သို့ လက်သိပ်ထိုးအပ်ခဲ့သည်။ ရောင်းစား ခဲ့သည်ဟု အထင်မှား အမြင်မှား ဖြစ်လာခဲ့သည်။

အမှန်စင်စစ် မင်းတုန်းမင်းနှင့် သီပေါမင်းတို့၏ လက်ထက် တွင် အလုံဝန် မင်းကြီးမဟာစည်သူဘွဲ့ခံ ဝန်ထောက်တော်၊ ဝန်ထောက် ကင်းဝန် စသည်ဖြင့် ရာထူးအဆင့်ဆင့် တာဝန်ယူခဲ့သော ကင်းဝန် မင်းကြီး ဦးကောင်းသည် တိုင်းပြည်ကို ရောင်းစားခဲ့သူမဟုတ်ကြောင်း အထောက်အထားများ တွေ့နိုင်သည်။

ကင်းဝန်မင်းကြီးသည် ၁၂၃၆ ခုနှစ်(၁၈၇၄)မှစ၍ သံနှင့်တ ဝန် ဖြစ်လာသည်။ မြောက်ထားဝယ်၊ တောင်ထားဝယ် စသော



www.burmeseclassic.com

www.burmeseclassic.com



သေနတ်အစ ၂၂တပ်၊ စစ်သည် ၅၀,၀၀၀ ကျော်ကို အုပ်ချုပ်ရသည်။ သေနတ်ဝန်အဖြစ် နိုင်ငံကာကွယ်ရေးနှင့် စစ်မှုရေးရာတို့တွင် ပိုမိုတာဝန်ရှိသည်။ သေနတ်ဝန်သည် ကြည်းတပ်များကို အုပ်ချုပ်ရသည်။ ဤမျှသော စစ်အင်အားဖြင့် အင်္ဂလိပ်နယ်ချဲ့တို့ကို တိုက်ရမည်ဆိုလျှင် အသက်စွန့်ရန် ဝန်လေးမည်မဟုတ်ပေ။ သို့ရာတွင် အင်္ဂလိပ်တို့ ချီတက်လာချိန်တွင် ဟန့်တားမတိုက်ခိုက်ရန် အမိန့်ထုတ်ခဲ့ရသည်။ ယင်းသို့ အမိန့်ထုတ်ခဲ့ရခြင်းမှာ ကင်းဝန်မင်းကြီး၏ သဘောဆန္ဒဆုံးဖြတ်ချက်မဟုတ်ပေ။

ကင်းဝန်မင်းကြီးသည် မိမိအရှင် သီပေါဘုရင်ပေါ်၌ သစ္စာစောင့်သိရှိသေသူဖြစ်သည်။ အင်္ဂလိပ်တို့ ချီတက်လာသောအခါ ကင်းဝန်မင်းကြီးသည် သီပေါဘုရင်အား လွတ်ရာသို့ ရှောင်တိမ်းသွားရန် တိုက်တွန်းခဲ့သေးသည်။ မိမိကမူ မြန်မာတပ်များကို ကွပ်ကဲလျက် တိုက်ခိုက်ကျန်ရစ်မည်ဟု ဆိုခဲ့သေးသည်။

သို့ရာတွင် သီပေါမင်းက ယောက္ခမ ဆင်ဖြူမရှင် မကျန်းမမာ ဖြစ်နေသည်။ သမီးတော်များ အသက်ငယ်ရွယ်သေးသည် စသည့်အကြောင်းပြချက်များဖြင့် နန်းတော်မှ မထွက်ခွာလိုဟု ငြင်းဆိုခဲ့သည်။

ဗြိတိသျှတို့ တောင်းဆိုသည်ကို ကျေအေးစွာ အပြည့်အဝပေးလျှင် သတ္တဝါတို့ အသက်မသေစေရန် တိုက်ခိုက်မှုများမရှိစေလိုဟု သီပေါကိုယ်တိုင် တားမြစ်ခဲ့၍ မတိုက်ခိုက် ရေးအမိန့် ထုတ်ပြန်ခဲ့ရခြင်းသာဖြစ်သည်။

✦ ✦ ✦

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

## (၈၂)

## လူခွန်တော်မပေးနိုင်ရင် ငါးပိချက်ပန်းကန်ကိုပါ သိမ်းယူခဲ့တဲ့ခေတ်ကို သိသလား

နယ်ချဲ့အင်္ဂလိပ်တို့သည် Bullinger Pool ခေါ် စတီးဘရားသား၊ အယ်လာမင့်၊ အရခန်၊ အင်ဂလိုဘားမားဟူသော ကုမ္ပဏီကြီးလေးခုပေါင်း ဆန်စပါးရောင်းဝယ်ရေးအဖွဲ့ဖြင့် မြန်မာတို့ကို စီးပွားရေးအရ အသေသတ်ခဲ့သည်။

ယင်းအဖွဲ့က ဆန်စပါးကို ဈေးနှိမ်ဝယ်ခဲ့သည်။ ဆရာစံတော်လှန်ရေးမတိုင်မီ စပါးဈေးသည် တင်း ၁၀၀လျှင် ၂၂၅ ကျပ်မှ တင်း ၁၀၀လျှင် ၅၅ကျပ်အထိ ထိုးကျသွားသည်။ မြန်မာလယ်သမားတို့ ချစ်တီးကုလားကြွေးကို မပေးနိုင်တော့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်အစိုးရ၏ အခွန်တော်ကိုလည်း မဆောင်နိုင်တော့ချေ။ ထိုအခါ ချစ်တီးက လယ်မြေကိုသိမ်းသည်။ အိမ်ကိုသိမ်းသည်။ အစိုးရက လူခွန်တော် မဆောင်နိုင်သူတို့ကို လုပ်ငန်းကိရိယာ ထွန်တုံး၊ ကျွဲနွားများ သိမ်းယူခဲ့သည်။ နောက်ဆုံး သိမ်းစရာမရှိတော့သည့်အခါ စားသောက်ဖွယ်နှင့် အိုးခွက်ပန်းကန်များပါ ဝရမ်းထုတ်သိမ်းယူခဲ့သည်။

ဥပမာအားဖြင့် ထိုစဉ်က ပြည်ခရိုင်၊ မှော်ဇာမြို့အပိုင် မဲလောင်ရွာနေ ဦးဝင်းနှင့် ဇနီးဒေါ်ရွှေမြတို့ လူခွန်မပေးနိုင်ခဲ့၍ ပြည်အရေးပိုင် ဦးမှဲ့သည် ကွမ်းသီး ၁စလုံး၊ ဆီ ၁၉ ကျပ်သား၊ နှမ်းပျစ်မုန့် ၁၉ ခု၊ ပြုတ်သီး ၂၂ ကျပ်သား၊ အုန်းဆီ ၁၆ ကျပ်သား၊ ကရေကရာမုန့် ၆ တုံး၊ ကြာဆံကလေး ၂ စည်း၊ ပုစွန်ခြောက် ၁၂ ကျပ်ခွဲသား၊ ငါးချဉ် ၃ ပိဿာနှင့် ၅ ကျပ်သား၊ မီးခြစ် ၅ ထုပ်၊ ကြက်သွန်ဖြူ ၁၇ကျပ်ခွဲသား၊ လက်ဖက်ခြောက် ၁ ပဲသားတို့ကို သိမ်းခဲ့သည်။

ပေါင်းတည်မြို့မှ ဦးဘိုးရွှေမှာလည်း လယ်ထွန်စက်တုံး (အဖိုးငွေ ၁၀ကျပ်တန်)၊ ထမင်းစား ပန်းကန်ပြား သုံးချပ်၊ ကြေးဖွန်း နှစ်ချောင်း၊ ငါးပိချက်အပါအဝင် ဟင်းပန်းကန်တစ်လုံးနှင့် ဟင်းရွက်ပြုတ်ထည့်ထားသော မျောခွက်ငယ်တစ်ခုတို့ အသိမ်းခံခဲ့ရသည်။

www.burmeseclassic.com

# (၉၃)

## "အနိုင်မခံ" ဘာသာပြန်ကို အမှန်တကယ် ဘယ်သူရေးခဲ့သလဲ

"ငါ့အား ဖုံးလွှမ်းထားသော လကွယ်သန်းခေါင် ဤ မှောင်မိုက်တွင်းမှနေ၍ အနိုင်မခံ အရှုံးမပေးတတ်သော ငါ၏စိတ်ကို ဖန်ဆင်းပေးသည့် နတ်သိကြားတို့အား ငါကျေးဇူးဆိုပါ၏။ xxx ငါ့ဦးခေါင်းသည် သွေးသံတို့ဖြင့် ရဲရဲနီနေ၏။ ညွှတ်ကား မ-ညွှတ်"

... အစချီသော အနိုင်မခံ ခေါင်းစဉ်ပါစာသည် ဒုတိယဂေ ဘလိပ် သပိတ်အပြီး ၁၉၃၆-၃၇ ခုနှစ် တက္ကသိုလ်အမှုဆောင်အဖွဲ့မှ ထုတ်ဝေ လိုက်သော အိုးဝေမဂ္ဂဇင်း ခေါင်းကြီးပိုင်းတွင် ပါရှိသည်။ ရက်စွဲမှာ ၁၂၉၈ ခု၊ တော်သလင်းလဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကောလိပ်အင်္ဂလိပ်စာပေ ပြဋ္ဌာန်းစာအုပ် Golden Treasury အင်္ဂလိပ်ကဗျာညွန့်ပေါင်းပါ W.E. Henley ၏ Invictus ကို ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။

အနိုင်မခံ ဘာသာပြန်ကို ဗိုလ်ချုပ်အောင်ဆန်းရေးသည်၊ ဗိုလ်ချုပ်အောင်ဆန်း မရေး စသည်ဖြင့် မကြာခဏ ငြင်းခုံသံများ ထွက်လာသည်။

၁၉၇၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၅)ရက်နေ့စွဲဖြင့် အိုးဝေ တာဝန်ခံအယ်ဒီတာဟောင်း စာရေးဆရာ ဦးညိုမြက ဆရာတိုက်စိုးထံသို့ မှတ်စုတစ်ပုဒ် ရေးပို့ခဲ့သည်။ ထိုမှတ်စုတွင် ဦးညိုမြက **"...၁၉၃၇ ခုနှစ်တွင် ကျွန်တော်သည် တက္ကသိုလ်သမဂ္ဂ မဂ္ဂဇင်း အိုးဝေ ကို တာဝန်ခံအယ်ဒီတာအဖြစ် ကိုအောင်ဆန်း(ဗိုလ်ချုပ်)နေရာကို ဆက်ခံခဲ့ပါသည်။ ထိုနှစ်က အိုးဝေခေါင်းကြီးပိုင်းတွင် အနိုင်မခံဟူသော ခေါင်းစဉ်ဖြင့် ရေးသားပါရှိခဲ့ရာ Invictus ဟူသော ကဗျာကိုမှီး၍ ရေးသားခဲ့ခြင်းဖြစ်သည်။ ထိုနေ့က ကျွန်တော်သည် တက္ကသိုလ် ထမင်းစားခန်း၌ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့နှင့် တစ်စားပွဲတည်း အတူ(ဗိုလ်ချုပ်အောင်ဆန်းလည်းပါသည်) ထမင်းစားခဲ့ရာ မင်းသုဝဏ် က ကျွန်တော်၏ စာမူကို တည်းဖြတ် အချောကိုင်ပေးခဲ့ပါသည်။"** ဟူ၍ ပါရှိခဲ့သည်။

✦ ✦ ✦

မိုးကောင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

## (၉၄)

## ဗိုလ်မှူးကြီးဗထူးရဲ့ နောက်ဆုံးစကား သိပါရဲ့လား

ဗိုလ်မှူးကြီးဗထူးဟုဆိုလျှင် ဂျပန်ဖက်ဆစ်ဆန့်ကျင် တော်လှန်ရေးကာလ၊ မျိုးချစ်ဗမာ့တပ်မတော်။ အထက်ဗမာပြည်တိုင်း၊ တိုင်းမှူးအဖြစ် သိထားကြသည်။ ရှမ်းပြည်နယ် တယ်လူးစခန်း၌ ငှက်ဖျားရောဂါဖြင့် ကွယ်လွန်သွားခဲ့ရသည်ဟုလည်း မှတ်သားမိကြလိမ့်မည်။

ဗိုလ်မှူးဗထူး ကွယ်လွန်သွားပုံနှင့် ပတ်သက်၍ နောက်ဆုံးအချိန်အထိ ကိုယ်ဖိရင်ဖိ ကြိုးစားကုသပေးခဲ့သူ ဆေးမှူးအုန်းမောင်က ၁၉၄၆ ခုနှစ်၊ မတ်လ ၂၇ရက်နေ့ထုတ် မန္တလေးသူရိယသတင်းစာတွင် အမှတ်တရ ရေးသားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးမှူးသည် ဗိုလ်မှူးဗထူး၏ အခြေအနေ ကို ၁၉၄၅ခုနှစ်၊ ဇွန်လ ၂ ရက်နေ့ နံနက် ၆နာရီအချိန်မှ စတင်၍ မှတ်တမ်းတင်ခဲ့သည်။ ထိုနေ့က ဗိုလ်မှူးဗထူးသည် တယ်လူးစခန်း တဲတစ်လုံးပေါ်တွင် စစ်စောင်နက်ကြီး ခြုံလျက်လဲလျောင်းနေရှာသည်။ သူနှင့် ငါးတောင်ခန့်အကွာတွင် ငှက်ဖျားတက်နေသူ ဗိုလ်ရဲခေါင်လည်း စစ်စောင်နက်ကြီးဖြင့် ရစ်ပတ်လဲလျောင်းနေသည်။

ညဘက်ရောဂါ ဝေဒနာနှိပ်စက်မှုကြောင့် ညည်းညည်းညူညူ အိပ်မပျော်နိုင်ခဲ့ရှာသူ ဗိုလ်မှူးကြီးဗထူးမှာ ဆေးမှူးကြီးစောနောင်ခမ်း ထိုးပေးထားသော မော်ဖီးယားနှင့် အတာရိုပင်ဆေးများ၏ သတ္တိကြောင့် မှိန်းလျက်ရှိသည်။ မကြာမီ မှိန်းနေရာမှ ဆီးသွားလိုကြောင်းပြောသည်။ ဆီးအရောင်မှာ ဝါလွန်း၍ အနီရောင်ပမာဖြစ်နေသည်။ ဆီးအခြေအနေကို ဖြူသည်ဟု ဗိုလ်မှူးကြီး စိတ်ချမ်းသာအောင် လိမ်ပြောလိုက်သည်။ ပြဒါးတိုင်ဖြင့် အပူတိုင်းကြည့်ရာ အလွန်စိုးရိမ်ရသော အခြေအနေသို့ ရောက်နေ ပြီဖြစ်ကြောင်း တွေ့ရသည်။

နံနက် ၇နာရီအချိန်တွင် ဆေးမှူးအုန်း မောင်က ဆေးမှူးကြီး စောနောင်ခမ်းထံ သတင်းပို့သည်။ ဂလူးကို့စ် ရှာကြသည်။ ဂလူးကို့စ် မထိုးနိုင်လျှင် ရေတိမ်နစ်ရတော့မည်။ နေ့လည် ၂နာရီ ၁၀မိနစ်တွင် ဗိုလ်မှူးကြီးဗထူးက "**ကျွန်တော်တော့ ရေတိမ်နစ် ပြီ၊ ရေတိမ်နစ်ပြီ။ ခင်ဗျားတို့မှာလည်း ဆေးမရှိလို့ ကျွန်တော့်ကို ထိုင်ကြည့်နေကြတာ ကျွန်တော်သိပါတယ်။ ကျွန်တော်မရှိရင် စိတ် ပျက်ပြီး ပြန်မသွားကြပါနဲ့ စစ်ပြီးတဲ့အချိန်အထိ ဆက်တိုက်ကြပါဗျာ**"ဟု စကားတစ်လုံးချင်း အားယူပြောရှာသည်။ ညနေ ၆နာရီခွဲတွင် ဗိုလ်မှူးကြီးဗထူးမှာ



www.burmeseclassic.com

www.burmeseclassic.com



"အာဇ္ဇာဝကကိုပြော ဗိုလ်ချုပ်ဆီကို လှူလွှတ်" ဟူသော စကားနှစ်ခွန်းကို ဗလုံးဗထွေး မသဲမကွဲအသံ နောက်ဆုံး ကြားလိုက်ရသည်။

ည ၈နာရီ ဆယ်မိနစ်အချိန်တွင် သားမယား သားသမီးတို့အတွက် ဘာမျှ မမှာကြားဘဲ တိုင်းပြည်လွတ်လပ်ရေး အတွက် စစ်ဆက်လက်တိုက်ခိုက်ရန် မှာကြားသွားသော ဗိုလ်မှူးကြီး ဗထူး ကွယ်လွန်သွားခဲ့ရှာသည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

## (၉၁)

## ပြည်ရောက်ရင် ဗေဒါရီရိုက်ကို ရှာတွေ့ရဲ့လား

ပြည်မြို့သို့ အလည်အပတ်သွားသူတို့သည် ဗေဒါရီဂူဆိုသော နေရာကို ရှာကြည့်တတ်ကြသည်။ နယ်ခံများကို မေးကြည့်တတ်ကြသည်။ အားလပ်လျှင် လိုက်ပို့ခိုင်းတတ်သည်။ ဤနည်းဖြင့် မဗေဒါနှင့် မွေးစားဖခင် ရသေ့ကြီးဂူကို တွေ့သူလည်း တွေ့သွားသည်။ မတွေ့ခဲ့ရသူများလည်းရှိသည်။

မဗေဒါဂူဟု ဆိုနေကြသည့် သမိုင်းဝင်နေရာတစ်နေရာမှာ အမှန်တကယ်ရှိနေသည်။ ပြည်ရောက်ခါနီး ကားလမ်းနဘေးမင်းကြီးတောင်ပေါ်တွင်ဖြစ်သည်။ ဧရာဝတီကို ကျောပေးလျက် တောင်ပေါ် ကားလမ်းပေါ်တက်ရင်း ဧရာဝတီ မြစ်ကမ်းဘက်ရှိ ဗူးခါးချောင်းဝ ရေတံခါးရှိရာသို့ လှည့်ကြည့်လိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာသည် ဖေဒါရီ နေ့စဉ် ရေခပ်ဆင်းခဲ့သော နေရာဖြစ်သည်ဟု အစဉ်အဆက်ပြောလာကြသည်။ ထိုနေရာတွင် ဖေဒါရီသည် အပေါက်ကျဉ်းကျဉ်းဘူးခြောက်ဖြင့် နေ့စဉ် ရေခပ်ခဲ့ရသည်။ သမ္ဘ၀ မင်းသားညီနောင်တို့နှင့် စတင်ဆုံတွေ့ခဲ့ရသော နေရာဟုလည်း ဆိုနိုင် သည်။ ဖေဒါရီရေဆိပ်ကိုကြည့်ပြီး သိပြီးခဲ့လျှင် တောင်ပေါ်သို့ ကားလမ်းအတိုင်း ဆက်တက်သွားပါ။ မကြာမီ သစ်ပင်ကြီးများ အုပ်ဆိုင်းနေသော တောင်ကြားလှိုဏ်ကြီးတစ်ခု၏ထိပ်သို့ ရောက်သွားလိမ့်မည်။ ထိုလှိုဏ်ကြီးထဲသို့ ဆင်းလိုက်ပါ။ စေတီ၊ ပုထိုးများ ဆင်းဖူးပါ။ တစ်နေရာတွင် "မင်းကြီးတောင်"၊ "ဖေဒါရီဂူ"၊ "ကလေးဝတောရ ကျောင်းတိုက်" ဟူသော ကမ္ပည်းစာတမ်းကို ဖတ်မိလျှင် ဓမ္မာရုံကဲ့သို့သော အဆောက်အအုံတစ်ခုအတွင်း ဝင်ကြည့်ပါ။

တောင်မြောက် တန်းလျက်တည်နေသော လိုဏ်ဂူသုံးပေါက်ကို တွေ့ရလိမ့်မည်။ သဘာဝကျောက်ဂူများဖြစ်သည်။ ဂူဝများသည် အရှေ့ ဘက်သို့ မျက်နှာပြုနေကြသည်။ ဂူတစ်ဂူလျှင် ၅ပေခန့်ကျယ်ဝန်းသည်။ အလျားပေ ၂၀ခန့်စီရှိသည်။

တောင်ဘက်ဆုံးဂူတွင် ခေပဒူတရသေ့ကြီး သီတင်းသုံးခဲ့သည်။ အလယ်ဂူတွင် မြတ်စွာဘုရား ဓမ္မ စကြာတရားဟောနေဟန် ထုလုပ်ထားသည်။ မြောက်ဘက်ဂူတွင် မဖေဒါခေါ် ဖေဒါရီကလေး နေထိုင်ခဲ့ရသည်။ ဂူတွင်းနှင့်အပြင်၌ ရုပ်တုများ ထားရှိသည်။

သုတေသီများ၏အဆိုအရ မြောက်ဘက်ဂူ ဗုဒ္ဓရုပ်ပွားတော်၏ ကျောဘက်တွင် ရှေးအခါက လိုဏ်ခေါင်းရှည်ကြီး တစ်ခု ရှိခဲ့သည်။ ဖေဒါရီသည် ထိုလိုဏ်ခေါင်းအတိုင်း မြစ်ဘက် သို့နေ့စဉ် ဆင်းသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ဗူးဝကျဉ်းဖြင့် တစ်နေကုန် ရေခပ်နေခဲ့သည်။ မဟာသမ္မဝမင်းသား ညီနောင်ကိုလည်း မြစ်ဆိပ်မှ ရသေ့ကြီးဂူထဲသို့ အဆိုပါလိုဏ်ခေါင်းမှ ပင် ခေါ်လာခဲ့ဟန်တူသည်ဟု ဆိုကြသည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

# (၉၆)

## ဟစ်တလာရှေ့မှာ မြန်မာ့အစွမ်းကို ပြခဲ့တာ ဘယ်သူလဲ

သူ့ကျွန်ဘဝရောက်နေရစဉ် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် တစ်နိုင်ငံတည်းအဖြစ် တွဲနေရသည်။ ထို့ကြောင့် မြန်မာနိုင်ငံမှ ဦးရှိန်ခေါင်းဆောင်လျက် ဇော်ဝိတ်ကြီးသွားရောက်ယှဉ်ပြိုင်ရစဉ် ငွေကြေးမပြည့်မစုံဖြင့် ဂျာမဏီအိုလံပစ်သို့ သွားရောက်ခဲ့ရသည်။

အိန္ဒိယ အားကစားအဖွဲ့တွင် အဖွဲ့ဝင် ၂၁ဦးပါဝင်သည်။ မဟာရာဂျာပါတီမှ ယာလဲဘ်ဆိုသူ ခေါင်းဆောင်သည်။ အိန္ဒိယ အားကစားအဖွဲ့ဝင်အဖြစ် လိုက်ပါသွားရသော ဇော်ဝိတ်သည် ၁၉၃၆ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့တွင် ကွန်တီဗာရိသင်္ဘောဖြင့် အီတလီပြည်နယ်၊ ဗင်းနစ်၊ ထိုမှတစ်ဆင့် မီးရထားဖြင့် ဂျာမနီနိုင်ငံ၊ မြူးနစ်သို့ သွားရသည်။ မြူးနစ်မှတစ်ဆင့် အိုလံပစ်ပွဲတော် ကျင်းပရာ ဘာလင်မြို့သို့ ခရီးဆက်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အိုလံပစ်ဖွင့်ပွဲနေ့တွင် ပါဝင်ယှဉ်ပြိုင်သူ နိုင်ငံအသီးသီးမှ အားကစားသမားများသည် မိမိနိုင်ငံ အမျိုးသားဝတ်စုံဖြင့် ပါဝင် ချီတက်ရသည်။ ဦးရှိန်နှင့် ဇော်ဝိတ်တို့သည် အိန္ဒိယကိုယ်စားပြု အသင်းဝင်များအဖြစ် လိုက်ပါရသောကြောင့် စိတ်မပါသော်လည်း ပန်ချာပီခေါင်းပေါင်း ပေါင်းရသည်။ ဝေ့စ်ကုတ်များ ဝတ်ဆင်ခဲ့ရ သည်။ ပန်ချာပီခေါင်းပေါင်း ပါသော အိန္ဒိယဝတ်စုံကို မဝတ်လျှင် ပြိုင်ပွဲဝင်ခွင့်မပြု ဟူသော ဥပဒေကြောင့် အားမတန် မာန်လျှော့ခဲ့ရ သည်။

ဩဂုတ်လ ၂ရက်တွင် နူချင်လင်းယော အားကစားရုံကြီးတွင် နိုင်ငံပေါင်း ၁၁နိုင်ငံမှ အလေးမသမား ၁၄ဦး ဖြင့် မစ်ဒယ်ဝိတ်တန်း အလေးမပြိုင်ပွဲကျင်းပသည်။ ဇော်ဝိတ်စင်ရောက် ယှဉ်ပြိုင်သည်။ ထိုနေ့တွင် ဂျာမနီ[illegible]ရှင် ဟစ်တလာလည်း လာရောက်ကြည့်ရှု အားပေးသည်။ နည်းပြဆရာအဖြစ် ပါသွားသူ ကာယဗလဖခင်ကြီး ဦးရှိန်က စာတစ်စောင်တွင် "…ဟစ်တလာသည် ဇော်ဝိတ်မသော နေ့တစ်နေ့တည်း လာကြည့်သည်။ မြန်မာလူမျိုးတစ်ယောက် ဟစ်တလာရှေ့မှာ မတုန်း တွေးကြည့်ပေတော့။ …အဲသည့်အခါ ကျွန်ုပ် ဟစ်တလာကို မှန်ပြောင်းဖြင့်ကြည့်နေသည်။ ဝမ်းသာလွန်း လို့ လက်ခုပ်တီးသည်မှာ ကျွန်ုပ်တို့ဒုက္ခကို ကျေနပ်တော့၏" … ဟု ရေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## (၉၇)

## ကျန်စစ်သားနန်းတော်ရာ ပုဂံဘယ်ဒေသမှာ ရှိနိုင်မလဲ

ကျန်စစ်သား(ခရစ် ၁၀၈၄-၁၁၁၃) သည် မွန်ဘာသာဖြင့် နန်းတည်ကျောက်စာတိုင်ကြီးနှစ်တိုင် စိုက်ထူခဲ့သည်။ မူလက သရပါတံခါးအနီးတွင် စိုက်ထူထားခဲ့သည်။ လေးထောင့်ကျောက်စာတိုင်ကြီး နှစ်တိုင်ဖြစ်သည်။

ပုဂံခေတ်တွင် ဘာသာရေးအဆောက်အအုံနှင့် လူနေ အိမ် မရောထွေးစေရန် လူနေအိမ်များကို သစ်သားဖြင့်သာ ဆောက်လုပ်ခဲ့ကြသည်။ ထို့ကြောင့် ပုဂံခေတ်နန်းတော်ကိုလည်း သစ်သားဖြင့်ပင် တည်ဆောက်ခဲ့သည်ဟု ဆိုနိုင်သည်။ အကြွင်းအကျန်ဟူ၍ မတွေ့ရ တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ပုဂံခေတ်တွင် တည်ဆောက်စိုးစံခဲ့ကြသည့် နန်းတော်ပုံစံကို ပုဂံခေတ် ဂူဘုရားမှန်းချီလက်ရာများ၊ ကျောက်ဆစ်လက်ရာများတွင် တွေ့ရှိရသည်။ မည်သို့မည်ပုံ ရှိခဲ့မည်ကို ခန့်မှန်းနိုင်သည်။ လည်ပေါ်ဘုံဆင့် ပြာသာဒ်အပေါ်အဝင် အချွန်၊ အတက်၊ အမွမ်းအမံ၊ အလှအပ၊ အခြယ်အလှယ်များ ပါရှိပုံရသည်။ ပုဂံခေတ်နန်းတော်တွင် တိုင်လုံးများ အသုံးပြုခဲ့ကြောင်း သိရသည်။ တိုင်အောက်ခံကျောက်ခွက်ကြီးတစ်ခွက်ကို ထူးဖော်ရရှိခဲ့သည်။ ပုဂံနန်းတော်ရာအစိတ်အပိုင်းရှိ အိမ်တစ်အိမ်အောက်မှ တွေ့ရှိခဲ့သည်။ ယွန်းထည်ပစ္စည်းများ အခြောက်ခံရန် မြေတိုက်ကျင်းတူးရာမှ ရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါ တိုင်အောက်ခံ ကျောက်ခွက်ထဲတွင် ကြေးနီပြားတစ်ချပ်၊ ငွေပြားတစ်ချပ်လည်း တွေ့ရသည်။

ရွှေဂူကြီးဘုရား၏ အနောက်ဘက်တွင် မြေကွက်လပ်ကြီးရှိသည်။ ပုဂံနန်းတော်ရာသည် ထိုမြေကွက်ကြီးဖြစ်သည်ဟု သတ်မှတ်ခဲ့ကြသည်။ ရွှေဂူကြီးဘုရားကို ပုဂံခေတ် နန်းဦးဘုရားဟု အစဉ်အဆက် ပြောလာကြသည်။ ထို့ကြောင့် နန်းတော်ရာသည် ရွှေဂူကြီးဘုရား၏ အနောက်ဘက်၌ရှိတန်ရာသည်ဟု ရှေးဟောင်းသုတေသီများက နန်းတော်ရာအဖြစ် အုတ်တိုင်တစ်တိုင် စိုက်ထားသည်။

လေ့လာကြည့်သောအခါ နန်းတော်သည် အရှေ့သို့လားသော် ရွှေဂူကြီး၊ အနောက်သို့လားသော် ပုဆစ်တုပ်ဘုရား၊ မြောက်သို့လားသော် မဟာဗောဓိ၊ တောင်သို့လားသော် မဟာစေတီကြီး ထို



www.burmeseclassic.com

www.burmeseclassic.com



နယ်ပယ်အကျယ်အဝန်းအတွင်း ရှိနိုင်သည်။ ထိုဘုရားလေးဆူ၏ အလယ်ဗဟိုချက်မ ကျရောက်ရာ အကျယ်အဝန်းအတွင်း တည်ရှိခဲ့သည်ဟု ယူဆရသည်။

ပုဂံမြို့တော် သုံးခုစလုံးတွင် သစ်တပ်မြို့ ရိုးလောက်သာ ပါရှိသည်။ ကျုံးများ၊ မြို့ရိုးများ မရှိသေးဟု ဆိုနိုင်သည်။

(ရွှေဂူကြီးဘုရားမြောက်ဘက် ကျွန်စစ်သားမင်းကြီး၏ စေတီဘုမိ နန်းတော်ရာကျောက်တိုင်မြောက်ဘက် တူးကွက် အောက်ဆုံးအဆင့် မြေလွှာတွင် အုတ်ပတ်လည်တိုင် တွင်းရာကြီးများ တွေ့ရှိရပြီးနောက် မဟာရာဇသိရီအနိရုဒ္ဓဒေဝ အနော်ရထာမင်းတရားကြီး၏ သိရီဇေယျာဘူမိ ပုဂံရွှေနန်းတော်ကြီးကို ၂၀၀၈ခုနှစ်၊ ဇန်နဝါရီ ၂ရက်တွင် တည်ဆောက်ဖွင့်လှစ်ခဲ့သည်။)

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com



## (၉၈)

## နတ်သျှင်နောင်ဟာ

## တကယ်အမျိုးသားသစ္စာဖောက်တစ်ဦးလား

ခရစ်နှစ် ၁၅၉၉-၁၆၀၀ တွင် ဟံသာဝတီကို တောင်ငူနှင့် ရခိုင်မင်းတို့ ဝိုင်းဝန်းတိုက်ခိုက်ဖျက်ဆီးလိုက်သည်။ တောင်ငူဘုရင်မင်းရဲသီဟသူ(မဟာဓမ္မရာဇာ)သည် ဟံသာဝတီ နန္ဒဘုရင်ကို တောင်ငူသို့ ခေါ်ဆောင်သွားသည်။ တောင်ငူရောက်သွားစဉ် တောင်ငူဘုရင်မင်းရဲသီဟသူ၏သား အိမ်ရှေ့မင်းသား နတ်သျှင်နောင်သည် တောင်ငူရောက် မင်း (နန္ဒ) ကို လုပ်ကြံလိုက်သည်။

ခရစ်နှစ် ၁၅၅၉တွင် ပေါ်တူဂီတို့ ရခိုင်ဒေသသို့ ပထမဆုံး ခြေချသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖိလစ်ဒီဗရစ်တိုနီကိုတီ Fillippe de Brito Nico (ငဇင်ကာ/ငအင်္ဂါ)သည် ဟံသာဝတီကို စိုက်ခိုက်သော အရှင်မင်း ဘက်မှ ဝင်ရောက်တိုက်ခိုက်ပေးခဲ့သည်။ ရခိုင်မင်းရာဇာကြီးက ဒီဗရစ်တို ခေါင်းဆောင်သော ပေါ်တူဂီတို့လား သန်လျင်ကို ... စေခဲ့သည်။ ဒီဗရစ်တိုသည် သန်လျင်တွင် ခံတပ်များဆောက်လုပ် ... စစ်ရေး အခြေစိုက်စခန်းများ ဖွင့်ရန်ရည်ရွယ်သည်။ ရခိုင် ... ရိပ်မိသဖြင့် သန်လျင်မြစ်ဝ အကောက်ရုံးကို ဒီဗရစ်တိုကို မလွှဲ ... ဗညားဒလကိုသာ အစောင့်အနေနှင့် ထားခဲ့သည်။

ထို့ကြောင့် ဒီဗရစ်တိုသည် အကောက်ရုံး ခံတပ် ဆောက် လုပ်မပြီးမီဝင် ရောက်တိုက်ခိုက်သိမ်းယူသည်။ ဒီဗရစ်တိုသည် ခံတပ်ကို ဆက်လက် တည်ဆောက်သည်။ ဂိုအာဘုရင်ခံချုပ်က တူမဖြစ်သူ Donna Luisa နှင့်ပင် လက်ဆက်ပေးသည်။ ဒီဗရစ်တိုသည် စစ်သင်္ဘောခြောက်စီး ဖြင့် သန်လျင်သို့ပြန်လာသည်။ ကိုလိုနီနယ်မယ် ဆက်လက်ချဲ့ထွင် ရန် ကြံရွယ်ကြိုးစားသည်။

ဂိုအာသို့ ဒီဗရစ်တို သွားရောက်နေစဉ် ပြည်မင်းနှင့် တောင်ငူ မင်းတို့သည် သန်လျင်ကို ပြန်လည်ရရှိရန် ကြိုးပမ်းကြသည်။

ခရစ် ၁၆၀၃တွင် ရခိုင်နှင့်တောင်ငူပူးပေါင်းပြီး သန်လျင်ကို လုပ်ကြံကြသည်။ မအောင်မြင်ချေ။ ထိုအခါမှစ၍ ဒီဗရစ်တိုသည် သန်လျင်တွင် ရှင်ဘုရင်သဖွယ် သီးခြားအုပ်ချုပ် သည်။ ပုသိမ်၊ ဒလ သင်္ဘောဆိပ်များကို သိမ်းသည်။ မြန်မာတစ်နိုင်ငံလုံး သိမ်းယူရန်



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်သည်။ မြစ်ဝကျွန်းပေါ်နိုင်ငံခြား ကူးသန်းရောင်းဝယ်ရေး သော့ချက်များကို အပိုင်သိမ်းသည်။

ဒီဗရစ်တိုသည် ဗရင်ဂျီ ဘုရားရှိခိုးကျောင်း တည်ဆောက်သည်။ ရိုမန်ကက်သလစ်ဘာသာကို အားပေးသည်။ ရာမညတိုင်းတွင် မြန်မာဘုန်းကြီးများ ထင်ထင်ပေါ်ပေါ် မနေဝံ့ကြပေ။ တိတ်တိတ်ပုန်းသာ လှုနိုင်တော့သည်။ ဗုဒ္ဓဘာသာ သာသနိက ပစ္စည်းများကို ဖျက်ဆီးသည်။ စေတီများမှ ဌာပနာဖောက် သည်။ ခေါင်းလောင်းများ၊ ကြေးစည်များ၊ သံထီး၊ သံတံခွန်များကို အမြောက်လုပ်ရန် အရည်ကျိုပစ်သည်။

ခရစ်နှစ် ၁၆၀၇တွင် တောင်ငူဘုရင် မင်းရဲသီဟသူ အနိစ္စ ရောက်သည်။ နတ်သျှင်နောင်သည် သီဟာသနေခံ၍ တောင်ငူထီးနန်းကို ဆက်ခံသည်။

ထိုအချိန်မှာပင် ညောင်ရမ်းမင်း၏သား အဝမင်း မဟာဓမ္မရာဇာ(အနောက်ဘက်လွန်)သည် ပြည်မြို့ကို သိမ်းယူသည်။ ခရစ် ၁၆၁၀တွင် မဟာဓမ္မရာဇာ၏တပ်များသည် နတ်သျှင်နောင်၏ တောင်ငူကို လုပ်ကြံတိုက်ခိုက်သည်။ နတ်သျှင်နောင်သည် စေ့စပ် ဆွေးနွေးမှုကို အားမတန်၍ မာန်လျှော့ကာ အညံ့ခံသည်။ နတ်သျှင် နောင်သည် မဟာဓမ္မရာဇာ၏ လက်အောက်ခံဖြစ်သွားသည်။

မဟာဓမ္မရာဇာ တောင်ငူကို မသိမ်းမီ နတ်သျှင်နောင်သည် ဒီဗရစ်တိုနှင့် မဟာမိတ်စာချုပ် ချုပ်ထားသည်။ မဟာဓမ္မရာဇာ

www.burmeseclassic.com

www.burmeseclassic.com



တောင်ငူကိုသိမ်းသောအခါ ခရစ်နှစ် ၁၆၁၂ တွင် ဒီဗရစ်တိုသည် [illegible] ချီးဖောက်သည်ဟုဆိုကာ နတ်သျှင်နောင်ကို လာတိုက်သည်။ ဆယ်ရက်ခန့်အတွင်း ဒီဗရစ်တိုသည် တောင်ငူနန်းတော်ကို မီးရှို့သည်။ ကျောင်းကန်အိမ်ရာများကို ဖျက်ဆီးပစ်သည်။ လုယက်ယူငင်သည်။

တောင်ငူဘုရင် နတ်သျှင်နောင်ကိုလည်း သန်လျင်သို့ခေါ်သွားသည်။ နတ်သျှင်နောင်က မိမိသည် ပေါ်တူဂီတို့၏ သစ္စာခံဖြစ်ကြောင်း ကြေညာသည်။ ဒီဗရစ်တိုသည် မြန်မာပြည်တွင်းသို့ ကျူးကျော်ရန်စ ရေးလမ်းစဉ်ကို ပြောင်ပြောင်တင်းတင်း ချမှတ်လုပ်ဆောင်ခဲ့သည်။

မဟာဓမ္မရာဇာသည် ခရစ်နှစ် ၁၆၁၂ တွင် သန်လျင်ကို အလုံးအရင်းဖြင့် တိုက်ခိုက်သည်။ မြို့သိမ်းတိုက်ပွဲ ပြင်းထန်လှသည်။ မွန်အမတ်တစ်ဦးက လမ်းပြ၍ မြို့တွင်းဝင်နိုင်သည်။ ဒီဗရစ်တိုနှင့် နတ်သျှင်နောင်ကို ဖမ်းမိသည်။

မှန်နန်းမဟာရာဇဝင်အရ နတ်သျှင်နောင်က အဝမင်းသည် ဆွေမျိုးနီးစပ်ဖြစ်ပါလျက် ကျွန်ုပ်ပြည်ကိုတိုက်ဖျက်၍ ကျွန်ုပ်တို့အား လူ့လက်အောက်မြှုပ်ထားခဲ့လေသည်။ မခံလိုပါ။ ပေါ်တူဂီဗိုလ်မှူး ဇွင်ဂါကူ(ဒီဗရစ်တို)က ကျွန်ုပ်နှင့် မဟာမိတ်ဖွဲ့၍ ပေါင်းဖက်ကူညီ တိုက်ပါမည့်အကြောင်း ဒီဗရစ်တိုထံ စာရေးသားပေးပို့ခဲ့သည်။ သတ္တ လပ်အိတ်တွင် စာကိုထည့်သည်။ တံဆိပ်ခတ်နှိပ်ပြီး ကြွက်ရိုးပင်စားကို စို့ရှိုင်းသည်ဟု ဆိုသည်။

မဟာဓမ္မရာဇာသည် ဒီဗရစ်တိုနှင့် နတ်သျှင်နောင်တို့ကို သန်လျင်တွင် စစ်ဆေးသည်။ စစ်မေးစဉ်က "ဤပေါ်တူဂီအမျိုးသား



www.burmeseclassic.com

www.burmeseclassic.com



တို့နှင့် ပေါင်းသုက်၍ တစ်သွေးတစ်သားတည်း ဖြစ်ပြီးရကား သေ ခြားကိုကြောက်သာတော့မည်မဟုတ်။ ...ပြုလိုရာပြုလော့၊ ခံမည်" ဟု တုံ့ပြန်ဖြေကြားခဲ့သော တောင်ငူဘုရင် နတ်သျှင်နောင်(သီဟသူရ) သည သက္ကရာဇ် ၉၇၄(ခရစ် ၁၆၁၂) တန်ခူးလပြည့်ကျော် ၃ရက် စနေနေ့တွင် သန်လျင်မြို့ ဈေးလယ်၌ မရှုမလှ ကွပ်မျက်ခံခဲ့ရပေသည်။

"ကုလားကျွန်ခံချင်သူ"အဖြစ် သတ်မှတ်ကွပ်မျက်ခံခဲ့ရ သော နတ်သျှင်နောင်၏ အရိုးဂူစေတီကို သန်လျင်မြို့ ကျိုက်ခေါက် ဘုရားမြောက်ဖက်မုခ် အနောက်နားတွင် ထားရှိသည်။

✦ ✦ ✦

မိုးတိမ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



# (၉၉)

## ဓနုဖြူခံတပ်ထဲက အုတ်ဂူဟာ ဗန္ဓုလမြှုပ်နှံရာလား အထိမ်းအမှတ်လား

နတ်မြစ်ဝရှိ ရှင်မဖြူကျွန်းကို အင်္ဂလိပ်တို့ သိမ်းပိုက်တပ်တည်လာရာမှ စ၍ မြန်မာနှင့် အင်္ဂလိပ်နယ်စပ် အရှုပ်အရှင်း ဖြစ်လာသည်။ အင်္ဂလိပ်တို့က ရှင်မဖြူကျွန်းကို စစ်တကောင်းနယ်အတွင်း ပါရှိသည်ဟု ယူဆသည်။

ဓညဝတီမြို့ဝန် မဟာမင်းကြီးကျော်စွာ သည ရှင်မဖြူကျွန်းပေါ်မှ အင်္ဂလိပ်တပ်များကို မောင်းနှင်တိုက်ထုတ်ခဲ့ သည်။ အင်္ဂလိပ်တို့က ဘကြီးတော်မင်းထံ ကန့်ကွက်စာပို့သည်။



www.burmeseclassic.com

www.burmeseclassic.com



မဟာဗန္ဓုလ စစ်ချီတက်သည်။ ပန်းဝါတိုက်ပွဲ အနိုင်ရသည်။ အင်္ဂလိပ် တို့ ရေကြောင်းမှနေ၍ ရန်ကုန်မြို့ကို ချီတက်သိမ်းပိုက်သည်။ ဗန္ဓုလ ရန်ကုန်သို့ ပြန်ရောက်လာကြောင်းသိသောအခါ အင်္ဂလိပ်တို့သည် ဘင်္ဂလားနယ်မှ စစ်ကူများလှမ်းခေါ်ရသည်။

သတိုးသုဓမ္မမဟာဗန္ဓုလသည် ကြည့်မြင်တိုင်ဘက်မှ လည်းကောင်း၊ မြောက်မျက်နှာဆံတော်ကြီးလမ်းမှ လည်းကောင်း၊ ပုဇွန်တောင်ဘက်မှလည်းကောင်း အသီးသီး တာပန်ခန့်ခွဲတိုက်ခိုက်သည်။

အင်္ဂလိပ်တို့ ရွှေတိဂုံစေတီခံတပ်ပေါ် ဌာနချုပ်ဖွင့်ကာ ခုခံသည်။ ဗန္ဓုလသည် အင်္ဂလိပ်ဌာနချုပ်ကို တိုက်ခိုက်သည်။ လက်နက်အင်အားကြောင့် မအောင်မြင်၍ တပ်ဆုတ်ရသည်။ ရန်ကုန်မြစ်အတွင်းမှ အင်္ဂလိပ်စစ်သင်္ဘောများက အမြောက် များဖြင့် ပစ်ခတ်သည်။ မဟာဗန္ဓုလသည် ပုဇွန်တောင်ချောင်း၊ ကြည့်မြင်တိုင်ချောင်းတို့မှ မီးဖောင်များပြုလုပ်မျှောချသည်။ အင်္ဂလိပ် စစ်သင်္ဘောနှစ်စင်း မီးလောင်သည်။

ဗန္ဓုလတပ်များသည် ဓနုဖြူအထိ ဆုတ်ရသည်။ ရေးမွန်များ တည်ဆောက်ခဲ့သော ခံတပ်ဟောင်း တစ်ခုမှ ခုခံသည်။ အင်္ဂလိပ်တို့က ဓနုဖြူခံတပ်ကို အမြောက်များဖြင့် နေ့ည မပြတ် ပစ်ခတ်သည်။ စစ်သူကြီး သတိုးသုဓမ္မမဟာဗန္ဓုလသည် သက္ကရာဇ် ၁၁၈၆၊ နှောင်းတန်ခူးလဆန်း ၁၄ရက် (ခရစ် ၁၈၂၅၊ ဧပြီ ၁)တွင် ကျဆုံးသည်။

မြန်မာ[illegible]များ[illegible]းသည် မဟာဗန္ဓုလကို ဓနုဖြူခံတပ်အတွင်း၌ပင် မီးသဂြိုဟ်သည်။ အရိုးပြာကို ရွှေအိုးတွင်ထည့်သည်။ စေချို



www.burmeseclassic.com

www.burmeseclassic.com



လေတိုင်း သယ်ယူသွားကြသည်။ ရောက်ရာအရပ်တွင် ယာယီဂူသွင်းသည်။

မြန်မာတပ်များသည် ဧရာဝတီမြစ်အနောက်ဖက်ကမ်း မလွန်ရွာစခန်းတွင် စခန်းချသည်။ ဗိုလ်မှူး မင်းရဲခေါင်က ဗန္ဓုလအရိုးအိုးကို တာဝန်ယူရသည်။ ဂူသွင်းရန်စီစဉ်သည်။

ထိုစဉ် မြန်မာတပ်များ မလွန်မှအမြန်ဆုတ်ခွာရန် နေပြည်တော်မှ အမိန့်ထုတ်သည်။ အရိုးအိုးကို မလွန်အရိုးဂူတွင်ထားခဲ့ပြီး မြန်မာတပ်များ ထွက်ခွာသွားခဲ့ရသည်။ မင်းလှခံတပ်မှ ဗလမင်းထင်နှင့် အခြားဗိုလ်မှူးများက အရိုးဂူ မပျက်စီးစေရန် အပေါ်မှ စေတီဟန်ဆောင် အမြန်ထပ်ဆင့်တည်ခဲ့ကြသည်။

၁၉၆၄ ခုနှစ်တွင် ရှေးဟောင်း သုတေသနဌာနသည် ရေလွှတ်ရာရှေ့ပြီး မြသပိတ်စေတီတော်တောင်ဘက်တွင် မူလပုံအတိုင်းပြန် လည်တည်ဆောက်ပေးခဲ့သည်။

မြန်မာ့စွယ်စုံကျမ်း၊ အတွဲ-၈၊ စာမျက်နှာ ၄၅၃တွင် "**မဟာဗန္ဓုလကျဆုံးသော နေရာ၌ အထိမ်းအမှတ်ပြုထားသော အုတ်ဂူသချိုင်းသည် စနေဖြူမြို့တွင် ယနေ့တိုင် တည်ရှိပေသေးသည်**"ဟူ၍ မှတ်တမ်းတင်ထားသည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com



(၁၀၀)

## ယပ်တောင်ပေါ်က ညှော့်သည်ကဗျာမှာ ပိုင်ရှင်ရှိသလား

အသုဘယပ်တောင်တွင် "ညှော့်သည်"ကဗျာကို အကြိမ်ကြိမ် တွေ့ဖူးကြလိမ့်မည်။

× လာတုန်းကလည်း၊ တစ်ယောက်တည်းနော့
လက်တွဲခေါ်ကာ၊ ဖော်မပါဘူး
ဥစ္စာချည်းနှီး၊ ကိုယ်ထီးတည်း။

× ပြန်သွားတော့လည်း၊ တစ်ယောက်တည်းနော့
လက်တွဲခေါ်ကာ၊ ဖော်မပါဘူး
ဥစ္စာချည်းနှီး၊ ကိုယ်ထီးတည်း။

× လာပြီးတော့နား၊
မသွားသေးခင်၊ ချိန်လေးတင်မှ

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်ယှက်နွယ်၊ နှောင်ကြိုးတွယ်ကြ
ပြုံးရယ်မဲ့ငို၊ ချစ်မုန်းပိုကြ
မလိုအေါ်သ၊ လိုလောဘနှင့်
ဘဝရိပ်မြုံ၊ ကကြိုးစုံခဲ့။
ကံကုန်မိုးချုပ်၊ လက်တွဲဖြုတ်ကာ
သုတ်သုတ်ဆောလျှင်၊ ခရီးနှင်သည်
တို့လျှင် ညှို့သည်ပါတကား။ ။

ဟူသော သံဝေဂရဖွယ် ကဗျာကောင်းတစ်ပုဒ်ဖြစ်သည်။

"ညှို့သည်" ဟူသော ခေါင်းစဉ်ဖြင့်ပင် ကဗျာဆရာ ဗန်းမော်ရွှေညို(ဦးမြအုန်း)ကလည်း ရေးဖွဲ့ခဲ့ဖူးသည်။

✵ မင်းတို့လာလည်း
ငါမှာတားခွင့်မရှိပါ။
မင်းတို့သွားလည်း
ဟန့်တားပိုင်ခွင့်မရှိပါ။ ။

ဟူသော ကဗျာဖြစ်သည်။

ဆရာ ဗန်းမော်ရွှေညိုသည် ဤညှို့သည်ကဗျာကို မည်သည့်နှစ်တွင် ရေးဖွဲ့ခဲ့ကြောင်း အထောက်အထား မတွေ့သေးပေ။ ၂၀၀၁ ခုနှစ်ကပင် ရဟန်းဘဝဖြင့် ပျံလွန်တော်မူသွားပြီဟု သိရသည်။

ယပ်တောင်ပေါ်မှ ညှို့သည်ကဗျာနှင့် ဝိတ်သက်၍ ဤကဗျာနှစ်ပုဒ်ကို ယှဉ်ကြည့်သောအခါ **ဆရာ ဗန်းမော်ရွှေညို၏ ညှို့သည် ကဗျာမဟုတ်ကြောင်း** ထင်ရှားသည်။ သို့ဆိုပါလျှင် ကဗျာရှင်

www.burmeseclassic.com

www.burmeseclassic.com



အမည်မဖော်ဘဲ နှစ်ပေါင်းများစွာကပင် လုပ်ငန်းရှင်များ အသုံးပြုလာခဲ့သော ညှော့သည်ကဗျာ၏ မူရင်းစာဆိုသည် မည်သူနည်း။

ယပ်တောင်ပေါ်မှ "ညှော့သည်" ကဗျာပိုင်ရှင်အစစ်သည် အရှင်ဇာဂရိယဖြစ်သည်။ (အခြားဆောင်းပါးတစ်ပုဒ်တွင် တွေ့ရသကဲ့သို့ ရှင်ဇဝနမဟုတ်ပါ။) မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်ဇာတိ၊ ယောနယ်သားဖြစ်သည်။

၁၉၇၉ခုနှစ်တွင် အလုံ၊ အောင်မင်္ဂလာတိုက်သစ်၌ အရှင်ဇာဂရိယနှင့် အနီးကပ်နေခွင့်ရခဲ့ဖူးသော စာရေးဆရာဆလိုင်းရွှေလင်းက ယပ်တောင်ပေါ်မှ ညှော့သည်ကဗျာရေးသူအစစ်ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့ဖူးသည်။ ထိုစဉ်က နာယကဂိုဏ်းအတွက် ဆွမ်းခံကြရသော ဓမ္မာစရိယတန်း စာသင်သားများတွင် ဦးတိဿလည်း တစ်ပါးအပါအဝင်ဖြစ်သည်။ ၁၉၇၉ ခုနှစ်မှာပင် ဦးတိဿသည် အစာအိမ်ရောဂါဖြင့် ရုတ်တရက်ပျံလွန်သွားသည်။ ကျောင်းတိုက်ရှိ ဆရာတော်များ စာသင်သားများနှင့် ဒကာ ဒကာမအပေါင်း နှမြောတသမိကြသည်။

သံဝေဂဉာဏ်ဖြစ်ပေါ်မိသူများအနက် စာချနာယကဆရာတော်တစ်ပါးဖြစ်သူ အရှင်ဇာဂရိယသည် မိမိ၏တပည့်ကြီးအတွက် သံဝေဂကဗျာသုံးပုဒ် စပ်ဆိုခဲ့သည်။

ယပ်တောင်များ မှာယူစေသည်။

ထိုကဗျာများကို ယပ်တောင်များပေါ်တွင် ကပ်သည်။။

သီးခြားစာရွက်ဖြင့်လည်း ဝေငှခဲ့သည်။

အရှင်ဇာဂရိယရေးဖွဲ့ခဲ့သော သံဝေဂကဗျာသုံးပုဒ်တွင် ယနေ့ယပ်တောင်ပေါ်ရောက်နေသော ပိုင်ရှင်မဲ့ "ညှော့သည်" ကဗျာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဝါဝင်ခဲ့သည်။ အရှင်ဇာဂရိယရေးဖွဲ့ခဲ့သော ညွှန့်သည်ကဗျာ သက်တမ်း
သည် ၂၀၀၈ခုနှစ်တွင် ၁၉နှစ်တင်းတင်းပြည့်ခဲ့ပြီဖြစ်သည်။

အလျှဉ်းသင့်၍ ခေတ်ဟောင်းလက်ရာ၊ ခေတ်သစ်လက်
ဟူ၍ နှောင်းလူတို့ အငြင်းပွားခဲ့သည့် အသုဘာယပ်တောင်ပေါ်မှ သံ
ကဗျာတစ်ပုဒ်ရှိသေးသည်။

တစ်နေကွယ်၊
သေနယ်သို့တစ်ခါကူး၊
မေ့လျော့ကာ၊ သေဘူးမထင်ပါနဲ့
နေကွယ်တာအချိန်များရင်ဖြင့်
သေနယ်ရွာ၊ တစ်ကြိမ်သွားရမယ်
တားမရဘူး။ ။

ဟူသော ကဗျာဖြစ်ပါ၏။ BURMESE CLASSIC

ကင်းဝန်မင်းကြီး ဦးကောင်း သံဝေဂရရှိစေရန် လယ်
ဆရာတော် ရှင်ဉာဏဓဇ(မြန်မာသက္ကရာဇ် ၁၂၀၈-၁၂၈၅) ရေး
သတိပေးသော အဖိုးတန်လက်ရာ ဒွေးချိုးသာလျှင် ဖြစ်ပါ၏။

✦ ✦ ✦

မိုးတိမ်မောင်သခင်

www.burmeseclassic.com

www.burmeseclassic.com

# အဝိကမိုငြမ်းကိုးကားသောစာအုပ်စာတမ်းများ

၁။ မောင်ဘုရှင်၏ "မြတ်ဘုရားရွှေတိဂုံ"စာအုပ်နှင့် ရွှေတိဂုံစေတီလေ့လာရေးခရီးစဉ်များ၊ သမိုင်းမှတ်တမ်းများ၊ ရန်ကုန်မြို့သမိုင်းများ

၂။ သတင်းစာဆရာကြီးဦးသိမ်းမောင်၏ ပုဂံနှင့်ပတ်သက်၍လေ့လာဆန်းစစ်ချက်စာအုပ်စာတမ်းများ

၃။ မင်းဘူးအောင်ကြိုင်၏ "ပုဂံခေတ်ဝိသုကာလက်ရာ"

၄။ မွန်ပိုကော၏ "ပုဂံလမ်းညွှန်"

၅။ စာရေးသူ၏လုပ်ငန်းခွင်အတွေ့အကြုံများ၊ သမိုင်းအထောက်အထားခရီးစဉ်များ

၆။ ဟံသာဝတီဦးဘရင်၏ "ဦးဘရင်"စာအုပ်ပါစံပဲအကြောင်းကိုယ်တွေ့အချက်အလက်များ

၇။ သွေးသောက်ပြည့်စုံ၏ "ကျွန်တော့်ဇာတ်လိုက်ချစ်ဖွေကြီး"စာအုပ်ပါရဲခေါင် ချစ်ဖွေကြီး၏ ဖွားမြင်အကြောင်းအချက်များ

၈။ လူထုဦးလှ၏ "သတင်းစာများကပြောပြတဲ့စစ်အတွင်းမြန်မာပြည်"စာအုပ်ပါ ရန်ကုန်ပုံးအတော်အကြောင်းများ၊ °သိမ်မှူးကြီးဗထူးကွယ်လွန်ပုံ

၉။ မြန်မာ့စွယ်စုံကျမ်းမျ

BURMESE CLASSIC

၁၀။ ဦးလေးမောင်၏ မြန်မ . . . ာသမိုင်းပါဆရာတော်ဦးဝိစာရ၏နောက်ဆုံးအချိန်

၁၁။ ကသာကံချက်၏ "ငေါင်းသတ္တဝါ" ဆောင်းပါး (တဗတ်ပရိသတ်တစ်ဦးထံမှမိတ္တူကူးယူ၍ချက်)

၁၂။ ဆလိုင်းထွေလင်း၏ "ဗေဒသည်ကမ္ဘာ(၂)ပုဒ်"စာအုပ်ငယ်မှ တဗတ်ပရိသတ်တစ်ဦးမိတ္တူကူးယူ၍ချက်

၁၃။ အခြေပြုမြန်မာ့နိုင်ငံရေးသမိုင်း (ပ)၊ (သမိုင်းဦးခေတ်)

၁၄။ အောင်စိုး (တိရစ္ဆာန်ဆေးကု)၏ "မြန်မာ့ဆင်"

၁၅။ စစ်ကြိုခေတ်၊ စစ်ပြီးခေတ် အင်္ဂလိပ် မြန်မာ သတင်းစာများ

၁၆။ "အနှစ် ၁၀၀ပြည့် မန္တလေး" (ရွှေကိုင်းသား)

၁၇။ The Illustrated London News (vol.1, No.25, 19 march 1887 မှ ဆာဗရက်ဒရုစ်မန္တလေးခရီးစဉ်ဓာတ်ပုံ

www.burmeseclassic.com